www.dhammaransi.com



# ဘုံဘဝ

## ပုံပြတရားတော်

ဦးနန္ဒ | ဝိဇ္ဇာဂုဏ်ထူး | ဒီဂျေ

၉၂

www.dhammaransi.com

တတိယအကြိမ်
၁၉၈၂–ခုနှစ်၊ ဒီဇင်ဘာလ၊ အုပ်ရေ [၃၅၀၀]
မျက်နှာဖုံး ပန်းချီနှင့် အတွင်းသရုပ်ဖော် ပန်းချီများ
ပန်းချီဆရာကြီး–ဦးကိုလေး။
ဘလောက် လွှင် နှင့် ရွှေရေး

မျက်နှာဖုံးရိုက်–မျိုးညွန့်

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ် [၁၁၆၉]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [၁၂၃၈]

တန်ဖိုး ၁၂-ကျပ်

ထုတ်ဝေသူ။ ။ဦးနန္ဒ (၀၂၅၄၅)၊ မော်ကွန်းသစ်စာပေ၊ အမှတ် ၁၆၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဒေါ်တီ (မြဲ-၀၁၂၆၁)၊ မျိုးညွန့်စာပုံနှိပ်တိုက်၊ အမှတ် ၃၈၊ ၈၇ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

www.dhammaransi.com

သီရိရတနာစာပေတိုက်

၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့

www.dhammaransi.com

၅၈ ၂၄၄

ဦးနန္ဒ၊ ဝိဇ္ဇာ (ဂုဏ်ထူး)၊ ဒီရေ

# ဘုံဘဝ

## ပုံပြတရားတော်

သီရိရတနာ စာပေတိုက်
၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ပညာအလင်း [illegible]
၁၃၀၊ [illegible]
ဖုန်း-၉၀၉၂၇

www.dhammaransi.com

# ‘ဘုံဘဝ ပုံပြ တရားတော်’

## ပဋ္ဌ ပကာ ာမ

မဟာပညံ မဟာတေဇံ၊ နာထံ ဇိနံ ဒယံ စရံ။
ကောရဏံ သိရိပုဏ္ဏံ၊ ဝန္ဒေ တံ သိရသာ မဟံ။

မဟာပညံ၊ မြေ ရေ လေထု ပမာပြုလည်း နှိုင်းရှုမမြင် သို့လောက်စင်အောင် မယှဉ်သာသောပညာလည်း ရှိတော်မူပေထသော။ မဟာတေဇံ၊ သတ္တောကာသ သင်္ခါရဟု လောကသုံးတတ်လုံး ပဲ့ဘင်ချုန်းမျှ ဆုံ့ဆမမြင် သို့လောက်စင်အောင် မယှဉ်သာသောတန်ခိုးလည်း ရှိတော်မူပေထသော။ နာထံ၊ ဗြဟ္မာ နတ်လူ သုံးရပ်သူတို့ ကြည်ဖြူခစား ဦးညွတ်တွားလျက် အားထားရာလည်း ဖြစ်တော်မူပေထသော။ ဇိနံ၊ ဒေဝပုတ္တ ကိလေသနှင့် စသည့်ငါးရပ်

www.dhammaransi.com

မာရ်စစ်တပ်ကို နှတ်လူဖြုပ်မ္မ၁ မကူပါပဲ ပါရမီကျော် မင်္ဂသန်လျက်ဖြင့် ယယ်ဖျက်ဖြတ်လှီး အောင်ခြင်းကြီး အောင်မြင်တော်မူပေထသော။ ဒယံ၊ ရင်သွေးရာဟု ပမာပြုလျက် မဟာကရုဏာမတော် လွန်ကြီးမြတ်သဖြင့် သတ္တဝါအများ သုံးတိုက်သားတို့၌ သနားကြင်နာတော်မူပေထသော။ ဓရံ၊ ရှစ်ပါးမဂ္ဂင် သဘောဝယာဉ်ဖြင့် အမျှင်မပြတ် ဆက်စပ်ဖြစ်ချုပ် နာမ်ရုပ်နှစ်ဝ ဒုက္ခကုန်ခန်း နိဗ္ဗာန်နန်းသို့ ပို့မြန်းဆောင်ယူတော်မူပေထသော။ ကေရာဇံ၊ ဇာတိအာဏာ ဝိသယာဟု သုံးဖြာခေတ်တွင်း ပြိုင်ဘက်ကင်းသဖြင့် မင်းတဆူလည်း ဖြစ်တော်မူပေထသော။ သိရိပုဏ္ဏံ၊ သုံးဆယ့်နှစ်ဖြာ လက္ခဏာနှင့် ခြောက်ဖြာရောင်ခြည် ကွန့်မြူးလည်သဖြင့် ထိန်ကြည်ပြက်သန်း သော်တာစန်းတို့တက် အဆန်းတကြယ် တင့်တယ်ပြည့်စုံကျက်သရေဂုဏ်လည်း ရှိတော်မူပေထသော။ တံ၊ ထိုဆိုအပ်ခဲ့ပြီး ဂုဏ်တော်ကြီးတို့ကြောင့် အံ့ချီးမကုန် အလုံးစုံပင် သုံးဘုံထင်ရှား ရှင်တော်မြတ်ဘုရားကို။ အဟံ၊ ဒေဝမနုဿ နိရယနှင့် ပေတတိရစ္ဆာန ဘုံဘဝကို ပုံပြရေးပည် စိတ်ကရည်၍ ကြံစည်အားထုတ် အကျွန်ုပ်သည်။ သိသာရ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိသေမြတ်နိုး မာန်ညွတ်ကျိုးလျက် ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။ ။

www.dhammaransi.com

## ''ဘုံဘဝ ပုံပြတရားတော်''

သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရား သခင်ဟာ သာဝတ္ထိပြည်မှာ ဇေတဝန်ရှောင် မောင်း သဒ္ဒေးကျောင်းမှာ ကိန်းအောင်းမွေ့လျော် သီတင်းသုံး စံနေတော်မူပါတယ်။

အဲဒီ အချိန်အခါမှာ သာဝတ္ထိပြည်သူ ရဟန်းရှင်လူ အပေါင်းတို့ဟာ ဘုရားရှင်ဟောကြား တော်မူတဲ့ တရားဒေသနာတော်များကို ကြားနာကြရပြီး၊ ''ဤကားကုသိုလ်, အကုသိုလ်နှင့်, ထိုထို ဘုံဘဝ'' ဟူသမျှတို့ကို သိရှိခဲ့ကြရပါတော့တယ်။

ဒါကြောင့် သတိသံဝေဂတွေ ကြီးစွာဖြစ်ကြပြီး ဒါနတွေပြုကြ၊ သီလတွေဆောက်တည်ကြ၊ ကမ္မဋ္ဌာန်းဘာဝနာတွေ ပွားများခဲ့ကြကာ၊ ထိုထိုသော ဘုံဘဝတို့မှ ကျွတ်လွတ်ကြရန် ရည်သန် ကြိုးကုတ် အားထုတ်ခဲ့ကြရပါတော့တယ်။

### လိစ္ဆဝီမင်း အယူယွင်း

ဒါပေမယ့် အဲဒီအချိန်အခါမှာ ဝေသာလီပြည်ကို မင်းလုပ် အုပ်ချုပ်နေတဲ့ အနုသက္ကရဆိုတဲ့ လိစ္ဆဝီမင်းကတော့ နတ္ထိကမိစ္ဆာ အယူဝါဒကို ယူသားလျက် ရှိနေပါတယ်။ သူ့ အယူအဆက ''၃၁ ဘုံဆိုတာ မရှိဘူး၊ ''ကံ, ကံ၏အကျိုးဆိုတာ မရှိဘူး၊ ကုသိုလ်, အကုသိုလ်ဆိုတာ မရှိဘူး၊ တမလွန်လောကဆိုတာ မရှိဘူး'' ဆိုတဲ့ အယူ ဖြစ်ပါတယ်။

www.dhammaransi.com



အဲဒီ လိစ္ဆဝီမင်းလက်ထက် ဝေသာလီပြည်မှာ ကုန်သည်တဦးနဲ့ သူ့ရဲ့တူဖြစ်သူတို့ဟာ ခိုးမှုတခုနဲ့ ပတ်သက်ပြီး၊ ကုန်သည်က ခေါင်းဖြတ်အသတ်ခံရပါတယ်။ သူ့တူကတော့ ကားစင်တင်ကာ တံကျင်လျှိုခံရပါတယ်။ အသတ်ခံရတဲ့ ကုန်သည်ဟာ ဘုမ္မစိုးနတ်ကြီး ဖြစ်သွားပြီး ကားစင်တင်ခံနေရတဲ့ သူ့တူထံသို့ ညသန်းခေါင်ယံမှာ လာလေ့ရှိပါတယ်။


အဲဒီအချိန်မှာ လိစ္ဆဝီမင်းဟာ လင်ရှိမိန်းမတဦးကို လိုချင်တာနဲ့ ထိုမိန်းမရဲ့ လင်ယောကျ်ားဖြစ်သူကို သေစေဖို့ ဘီလူးစောင့်တဲ့ ရေကန်မှ ကြာပန်းနဲ့ မြေကြက်တို့ကို နေ့ချင်းပြန် အယူခိုင်းပါတယ်။ နေမဝင်ခင် ပြန်လာရမယ်။ ပြန်မလာနိုင်ယင် သေဒဏ်ပေးမယ်လို့လဲ အမိန့် ပေးထားပါတယ်။

အဲဒီယောကျ်ားလဲ ဘီလူးစောင့်တဲ့ရေကန်မှ ကြာပန်းနဲ့ မြေကြက်တို့ကို ကံအားလျော်စွာ ရရှိခဲ့ပြီး နေမဝင်ခင်ပြန်လာနိုင်ပါတယ်။ ဒါပေမယ့် ဘုရင့်အမိန့်နဲ့ မြို့တံခါးအားလုံး ပိတ်ထားလို့ မြို့တွင်းမဝင်နိုင်ပဲ၊ မြို့အပြင်မှာပဲ တဝဲလည်လည် ဖြစ်နေရရှာပါတယ်။

အဲဒီအချိန်မှာ မြို့ပြင်မှာ ခိုးမှုနဲ့ ကားစင်တင်ခံထားရတဲ့ ကုန်သည်ရဲ့တူကို တွေ့ရှိရတဲ့အခါ "နေမဝင်ခင် သူပြန်လာနိုင်ကြောင်း" သူ့ဘက်က သက်သေလိုက်ဖို့ ပြောပါတယ်။ ဒီအခါ ကားစင်တင်ခံထားရတဲ့သူက မိမိမှာ သေအံ့သဲသဲရှိပါတယ်။ သက်သေလိုက်ရန် မဖြစ်နိုင်ပါ။ သက်သေ လိုချင်

[၁] ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည်သူ ရဟန်းရှင် လူအပေါင်းတို့အား တရားဓမ္မရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူနေပုံ။

www.dhammaransi.com



www.dhammaransi.com



ယင် သူ့ထံသို့ ညအခါ လာလေ့ရှိတဲ့ ဘုမ္မစိုးနတ်ကြီးကို သက်သေထားပါလို့ပြောဆိုပါတယ်။ ဒါနဲ့ ထိုယောကျ်ားလဲ ညသန်းခေါင်ယံအချိန်အထိ ဘုမ္မစိုးနတ်ကြီးအလာကို စောင့်တွေ့ပြီး သက်သေထားခဲ့ပါတယ်။

နံနက်လင်းတော့ လိစ္ဆဝီမင်းအား အကြောင်းစုံလျှောက်ထားတဲ့အခါ နတ်ိကမိစ္ဆာအယူဝါဒရှိတဲ့ လိစ္ဆဝီမင်းဟာ မယုံကြည်နိုင်အောင် ဖြစ်နေပါတယ်။ ဒါနဲ့ ညအခါ မြို့အပြင်သို့ သူကိုယ်တိုင်ထွက်ပြီး စုံစမ်းတဲ့အနေနဲ့ ဘုမ္မစိုးနတ်ကြီးကို စောင့်တွေ့ပါတယ်။

ဘုမ္မစိုးနတ်ကြီးဟာ ညသန်းခေါင်ယံ ရောက်တဲ့အခါ ခိုးမှုနဲ့ကားစင်တင် ခံထားရတဲ့ သူ့တူထံသို့လာပြီး "အမောင်၊ အသက်ရှင်အောင် ကြိုးစားနေပါ။ သင့်အဖို့ အသက်ရှင်ရတာက သေရတာထက် မြတ်ပါတယ်" လို့ ပြောဆိုပါတယ်။

ထူးခြားတာက ဘုမ္မစိုးနတ်ကြီးဟာ တကိုယ်လုံး မွေးပွံ့နေပြီး မနော၁၀ မြင်းဖြူကြီးကို စီးလျက် ရှိပါတယ်။ ကိုယ်အဆင်းလဲ ရွှေရောင်ဝင်းပြီး တင့်တယ်ပါတယ်။ ဒါပေမယ့် ကိုယ်မှာ အဝတ်တစုံတရာ မပါရှိပဲ ကိုယ်တုံးလုံးကြီး ဖြစ်နေပါသတဲ့။

လိစ္ဆဝီမင်းက ဘုမ္မစိုးနတ်ကြီးအား "သင် ဘယ်သူလဲ၊ ရာဇဝတ်သားထံ ဘာကြောင့်လာပြီး ဒီလိုပြောရတာလဲ" လို့ မေးပါတယ်။ ဒီအခါ နတ်ကြီးက "ငါဟာ ဘုမ္မစိုးနတ်ကြီး ဖြစ်တယ်။

[၂] ကိုယ်လုံးတီးနတ်ကြီး နတ္ထိကမိစ္ဆာအယူဝါဒရှိသူ လိစ္ဆဝီမင်းအား အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း ပြောကြားခန်း။

www.dhammaransi.com



www.dhammaransi.com



ဤသူဟာ ရှေးဘ၀က ငါ့တူဖြစ်တယ်။ ခိုးယူခြင်းတည်းဟူသော မကောင်းမှုကို ပြုခဲ့တဲ့ အတွက် သူဟာ ဤဘဝမှသေယင် ငရဲ၌ဖြစ်ရလိမ့်မယ်။ ငရဲ၌ ဆင်းရဲခံရခြင်းယက် တံကျင်လျှိုလျက်အသက် ရှင်နေရခြင်းက မြတ်ပါတယ်လို့ ငါဆိုခြင်းဖြစ်တယ်''လို့ ပြန်ကြား ပြောဆိုပါကယ်။

အဲဒီနောက် လိစ္ဆဝီမင်းက ''သင်ဟာ မြင်းဖြူကြီးကို ဘာကြောင့်စီးရပါသလဲ။တကိုယ်လုံး မွှေးပျံ့ပြီး ဘာကြောင့် ကိုယ်ရောင်အဆင်း လှပရပါသလဲ''လို့ မေးတဲ့အခါ၊ နတ်ကြီးက''ငါဟာ ယခင်လူ့ဘဝက ဝေသာလီပြည်မှာ ကုန်သည်တဦး ဖြစ်ခဲ့တယ်။ ကိုယ်ကျင့်တရား ကောင်းပြီး အပြောအဆို နူးညံ့သိမ်မွေ့ခဲ့တယ်။ ဒေါသနည်းပြီး သူတပါးရဲ့ဂုဏ်ကျေးဇူးကိုသိမှတ်မှန် ကန်ကန်ပြော ဆိုလေ့ရှိခဲ့တယ်။ ဈေးအနီး လူသွားလမ်းပေါ်ရှိ နွားဗွက်အိုင်မှာ အနံ့အသက်ပျောက် ဖြူစင်တဲ့နွား ခေါင်းရိုးနဲ့ တံတားထိုးပြီး ကုသိုလ်ကောင်းမှု ပြုခဲ့တယ်။ ဒါကြောင့် မြင်းဖြူကြီးကို စီးရပြီး ကိုယ် အဆင်း လှပမွှေးပျံ့ရခြင်း ဖြစ်တယ်''လို့ ပြန်ကြားပြောဆိုပါတယ်။

ဒီအခါ လိစ္ဆဝီမင်းက''သင်ဟာနတ်ကြီးတပါးဆိုပါလျက်နဲ့ ဘာကြောင့်အဝတ်မပါ ဗလာ ကိုယ်ထီးကြီး ဖြစ်နေရတာပါလဲ''လို့ မေးတဲ့အခါ နတ်ကြီးက''ငါဟာ ယခင်လူ့ဘဝက ရေဆိပ်မှာ သူငယ်ချင်းများရဲ့ ပုဆိုးအဝတ်များကို ကျီစယ်လိုတဲ့စိတ်နဲ့ နောက်ပြောင် ခိုးဝှက်ခဲ့တယ်၊ သူတပါး စိတ်ဆင်းပန်း မချမ်းသာအောင် ပြုမူမိခဲ့တယ်။နောက်ပြောင်လို့အားရမှ အဝတ်အစားတွေကိုပြန်ပေး

www.dhammaransi.com



ခဲ့တယ်။ အဲဒီလို နောက်ပြောင်ခိုးယူတဲ့ အကုသိုလ်ကံကြောင့် အဝတ်မဝတ်ရပဲ ကိုယ်လုံးတီးကြီး ဖြစ်ရပါဘယ်''လို့ ပြန်ကြားပြောဆိုပါတယ်။

အဲဒီနောက် ဘုမ္မစိုးနတ်ကြီးက ဆက်လက်ပြီး အကုသိုလ်ကံကြောင့် ငရဲကျရပုံ၊ ကုသိုလ်ကံကြောင့် နတ်ပြည်ရောက်ရပုံတို့ကို ရှင်းလင်းပြောဆိုပါဘယ်။ ဒီအခါ လိစ္ဆဝီမင်းက လက်တွေ့မမြင်ရသေးလို့ မယုံကြည်နိုင်ဘူးလို့ ဆိုပါတယ်။ အဲဒီနောက် ဘုမ္မစိုးနတ်ကြီးရဲ့ ညွှန်ကြားချက်အရ လိစ္ဆဝီမင်းဟာ အရှင်ကပ္ပိတက မထေရ်ထံသို့သွားပြီး သင်္ကန်းများကိုလှူကာ နတ်ကြီးအား ကုသိုလ်အဖို့ကို အမျှပေးဝေပါတယ်။ အမျှပေးဝေလိုက်တယ် ဆိုယင်ပဲ ဘုမ္မစိုးနတ်ကြီးဟာ ထိုကုသိုလ်အဖို့ကို အမျှရရှိပြီး နတ်ဝတ်တန်ဆာများ ဆင်ယင်ကာ ရောက်ရှိလာပါတယ်။ ဒီတော့မှပဲ လိစ္ဆဝီမင်းဟာ ကံ့,ကံ၏ အကျိုးရှိပုံကို လက်တွေ့တွေ့မြင်လိုက်ရပြီး ယုံကြည်သွားခဲ့ပါတော့တယ်။

အဲဒီနောက် အမ္ဗသက္ကရလိစ္ဆဝီမင်းဟာ အရှင်ကပ္ပိတကမထေရ်ထံမှာ သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူပါတယ်။ တရားအားထုတ်တဲ့အတွက် သောတာပန် ဖြစ်ခဲ့ရပါတယ်။ ကားစင်မှာ တံကျင်လျှိုခံရတဲ့သူလဲ အမှုမှလွတ်ပြီး ကျွန်းမာအောင် ဆေးကုသပါတယ်။ ကျန်းမာလာတဲ့အခါ သံဝေဂဉာဏ် ကြီးစွာရပြီး ရဟန်းဝတ်ပါတယ်။ တရားအလုပ် ကြိုးစားအားထုတ်တဲ့အတွက် သူလဲ ရဟန္တာဖြစ်သွားခဲ့ရပါတယ်။ [ပေတဝတ္ထု-အဋ္ဌကထာ။]

www.dhammaransi.com


## ရှေးဦးမရှေးဖျား အလေးထား

ဒီနေရာမှာ အထက်ဖော်ပြပါ "အမ္ဗသက္ကရပေတဝတ္ထု" ကို ရှေးဦးရှေးဖျား အလေးထားပြီး တင်ပြလိုက်ရတာကတော့....

ကံ ကံ၏အကျိုးကို မယုံကြည်ကြတဲ့ သူတွေ၊ နတ်ပြည် ငရဲပြည်ရှိတယ်ဆိုတာကို မယုံကြည်ကြတဲ့သူတွေ၊ နောင်ဘဝဆိုတာ မရှိဘူးလို့ ပြောဆိုနေကြတဲ့ သူတွေဟာ ယခုခေတ်မှာမှ ရှိကြတာမဟုတ်ပါဘူး။ ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် အမ္ဗသက္ကရ လိစ္ဆဝီမင်းတို့လို နတ္ထိက မိစ္ဆာအယူအဆသမားတွေဟာ အများအပြား ရှိခဲ့ကြပါတယ်ဆိုတာကို သိစေလိုတဲ့ ရည်ရွယ်ချက်နဲ့ဖော်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

ဘုရားရှင်လက်ထက်တော် အခါတုန်းက တန်ခိုးအရာမှာ ဧတဒဂ်ထားတော်မူခဲ့ရတဲ့ အရှင်မဟာမောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးဟာ နတ်ပြည်သို့ တန်ခိုးဖြင့် မှုံဖန်ရံခါ ကြွ၍လည်းကောင်း၊ ရံဖန်ရံခါ ငရဲပြည်သို့ ကြွ၍လည်းကောင်း၊ နတ်ပြည်အကြောင်း ငရဲပြည်အကြောင်းတို့ကို လူသားများအား ပြန်လည် ဟောကြားလေ့ ရှိတော်မူခဲ့ပါတယ်။ တစ္ဆေသရဲလို့ လူတွေ ပြောဆိုနေကြတဲ့ ပြိတ္တာများရဲ့ အကြောင်းများကိုလဲ ရံဖန်ရံခါ ဟောကြားတော်မူလေ့ရှိခဲ့ပါတယ်။

ဒါပေမယ့် နတ်ပြည်ငရဲပြည်တို့ကို မယုံကြည်ကြတဲ့သူတွေ၊ ကံ ကံ၏အကျိုးနဲ့ တမလွန်ဘဝကို မယုံကြည်ကြတဲ့သူတွေဟာ ရှိမြဲရှိနေကြသေးတာပါပဲ။

www.dhammaransi.com



ဗုဒ္ဓဘာသာဝင် အစစ်အမှန်ဆိုယင်တော့ ဘုရားစကား၊ ရဟန္တာများရဲ့ စကားကို ခြွင်းချက်မရှိ ယုံကြည်ကြရမှာ အမှန်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားစကား၊ ရဟန္တာများရဲ့စကားဆိုတာ လွဲမှားရိုးထုံးစံမရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

## လောကသုံးပါး ဟောမိန့်ကြား

### (သတ္တ လောက)

ဗုဒ္ဓရှင်တော်မြတ်ဘုရားက လောကသုံးပါးအကြောင်းများကို ထင်ရှားစွာ ဟောကြားတော်မူခဲ့ပါတယ်။ ဗုဒ္ဓဘုရားရှင် ပွင့်တော်မမူမီခင်ကဆိုယင် သက်ရှိ သတ္တဝါဆိုတာ လူနဲ့ တိရစ္ဆာန်တွေ လောက်ပဲရှိတယ်လို့ ယူဆခဲ့ကြပါတယ်။ ဘုရားရှင်ပွင့်တော်မူပြီး ဟောဖော်ညွှန်ပြတဲ့အတွက်ကြောင့် လူနဲ့တိရစ္ဆာန်တို့သာမက ငရဲသတ္တဝါများ၊ ပြိတ္တာများ၊ နတ်ဗြဟ္မာများလဲ ရှိကြသေးကြောင်း သိရှိကြရပါတော့တယ်။

ဒါကတော့ သက်ရှိသတ္တဝါတွေရှိနေကြတဲ့ "သတ္တလောက"ကြီးရဲ့အကြောင်းကို ကောင်းစွာ သိမြင်နိုင်ခွင့် ရရှိကြခြင်း ဖြစ်ပါတော့တယ်။

### (ဩကာသ လောက)

သက်ရှိသက်မဲ့တွေရဲ့ တည်ရာမှီရာဖြစ်တဲ့ ကမ္ဘာလောကကြီးကို "ဩကာသလောက" လို့ ခေါ်ပါတယ်။ ဘုရားရှင်ပွင့်တော်မမူမီခင်ကဆိုယင် မျက်မြင် ကမ္ဘာလောကလောက်သာ တွေ့မြင်ခဲ့ကြရပါတယ်။

ဘုရားရှင်ပွင့်တော်မူပြီး ဟောဖော်ညွှန်ပြတဲ့အတွက် ကျွန်ုပ်တို့ ကမ္ဘာလောကကဲ့သို့ သက်ရှိသတ္တဝါတွေနဲ့တကွ ဖြစ်တဲ့ ကမ္ဘာလောကတွေဟာ မရေမတွက် နိုင်လောက်အောင်ပင် ရှိကြသေးကြောင်း သိမြင်နိုင်ခွင့် ရရှိကြရပါတော့တယ်။

(သဒ္ဒါရ လောက)

ဘုရားရှင် မပွင့်ပေါ်မီခင်က ဆိုယင် သက်ရှိသတ္တဝါတွေကို အတ္တ (အသက်ကောင်) လို့ ထင်မှတ်ခဲ့ကြပါတယ်။ ငါ၊ သူတပါးတွေရယ်လို့ ယူဆခဲ့ကြပါတယ်။ သက်မဲ့ အရာဝတ္ထုတွေကိုလဲ အကောင်အထည် အစိုးအခဲရယ်လို့ ထင်မှတ်ခဲ့ကြပါတယ်။

ဗုဒ္ဓဘုရားရှင် ပွင့်တော်မူပြီး ဟောဖော်ညွှန်ပြတဲ့ အတွက်ကြောင့် သက်ရှိသတ္တဝါဆိုတာ အကြောင်းအားလျော်စွာ ပေါင်းစပ်နေတဲ့ နာမ် နှင့် ရုပ်တွေသာ ဖြစ်တယ်။ သက်မဲ့ ဖြစ်ကြတဲ့ တော,တောင်,ရေ,မြေ,ဝတ္ထု ပစ္စည်းတွေဟာလဲ အကြောင်းအားလျော်စွာ ဆက်ကာဆက်ကာ ဖြစ်နေကြတဲ့ ရုပ်ကလာပ် အမှုန့်တွေသာ ဖြစ်ကြတယ်။ အတ္တ မရှိ၊ သူ မရှိ၊ ငါမရှိတဲ့ သဒ္ဒါရလောက အစစ်အမှန်သာ ဖြစ်ကာယ်လို့ သိမြင်နိုင်ခွင့် ရရှိကြရပါတော့တယ်။

ပရလောက ဟောညွှန်ပြ

ဗုဒ္ဓဘုရားရှင် ပွင့်ပေါ်တော်မမူမီခင်ကဆိုယင် သတ္တဝါတို့ သေလျှင် နောက်ထပ် ဘဝသစ် ဖြစ်သေးသလား၊ ဘဝသစ် မဖြစ်တော့ဘူးလား ဆိုတာကို ပိုင်ပိုင်နိုင်နိုင် မသိမြင် နိုင်ကြပါဘူး။ ဇဝေဇဝါ ဟောပြောနေကြတာတွေသာ များပြားပါတယ်။

www.dhammaransi.com



ဘုရားရှင် ပွင့်တော်မူပြီး ဟောဖော်ညွှန်ပြတဲ့အခါကျတော့မှ သတ္တဝါ သေလျှင် နောက်နောက် ဘဝ ဘဝတွေ ရှိနိုင်သေးကြောင်း၊ အဝိဇ္ဇာနဲ့တဏှာ ကုန်ခန်းပြီး ရဟန္တာဖြစ်မှသာ နောက်ဘဝ မရှိတော့ကြောင်း သိရှိကြရပါတော့တယ်။

## လားရာဂတိ ငါးပါးရှိ

သတ္တဝါတို့ သေပြီးတဲ့နောက် ရောက်အပ်သောဘဝကို "ဂတိ" လို့ ခေါ်ပါတယ်။ အဲဒီ ဂတိတွေကတော့ ၁။ နိရယဂတိ-ငရဲဘုံဘဝ။ ၂။ ပေတဂတိ-ပြိတ္တာဘုံဘဝ။ ၃။ တိရစ္ဆာနဂတိ-တိရစ္ဆာန်ဘုံဘဝ။ ၄။ မနုဿဂတိ-လူ့ဘုံဘဝနဲ့၊ ၅။ ဒေဝဂတိ-နတ်ပြဟ္မာဘုံဘဝ ဆိုတဲ့ "လားရာဂတိ ငါးပါး" ရှိပါတယ်။

ဒါကြောင့်....

ဒေဝ မနုဿ၊ နိရယ၊ ပေတ တိရစ္ဆာ။

လားရာဂတိ၊ ငါးပါးရှိ၊ မှတ်သိ လူဗိုလ်ပါ။ ငယ်လို့ ဆောင်ပုဒ်ကဗျာများပင် ရေးစီထားကြပါတယ်။

## ဘဝအသစ် ဖြစ်ပြီးဖြစ်

သတ္တဝါတွေဟာ ၃၁-ဘုံ [ငရဲ ၄-ဘုံ၊ လူ့ဘုံ ၁-ဘုံ၊ နတ် ၆-ဘုံ၊ ပြဟ္မာ-၂၀]မှာ ကျင်လည် နေကြရရှာပါတယ်။ ဒါကိုပင် "သံသရာ"လို့ ခေါ်ဆိုကြခြင်း ဖြစ်ပါတယ်။ သတ္တဝါတွေဟာ

 www.dhammaransi.com 

ဘ၀အသစ် ဖြစ်လာလိုက် သေသွားလိုက်၊ ဘ၀အသစ် ဖြစ်လာလိုက် သေသွားလိုက်နဲ့ တစဉ်တတန်းကြီး ဖြစ်ပျက်နေကြရရှာပါတော့တယ်။

ဒါကြောင့် ဘုရားရှင်က ဓမ္မစကြာ ဒေသနာတော်ကြီးမှာ....

“ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ
တတြတတြာဘိနန္ဒိနီ”

ယာ အယံ တဏှာ၊ အကြင်ဆာလောင်မှု တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ တဖန် ဘ၀သစ်ကို ဖြစ်စေတတ်၏။ နန္ဒီရာဂသဟဂတာ၊ နှစ်သက် တပ်စွဲခြင်းနှင့်တကွ ဖြစ်၏။ (ဝါ) နှစ်သက်တပ်စွဲသော သဘောဖြစ်၏။ တတြတတြာဘိနန္ဒိနီ၊ ထိုထိုရောက်ရာဘ၀ ရရာအာရုံ၌ နှစ်သက်ပျော်မွေ့လေ့ရှိ၏။ လို့ ဟောဖော်ညွှန်ပြတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

## ဘ၀တခု ဆန်းစစ်ပုံ

ဘ၀ဆိုတာကတော့ “သတ္တဝါတခုရဲ့ ဖြစ်ခြင်း” ပါပဲ။ မွေးဖွားသည်မှ သေဆုံးသည်အထိ ကာလအတိုင်းအတာကို ဘ၀ရယ်လို့ သတ်မှတ်ခေါ်ဆိုကြခြင်း ဖြစ်ပါတယ်။ တရားသဘောနဲ့ပြောရယင်တော့ ကံတခုကြောင့် ရရှိလာတဲ့ အစဆုံး ရုပ်နာမ်နဲ့ နောက်ဆုံး ရုပ်နာမ်တို့ရဲ့ အကြားမှာ ရုပ်နာမ်တွေ အစဉ်အဆက် ဖြစ်ပျက်နေတဲ့အစဉ်ကို ဘ၀ရယ်လို့ သတ်မှတ်ကြတာ ဖြစ်ပါတယ်။

www.dhammaransi.com



တဘ၀ပြီးတဘ၀ ဆက်တယ်ဆိုတာဟာလဲ တဘ၀ရဲ့ ကံက အစွမ်းကုန်သွားသည်နှင့် တပြိုင်နက် ဘ၀ကုန်ဆုံးသွားကာ နောက်ထပ် ကံအသစ်တခုက ရုပ်ခန္ဓာ,နာမ်ခန္ဓာ အသစ်ကို ဆက်လက်ပြီး စီမံပြန်တဲ့အတွက် နောက်ဘ၀သစ်တခုကို ဆက်ရပြန်ခြင်းဖြစ်ပါတယ်။ ဒီထက် တရားသဘော အခြေအမြစ်ကျကျ ပြောရမယ်ဆိုယင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ အကြောင်းတရားတွေကြောင့် ပဋိသန္ဓေဝိညာဉ် ခေါင်းဆောင်တဲ့ နာမ်အသစ်၊ ရုပ်အသစ်တို့ ဖြစ်ပေါ်ခြင်းဟာ ဘ၀သစ် ဖြစ်ပေါ်လာခြင်းပင် ဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

## ပဋိသန္ဓေ ၄ မျိုး

သတ္တဝါတွေ ဘ၀သစ်ကို ဖြစ်ပေါ်ကြတဲ့အခါ ပဋိသန္ဓေ ၄ မျိုးအနက်မှ တမျိုးမျိုးဖြင့် ဖြစ်ပေါ်ကြရပါတယ်။ ပဋိသန္ဓေ ၄ မျိုးဆိုတာကတော့ ၁။ ဥပပါတ်၊ ၂။ သံသေဒဇ၊ ၃။ အဏ္ဍဇနဲ့ ၄။ ဇလာဗုဇတို့ ဖြစ်ကြပါတယ်။

### ၁။ ဥပပါတ် ပဋိသန္ဓေ

နတ်များ ဗြဟ္မာများဟာ ဥပပါတ်ပဋိသန္ဓေမျိုး ဖြစ်ကြပါတယ်။ ရှေးကံ သက်သက်ကြောင့် တနေရာရာမှ ကျလာသကဲ့သို့ ဘွားကနဲ ဖြစ်ပေါ်လာတဲ့ သတ္တဝါမျိုး ဖြစ်ကြပါတယ်။ လက်ခြေအင်္ဂါ ကိုယ်ခန္ဓာ အပြည့်အစုံဖြင့် တပြိုင်နက် အထင်အရှား ဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။ မိဘရယ်လို့ မရှိကြ။ ရှေးဘ၀တခုမှ ခုန်ကျော် ကူးရောက်လာသလို ကူးရောက်ဖြစ်ပေါ်ခြင်းပါပဲ။

www.dhammaransi.com



အဲဒီ ဥပပါတ် ပဋိသန္ဓေမျိုးဖြစ်ကြတဲ့ နတ်ပြိတ္တာများရဲ့ ရုပ်သဏ္ဌာန်ဟာ လူတို့ ပကတိတွေမြင်နေကြရတဲ့ လေရုပ်များထက်ပင် သိမ်မွေ့လွန်းလှတဲ့အတွက် လူတို့မျက်စိဖြင့် မမြင်နိုင်ပါဘူး။ စမ်းသပ်လို့လဲ မတွေ့နိုင်ပါဘူး။

၂။ သံသေဒဇ ပဋိသန္ဓေ

အချို့ပိုးမွှားများဟာ သံသေဒဇ ပဋိသန္ဓေမျိုးများ ဖြစ်ကြပါတယ်။ ရေညှိ, အပုပ်, အညှီ, စတဲ့နေရာတွေမှာ မိဘကို မမှီရပဲ ဒွေးကံ သင်္ခါရကြောင့် သူ့အလိုလို ဖြစ်ပေါ်လာကြတဲ့ သက်ရှိကောင်ကလေးများဟာ သံသေဒဇများ ဖြစ်ကြပါတယ်။ ပဒုမ္မာကြာတိုက်မှာ ဖြစ်ကဲ့ ပဒုမဝတီ မိဖုရားတို့၊ ဝါးလုံးခေါင်းထဲမှာ ဖြစ်တဲ့ ဝေဠုဝတီ မိဖုရားတို့ ဆိုတာတွေဟာ သံသေဒဇ-သံဒေသူများ ဖြစ်ကြပါတယ်။

၃။ အဏ္ဍဇ ပဋိသန္ဓေ

ကြက်ငှက်တွေဟာ ဥခွံတွင်းမှ ပေါက်ဖွားလာကြတဲ့ သတ္တဝါတွေဖြစ်လို့မို့ သူတို့ကို အဏ္ဍဇ ပဋိသန္ဓေလို့ ခေါ်ဆိုကြပါတယ်။ ဒီသတ္တဝါများကတော့ အထင်အရှား တွေ့မြင်နိုင်ကြပါတယ်။

၄။ ဇလာဗုဇ ပဋိသန္ဓေ

ကျွန်ုပ်တို့ လူသားတွေကတော့ မိဘတို့ရဲ့ သုက်သွေးကို အမှီပြုပြီး၊ မိခင်ရဲ့ ဝမ်းဗိုက်မှာ ပဋိသန္ဓေနေကာ မွေးဖွားလာကြရတာ ဖြစ်လို့မို့ ဇလာဗုဇပဋိသန္ဓေမျိုးလို့ ခေါ်ဆိုကြပါတယ်။ ခွေးတို့ နွားတို့ ဆိတ်တို့ မြင်းတို့တွေဟာလဲ ဇလာဗုဇမျိုးတွေပါပဲ။ အဏ္ဍဇနဲ့ဇလာဗုဇ ၂ မျိုးကိုပေါင်းပြီး "ဂဗ္ဘ

www.dhammaransi.com



သေယျကသတ္တဝါ'' လို့လဲ ခေါ်ဆိုကြပြန်ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ၂မျိုးဟာ မိဘရဲ့သုက်သွေးကိုမှီပြီး ဝိညာဉ်ဖြစ်ကာ အမိရဲ့ဝမ်းဗိုက်ထဲမှာ ကိန်းအောင်းခဲ့ရ၊ ပေါက်ဖွားလာခဲ့ရတာဖြစ်လို့မို့ ဂဗ္ဘသေယျကလို့ ခေါ်ဆိုရခြင်း ဖြစ်ပါတယ်။

## နိဒါန်း အမှာစကား

သက်ရှိသတ္တဝါတွေ ပေါက်ဖွားလာခြင်းနဲ့ ပတ်သက်ပြီး ပဋိသန္ဓေ ၄မျိုးကို ဖော်ပြလို့ပြီးပါပြီ။ အဲဒီလို ပဋိသန္ဓေအမျိုးမျိုးနဲ့ ဖြစ်ပေါ်လာကြရတဲ့ သတ္တဝါတွေရဲ့အကြောင်း၊ သတ္တဝါတွေရဲ့တည်ရာမှီရာဖြစ်ကြတဲ့ ဘုံဘဝတွေရဲ့အကြောင်းတွေကို ဂရုစိုက်ပြီး ကြည့်ရှုကြဖို့ ကောင်းပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ဘုံဘဝတွေရဲ့ အကြောင်း၊ သတ္တဝါတွေရဲ့ အကြောင်းတွေကို ရှုကြည့်ပြီး သိရှိကြပါမှ သံသရာအစဉ်၊ ခန္ဓာအစဉ်တွေရဲ့ အကြောင်းတွေကို သိရှိကြပါမယ်။ အဝိဇ္ဇာနဲ့တဏှာအရင်းခံတဲ့ ကံ,ကံရဲ့ အကြောင်းအကျိုးတွေကို သဘောပေါက်နားလည်ကြမှာ ဖြစ်ပါတယ်။

ကံ,ကံရဲ့အကျိုးတွေကို သိရှိပြီး ကံစီမံရာ နာခံနေရတဲ့ အဖြစ်တွေကို တွေ့မြင်ကြကာ ကံပြတ်၊ တဏှာပြတ်၊ ဘဝပြတ်တဲ့လမ်းကိုရောက်အောင် ကြံဆောင်အားထုတ်လိုတဲ့ စိတ်တွေ ပွားများလာကြပါလိမ့်မယ်။ ဘုံဘဝတွေအပေါ်မှာ သဟိသံဝေဂတွေ ကြီးစွာရရှိကြပြီး ဘဝသံသရာမှ လွတ်မြောက်လိုတဲ့ အာသာဆန္ဒတွေ တိုးပွားလာမှာ ဖြစ်ပါတယ်။

www.dhammaransi.com



ဒါကြောင့် ယခုဆက်လက်ပြီး တင်ပြသွားမယ့် "ဘုံဘဝ ပုံပြင်များ" တွေ အပေါ်မှာ သတိသမ္ပဇဉ် ဉာဏ်ယှဉ်ပြီး ရှုကြစမ်းပါလို့ စေတနာကောင်းဖြင့် ထပ်လောင်း နှိုးဆော်လိုက်ရပါတော့တယ်။

ဘုံဘဝ နိဒါန်းကဗျာ

ဘုံဘဝဆိုင်ရာ ဒေသနာစကားကို၊ ရှင်တော်ဘုရား ဟောကြားတယ်။
ကုသိုလ်, အကုသိုလ် ထိုထိုဘဝကို၊ ရှင်လူအများ သိရတယ်။
သတ္တဝါသေယင် လားရာဂတိဟာ၊ ငါးပါးအထိ ရှိပါတယ်။
လူ, နတ်, တိရစ္ဆာန်, ပြိတ္တာများနဲ့၊ ငရဲကြီးရစ်ပါ ကြောက်စဖွယ်။
ပဋိသန္ဓေ လေးမျိုးပြားလို့၊ ဘဝသစ်များ ဖြစ်ကြတယ်။
တမလွန်လားရာ "ဘုံဘဝများ" ကို၊ ကဏ္ဍခွဲလို့ ဖော်ပြမယ်။
သံဝေဂဉာဏ် အစဉ်ပွားဖို့၊ ဉာဏ်ယှဉ်ထားလို့ ရှုကြကွယ်။
ရှုဖွယ်....ရှုဖွယ်။ ။

www.dhammaransi.com

# လူ့ဘုံလူ့ဘဝ

## ၁။ [လူ့ဘုံဘဝသို့ ရောက်ရှိလာခြင်း] [မနုဿဂတိ]

လူ့ဘဝဆိုတာ အင်မတန် ရနိုင်ခဲပါတယ်။ မနုဿတ္တဘာဝေါ ဒုလ္လဘောလို့ ဆိုတဲ့အတိုင်း ရနိုင်ရန် ခက်ခဲလှတဲ့ ဒုလ္လဘတရား ငါးပါးထဲမှာ တပါး အပါအဝင် ဖြစ်ပါတယ်။ လူ့ဘဝရဖို့ရာ ဆိုတာဟာ လူ့ပြည်က အပ်တစင်းနဲ့ ဗြဟ္မာ့ပြည်က အပ်တစင်းတို့ အချင်းချင်းထိခိုက်မိနိုင်ဖို့ ခက်ခဲတာထက်ပင် အဆပေါင်းများစွာ ခက်ခဲလှပါတယ်လို့ အဆိုရှိပါတယ်။

အမှန်စင်စစ် လူ့ဘဝသို့ ရောက်ရှိလာရတာဟာ အမိအဘတို့ရဲ့ သွေးသားကြောင့် ရောက်ရှိလာရတာ မဟုတ်ပါဘူး။ မိမိတို့ရှေးက ပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်ကံတွေက အကျိုးပေးခွင့် များစွာ ရရှိလာတဲ့အတွက်ကြောင့်၊ တနည်းပြောရယင် ဂတိသမ္ပတ္တိနဲ့ ပြည့်စုံလာတဲ့အတွက်ကြောင့် ရနိုင်ခဲလှတဲ့ လူ့ဘဝကို ရရှိလာရခြင်း ဖြစ်ပါတယ်။ အမိအဘတို့ရဲ့ သွေးသား ဆိုတာတွေကတော့ အထောက်အပံ့တွေမျှသာ ဖြစ်ပါတယ်။

လူတိုင်းလူတိုင်းလူ့ဘဝကို ရရှိလာကြသော်လဲ လူအချင်းချင်း တဦးနဲ့တဦးမတူညီကြပါဘူး။ လူအမျိုးမျိုးကွဲပြားခြားနား နေကြရပါတယ်။ ဒါကတော့ မိမိတို့ ရှေးကပြုခဲ့ဖူးတဲ့ ကံတွေကကွဲပြားခြားနားခဲ့ကြလို့ ယခုလို မတူညီကြပဲ အမျိုးမျိုး ကွဲပြားခြားနားနေကြရခြင်း ဖြစ်ပါတော့တယ်။

www.dhammaransi.com

ဒါ့အပြင် လူတွေဟာ များသောအားဖြင့် မိမိတို့ ယခင်ဘယ်ဘဝက လာခဲ့ကြတယ်။နောင်လဲ ဘယ်ဘဝတွေကို ရောက်ရလိမ့်ဦးမယ် ဆိုတာတွေကို မသိမြင်နိုင်ကြပါဘူး။ ဒါကလဲ မိမိတို့မှာ မသိမှု အဝိဇ္ဇာနဲ့ တပ်မက်မှုဘဝတဏှာတွေက ဖုံးလွှမ်းပြီး ကွယ်ကာထားတဲ့ အတွက်ကြောင့် မသိမြင်နိုင်ကြခြင်း ဖြစ်ပါတယ်။

ဘဝတခုနဲ့ဘဝတခုကို ပကတိမျက်စိနဲ့ ကြည့်လို့မတွေ့မြင်နိုင်ပါဘူး။ ဒါပေမယ့် မိမိတို့ရဲ့ တမလွန်ဘဝအကြောင်းတွေကို သိလိုခဲ့ယင်တော့ သိနိုင်တဲ့နည်းရှိပါတယ်။ ဒါကတော့ တမလွန်ဘဝကိုသိမြင်နိုင်တဲ့ အဘိညာဉ်တွေ ဝိပဿနာဉာဏ်ထူးတွေ ရရှိအောင် အားထုတ်ပြီး ဘာဝနာနည်းဖြင့်ကြည့်ယင် သိနိုင်မြင်နိုင် ဆင်ခြင်နိုင်ပါတယ်။

## တရားကြေးမုံတော်ကြီး

အရှင်အာနန္ဒာက မြတ်စွာဘုရားသခင်အား ကွယ်လွန်ပြီးတဲ့ ပုဂ္ဂိုလ်တို့ရဲ့ လားရောက်ရာ ဂတိကို မေးလျှောက်ခဲ့ဖူးပါတယ်။ ဘုရားရှင်ကလဲ "ဘယ်ပုဂ္ဂိုလ်ဟာဖြင့် ဘယ်ဘဝ ရောက်နေလေရဲ့" လို့ ထိုထိုပုဂ္ဂိုလ်တို့ရဲ့ လားရောက်ရာဂတိကို ဖြေကြားတော်မူခဲ့ပါတယ်။ အဲဒီလို ဖြေကြားတော်မူပြီးတဲ့ အခါ ဘုရားရှင်က "အာနန္ဒာ၊ ကွယ်လွန်တိုင်း ကွယ်လွန်တိုင်းသော ပုဂ္ဂိုလ်တို့ရဲ့လားရောက်ရာ ဂတိကို

[၃] ဘုရားရှင်က အရှင်အာနန္ဒာအား သတ္တဝါများ လားရောက်ကြရသည့် ဂတိများကို ကြည့်ရှုနိုင်ရန် တရားကြေးမုံတော်ကြီးကို ဟောပြောတော်မူပုံ။

www.dhammaransi.com



မေးနေကြလျှင် ငါဘုရား ပင်ပန်းရုံသာရှိမယ်။ မည်သူ့ကိုမျှမမေးပဲ မိမိကိုယ်ကိုမိမိ ဆုံးဖြတ်နိုင်ဖို့ရာ ဓမ္မာဒါသ (တရားတည်းဟူသော ကြေးမုံမှန်ကြီး) ကို ပြတော်မူမယ်''လို့ မိန့်တော်မူပြီး၊ မိမိတို့ရဲ့ လားရောက်ရာဂတိကို ကြည့်နိုင်မြင်နိုင်တဲ့ တရားကြေးမုံတော်ကြီးကို ဟောကြားတော်မူခဲ့ပါတယ်။

ဒါတွေကတော့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ကြည်ညိုကိုးကွယ်မှု၊ သီလ ဆောက်တည်မှု၊ ဒုစရိုက်များကို ရှောင်ကြဉ်မှုစတဲ့ ကံ၊ ကံရဲ့ အကြောင်းအကျိုး ဆက်သွယ်ပုံတွေကို ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်ပြီးကြည့်လျှင် သိမြင်နိုင်တဲ့နည်းကို ပေးတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဇာတိဿရဉာဏ်

အချို့သော ပုဂ္ဂိုလ်တွေကတော့ ရှေးကံပါရမီ အကိုန်အဟုန်တွေကြောင့် ယခင် ဘဝက အကြောင်းတွေကို ပြန်ပြောင်းသိမြင်နိုင်တဲ့ ဇာတိဿရဆိုတဲ့ဉာဏ်ထူးတွေကို အလိုလိုရရှိလာကြတယ် လို့ ဆိုပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ သူတို့ ယခင်ဘဝက ဖြစ်ပျက်ခဲ့ပုံအကြောင်းစုံတွေကို ပြန်ပြောင်း ပြောဆိုနိုင်စွမ်းရှိကြပါတယ်။

ယခုခေတ်မှာလဲ ကမ္ဘာ့နေရာအနှံ့မှာ ယခင်ဘဝက အကြောင်းတွေကို ပြန်ပြောင်း ပြောပြ နိုင်တဲ့သူတွေကို မကြာခဏတွေ့ရတတ်ပါတယ်။ သူတို့ကို ''လူဝင်စားတွေ'' မှယ်လို့ ခေါ်ဆိုကြပါ တယ်။ လူဝင်စား ဆိုသူများဟာ မြန်မာပြည်၌သာမကပဲ၊ နိုင်ငံတကာမှာလဲ အနည်းငယ်စီ ရှိကြ မှာပါပဲ။ ဒါပေမယ့် တမလွန်ဘဝကို မယုံကြည်ကြတဲ့သူတွေက အလေးမထားပဲ သေးသိမ်အောင် လုပ်ခဲ့ကြလို့ အချို့ မေ့မှိန်သွားကြရခြင်း ဖြစ်ပါတော့တယ်။

www.dhammaransi.com



ကလေးငယ်ဘဝမှာ ပြောတဲ့စကားများဟာ အများအားဖြင့် ရိုးသား မှန်ကန် တတ်ကြပါတယ်။ ကလေးငယ်များဟာ လူကြီးများလို အယူဝါဒစွဲ မရှိကြသေးပါဘူး။ ဝါဒတခုပေါ်မှာ အယူမသန်ကြသေးပါဘူး။ သူတို့သိမြင်တဲ့အတိုင်း ပြောလိုတတ်ကြတာ များပါတယ်။ ပြီးတော့ ကလေးငယ်ဘဝမှာ ဟိုဘက်ဘဝက အရှိန်အဟုန်ကလဲ မကုန်တတ်သေးဘူးလို့ ဆိုနိုင်ပါသေးတယ်။ ဒီဘက်ဘဝရဲ့ သာယာနှစ်သက်မှုဘော့က မဖုံးလွှမ်းသေးမိ ဟိုဘက်ဘဝရဲ့ ဖြစ်ပျက်မှုတွေကို ပြန်မြင်ပြီး ပြောဆိုကြဟန် လက္ခဏာရှိပါတယ်။

ဒါပေမယ့် ဘဝဟောင်းကအကြောင်းတွေကို ပြန်ပြောပြသူတိုင်း အမှန်ချည်းပဲလို့လဲ မဆိုနိုင်ပါဘူး။ အချို့ကလေးများဟာ လူကြီးများက သင်ပေးလို့ ပြောဆိုလာကြတာလဲ ရှိပါလိမ့်ဦးမယ်။ အခြေအနေနဲ့ အကြောင်းအရပ်ရပ်တို့ကို ပညာဖြင့်ချင့်ချိန်ပြီး ယုံကြည်လက်ခံ ကြရမှာဖြစ်ပါတယ်။ ယုံကြည်လက်ခံသင့်တဲ့ "လူဝင်စား" အကြောင်းကို ဟုဘ်ဖော်တင်ပြရမယ် ဆိုယင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား ဟောကြားတော်မူခဲ့တဲ့ "ဘဝပြဿနာ"ဆိုတဲ့ ဟောကြားချက်ထဲမှ "ဖျာပုံသူလေးတဦး"ရဲ့အကြောင်းကို ထုတ်ဖော်တင်ပြ ရပါလိမ့်မယ်။

### ဖျာပုံသူလေး

၁၉၅၆-ခုနှစ်က ဖျာပုံမြို့နယ် တောရွာတရွာမှ ၁-နှစ်ရွယ်ကလေးမလေး တယောက်ဟာ ရန်ကုန်မြို့သို့ သူ့မိဘများနဲ့အတူ ဘုရားဖူးရောက်လာပါတယ်။ အဲဒီကလေးမလေးဟာ ပါဠိပိဋကစာပေများကို ဌာန်ကရိုဏ်းကျကျ သွက်သွက်လက်လက် ဖတ်ပြနိုင်တာကို အံ့ဩစွာ တွေ့ရှိကြရပါ

www.dhammaransi.com



တယ်။ ကလေးမလေးရဲ့ မိဘများဟာ ဆင်းရဲတဲ့ တောသူ တောင်သားများ ဖြစ်ကြပြီး သင်ပေး ထားချိန်လဲ မရှိ၊ သင်ပေးနိုင်လောက်အောင်လဲ ပညာကောင်းကောင်း မတတ်ကြ။ ဒါကြောင့် ၃-နှစ်ရွယ်ကလေးမလေးကို သင်ပေးထားနိုင်ဖို့ဆိုတာ မလွယ်ကူလှပါဘူး။ ပြီးတော့ အဲဒီကလေးမ လေးဟာ အချို့သော ရဟန်းသံဃာတော်များရဲ့ ဘွဲ့အမည်ကို အလိုလိုသိရှိပြီး မောင်နန္ဒိယ စသည်ဖြင့် မရိုမသေ ခေါ်လေ့ရှိပါတယ်။

တနေ့မှာ ကလေးမလေးဟာ ဖိတ်စာတခုကို သူ့အလိုလိုဖတ်နေတာကို တွေ့ကြရမှ စာဖတ် တတ်မှန်း သိရှိကြပြီး အံ့သြကြရပါတော့တယ်။ လူကြီးများပင် အချိုးကျအောင် မဖတ်နိုင်တဲ့ ပါဠိစာပေတွေကို သူက သွက်သွက်လက်လက် ဖတ်ပြနိုင်နေပါတယ်။ သူ့ကို ရှေးဘဝကအကြောင်း တွေမေးယင် ငိုပါတယ်။ ဒါပေမယ့် ရပ်ရွာက ဘုန်းကြီးကျောင်းမှာရှိတဲ့ ပစ္စည်းတွေ၊ အမည်တွေကို တော့ သူက မှတ်မိနေပါတယ်။ ဒါကြောင့် မိမိတို့ ဆရာဘုန်းကြီး ပျံလွန်တော်မူသွားပြီး လူဝင်စား ဖြစ်လာတာပဲလို့ ရပ်ရွာလူများက ယူဆနေကြပါတယ်။

ဒါကတော့ လူဝင်စားဖြစ်နိုင်တဲ့ "ဖျာပုံသူလေး"ရဲ့ ထူးဆန်းတဲ့အကြောင်း အထောက်အထား သာဓကတရပ် ဖြစ်ပါတယ်။

---

[၄] ၃ နှစ်သမီးအရွယ် ဖျာပုံသူလေးက ပါဠိပိဋကစာပေများကို ဌာန်ကရိုဏ်းကျကျ ဖတ်ပြနေပုံ။

www.dhammaransi.com



www.dhammaransi.com

## ပိဋကတ် မောင်ထွန်းကြိုင်


ဖျာပုံသူလေးရဲ့ အကြောင်းကိုပြောယင်း တချိန်က မြန်မာပြည်မှာ နာမည်ကြီးခဲ့တဲ့ ပိဋကတ် မောင်ထွန်းကြိုင်ရဲ့ အကြောင်းကိုလဲ သတိရလာပါတယ်။ မောင်ထွန်းကြိုင်ဆိုသူဟာ ၇-နှစ်အရွယ်မှာ ပိဋကတ်သုံးပုံကို အလိုလိုသိရှိပြီး ဟောပြောနိုင်စွမ်း ရှိပါတယ်။ ခက်ရာခက်ဆစ်တွေ မေးယင်လဲ ဖြေဆိုနိုင်ပါတယ်။ အဲဒီ မောင်ထွန်းကြိုင်ဆိုသူဟာ ယခုလဲ သက်ရှိထင်ရှားအဖြစ်နဲ့ ရှိနေပါသေးတယ်။ ဒါပေမယ့် အသက်အရွယ်ကြီးလာတော့ ယခင်ကလို မဟောပြောနိုင်တော့ပဲ၊ ပိဋကစာပေတွေဟာ သူ့အလိုလို မေ့ပျောက်ကုန်တယ်လို့ သိရှိရပါတယ်။

လူသေပြီး လူဝင်စားဖြစ်လာတဲ့ ဝတ္ထုတွေထဲမှာ စိတ်ဝင်စားစရာ ကောင်းလှတဲ့ ဝတ္ထုကတော့ မော်လမြိုင်မြို့မှ ဓမ္မကထိက ဆရာတော်ကြီးတပါးရဲ့ ဝတ္ထုဇာတ်ကြောင်းနဲ့ တောင်တွင်းကြီးမြို့မှ ဘဆိုင်ဆိုသူရဲ့ ဝတ္ထုဇာတ်ကြောင်းတို့ပဲ ဖြစ်ကြပါတယ်။ ဒီ လူဝင်စား ဝတ္ထုဇာတ်ကြောင်းတွေကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက "ဓမ္မစကြာတရားတော်ကြီး" မှာ ဒီလို ဟောကြားတော်မူထားပါတယ်။

"ဘုန်းကြီးဟာ မော်လမြိုင်မြို့ တောင်ဝိုင်းတိုက်ကျောင်းမှာ ၁၂၈၁-ခုနှစ်မှ ၁၃၀၃-ခုနှစ်အထိ နေထိုင်ခဲ့ပါတယ်။ အဲဒီ အခါတုန်းက မော်လမြိုင်မြို့ပေါ်မှာ ထင်ရှားတဲ့ ဓမ္မကထိက

[၅] ဓမ္မကထိက ဘုန်းတော်ကြီးဝင်စားသည့်သူငယ်လေးက ယခင်ဘဝ သူနေထိုင်ခဲ့သည့်ကျောင်း အဆောက်အဦ ပစ္စည်းတို့ကို လက်ညှိုးထိုးပြောပြနေပုံ။

www.dhammaransi.com



ဆရာတော်ကြီးတပါး ရှိခဲ့ပါတယ်။ ရွှေနေ ဒကာကြီးတဦး ကွယ်လွန်သွားလို့ ရက်လည်ဆွမ်းကပ်လှူတဲ့အခါ အဲဒီ ဆရာတော်ကြီးက ရက်လည်ဆွမ်း အနုမောဒနာ တရားကို ဒီလို ဟော ကြားပါတယ်။

(အဒ္ဒုဝံ မေ ဇီဝိတံ၊ ဓုဝံ မေ မရဏံ)မေ၊ ငါ၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ အဒ္ဒုဝံ၊ မခိုင်မြဲပါတကား။ မေ၊ ငါ၏။ မရဏံ၊ သေခြင်းသည်ကား။ ဓုဝံ၊ မချွတ်ကေန် မြဲမြံ၏ ............... ..........။ ဇီဝိတ မေဝ၊ အသက်ရှင်ခြင်းသည်သာလျှင်။ အနိယတံ၊ ကိန်းသေမမြဲ။ မရဏံ၊ သေခြင်းသည်ကား။ နိယတံ၊ ကိန်းသေပင်တည်း။ ဆိုတဲ့ ဗုဒ္ဓမြတ်စွာ မိန့်တော်မူတဲ့ စကားကို အရင်းခံပြုပြီး ဟော သွားတယ်။ အဲဒီတုန်းက ဘုန်းကြီးလဲ အဲဒီအလှူမှာပါလို့ နာကြားလိုက်ရတယ်။

အဲဒီကနောက် ခုနစ်ရက်မတိုင်မီ ရက်အနည်းငယ်အတွင်းမှာ အဲဒီ မြေ့ကထိကဆရာတော်ကြီး ပျံလွန်တော်မူသွားကြောင်း ကြားသိရတယ်။ အဲဒီတော့ ပျံလွန်တော်မူတဲ့အခါ သူဟောခဲ့မရဏာနုဿတိ တရားအမှတ်ရပြီး ပျံလွန်တော်မူသွားမှာပဲလို့ ဘုန်းကြီးက စဉ်းစားမိတယ်။ ပျံလွန်တော်မူခြင်း၏ အကြောင်းကတော့ လူဆိုးများက ဓားနဲ့ထိုးသတ်သွားလို့ဆိုတဲ့အကြောင်းလဲ ကြားသိရပါတယ်။

အဲဒီကနောက် ၃-နှစ်လောက်ကြာတဲ့အခါကျတော့ မြိတ်နယ်က ယောက်ကလေးတယောက် ပေါ်လာတယ်။ မော်လမြိုင်မြို့မှာ သူ့ကျောင်းရှိတယ် လိုက်ပို့ပါလို့ ပူဆာတဲ့အတွက် အဲဒီကလေးရဲ့ မိဘများက လိုက်ပို့ကြတယ်။ အဲဒီပျံလွန်တော်မူသွားတဲ့ ဆရာတော်ကြီးကျောင်းရောက်တော့ သူဟာ အယောင်ဘဝက အဲဒီကျောင်းပိုင် ဆရာတော်ကြီးဖြစ်ကြောင်း စသည်တွေကိုလဲ အဲဒီကလေးက ပြော

www.dhammaransi.com



တယ်။ အဲဒီ ကျောင်းဆိုင်ရာ အကြောင်းအရာတွေကို သူက အကုန်လုံး ပြောနိုင်တယ်။ ပြောသမျှလဲ အမှန်ချည်းဖြစ်နေတယ်။ အဲဒီ အနီးအပါးက ဆရာတော်တွေကိုလဲ သူက အကုန်မှတ်မိနေတယ်။ ဘွဲ့ အမည်တွေကိုလဲ ရှေးက ခေါ်နေကျအတိုင်း သူက ခေါ်နေသတဲ့။

အဲဒီ ဆရာတော်ကြီးနဲ့ ရင်းနှီးတဲ့ ကပ္ပိယကာရကတဦးကို အမှတ်တရပြပေါ်ပြီး မေးကြတဲ့အခါ ကျတော့ ဒီကလေးက "ကြောက်စ ကြောက်စ" လို့ ဆိုသတဲ့။ ဘာကြောင့် ကြောက်သလဲလို့မေးတော့ အခြားလူတစုနဲ့ အဲဒီလူက သူ့ကို ဓားနဲ့ထိုးသတ်တဲ့အကြောင်း၊ သူက ထွက်ပြေးလို့ မြင်ကမ်းနား ရောက်တော့ လှေကြီးကိုတွေ့တာနဲ့ အဲဒီလှေကြီးကိုစီးပြီး လိုက်သွားကြောင်း၊ ပြတ်ပင်လယ်ကမ်းခြေ ရွာတခုရောက်တော့ ယခုလက်ရှိ သူ့မိဘအိမ်မှာ ဝင်နေကြောင်းများကို အဲဒီကလေးက ပြောပြ သတဲ့။

မှတ်ချက်။ ။အဲဒီမှာ ကျောင်းမှထွက်ပြေးပုံ၊ ကမ်းနားရောက်တော့ လှေကြီးတွေ့ပုံ၊ အဲဒီလှေကြီး စီးပြီးလိုက်သွားပုံ၊ လက်ရှိသူ့မိဘအိမ်ဝင်နေပုံတွေကတော့ ပျံလွန်တော်မူခါနီးတုန်းက လာခဲ့တဲ့ဂတိ နိမိတ်တွေပါပဲ။ ဒီဝတ္ထုဟာလဲ တကျော့က ဘဝသစ်ကို ဖြစ်စေတယ်ဆိုတာနဲ့ စပ်ပြီး အသူ မှတ်သား သင့်တဲ့ အကြောင်းအရာတခုပါပဲ။

## ညိုရဲ့ ဆန့်တစလယ်

တောင်တွင်းကြီးမြို့၏ အနောက်မြောက်ဘက် ၁၀-မိုင်ခန့်ဝေးတဲ့အရပ်မှာ ချောင်းရိုးရွာဆိုတာ ရှိတယ်။ အိမ်ခြေ ၄၀၀-ခန့်ရှိတယ်။ အဲဒီရွာမှာ ညိုနဲ့ ဘဆိုင်သိုတဲ့ သူငယ်ချင်းနှစ်ယောက်ဟာ

ကွမ်းထမ်းရောင်းတဲ့အလုပ်ကို လုပ်ကြတယ်။ တနေ့တော့ ကွမ်းရောင်းရာက ပြန်လာတဲ့အခါ ဘဆိုင်မှာ ဆန်ကုန်သွားလို့ ညိုထံမှ ဆန်တစလယ်ချေးပြီး ချက်စားရတယ်။ အဲဒီလို စားပြီးနောက် ညဥ့်အခါ လရောင်ဖြင့်ပြန်လာကြရာ လမ်းမှာပိုးထိလို့ ဘဆိုင်ဟာ သေသွားရှာတယ်။ အဲဒီအခါတုန်းက သူတို့ရဲ့ အသက်ဟာ ၂၀-ကျော်လောက် ရှိဟန်တူပါတယ်။ ခုနှစ်ကတော့ ၁၂၇၀ နဲ့ ၁၂၈၀ အတွင်း ဖြစ်ပါလိမ့်မယ်။

ဘဆိုင်ဟာ သေပြီးတော့ ညို့အိမ်မှာ ကြက်ဖြစ်ရသတဲ့။ ဆန်တစလယ်အကြွေးကို စွဲလမ်းပြီး သေသွားဟန်တူပါတယ်။ အဲဒီကြက်က တိုက်ကြက်ကလေးမို့ ညိုက အခြားလူများရဲ့ ကြက်များနဲ့ ကြက်တိုက်ပွဲလုပ်တယ်။ ၃-ပွဲ-၃-ကြိမ်တိုင်အောင် အနိုင်ရတယ်။ ၄-ကြိမ်မြောက်ပွဲကျတော့ အခြားကြက်က အသက်လဲရင့် အားအင်လဲကြီးတာနဲ့ ညို့ကြက်ကရှုံးတယ်၊ အဲဒီတော့ ညိုက ရှုံးရမလား ဆိုပြီး စိတ်ဆိုးတာနဲ့ သူ့ကြက်ကို ခြေနှစ်ချောင်းကိုင်ပြီး မြေကြီးနဲ့ ရိုက်လိုက်တယ်။ မသေမရှင်နဲ့ အိမ်ကိုယူလာခဲ့ပြီး ရေအိုးစင်နား ပစ်ချထားတယ်။ အဲဒီအချိန်မှာ ညို့ရဲ့နွားမကြီးက အဲဒီ ကြက်ကလေးကို နမ်းသွားသတဲ့။

---

[၆] ဘဆိုင်ဝင်စားသည့် ၇ နှစ်အရွယ် သူငယ်ကလေးက ဦးညိုအား 'ဟေ့ညို၊ ငါ့မှတ်မိသေးရဲ့လား' ဟု မေးမြန်းနေပုံ။

www.dhammaransi.com



www.dhammaransi.com

အဲဒီကြက်ကလေးသေပြီးတော့ အဲဒီ နွားမကြီးဝမ်းထဲမှာ ပဋိသန္ဓေနေရတယ်။ မွေးလာတဲ့ အခါ နွားမကလေးဖြစ်နေသတဲ့။ အဲဒီ နွားမကလေး အတော်အတန်ကြီးလာတဲ့အခါ ညီ့ရဲ့မိတ်ဆွေများက အဲဒီ နွားမကလေးကို တန်ဖိုး ၄-ကျပ်ထားပြီး သတ်စားကြသတဲ့။ အဲဒီလိုသတ်ပြီး အမဲသားတွေကို လှီးဖြတ်နေတုန်း တောင်ကွင်းကြီးမှ စာရေးကြီးနဲ့ စာရေးကတော်က နွားမကလေးအား သနားကရုဏာ သက်ပြီးတော့ "ငါနွားသားဆိုယင် မစားရက်ပါဘူး။ သူ့အလိုလို သေသွားတောင် မစားရက်ပါဘူး၊ မြေကြီးထဲမြှုပ်လိုက်မှာပဲ" လို့ ပြောသတဲ့။

အဲဒီကနောက် စာရေးကြီးကတော်မှာ သားယောကျ်ားကလေးဖွားမြင်လာတယ်။ ဒီကလေးက အသက် ၇-နှစ် ရှိသည့်တိုင်အောင် စကားမပြောဘူးတဲ့။ ဒီတော့ ဖခင်စာရေးကြီးက "ငါ့သား စကားပြောပါကွာ၊ ဒီကနေ့ လခထုတ်ရမယ်၊ ငါ့သားအတွက် အဝတ်ကောင်းကောင်းဝယ်ခဲ့မယ်"လို့ ပြောပြီးတော့ ညနေပြန်လာတဲ့အခါ "ဟောဒီ အဝတ်လှလှလေးတွေဟာ ငါ့သားဖို့ပဲ၊ ကဲ....စကား ပြောပေတော့" လို့ ပြောတဲ့အခါ အဲဒီကလေးက "ငညို့ ဆန့်တစလယ်"လို့ ပြောသတဲ့။

အတိုချုံးပြောရမှာပဲ။ အဲဒီကနောက် ဖခင်စာရေးကြီးက "ငါ့သား စကားသာပြောပါ၊ ဆန် တစလယ်မကဘူး၊ ဆန်တအိတ်တောင် ကြွေးဆပ်ပေးမယ်" လို့ ပြောတော့ အဲဒီ ကလေးက "ဒီလိုဆိုယင် ဆန်အိတ်ကို လှည်းပေါ်တင်ပါ၊ ယခုပဲ သွားပြီး ကြွေးဆပ်ရအောင်"လို့ ပြောသတဲ့။

---

[၇] ကြက်တိုက်ပွဲတွင် ၃ ပွဲတိုင်တိုင် အနိုင်ရအောင် ခွပ်ပေးခဲ့ရှာပုံ။

www.dhammaransi.com



www.dhammaransi.com



ဒါနဲ့ ဆန်အိတ်ကို လှည်းပေါ်တင်ပြီးတော့ ဘယ်ကို မောင်းရမှာလဲလို့ မေးတဲ့အခါ တောင်တွင်းကြီးမြို့မှ မြောက်ဘက်မောင်းဖို့ ကလေးကပြောတယ်။ နောက်လဲ ကလေးပြောတဲ့ လမ်းအတိုင်း လှည်းကိုမောင်းသွားကြရာ ချောင်းရိုးရွာရောက်တော့ "ဒီရွာပဲ၊ ရွာထဲဝင်ပါ၊ ငါ့လင် ကိုမောင်းပါ" စသည်ဖြင့် ကလေးက ညွှန်ပြတယ်။

နောက်ဆုံး ညိုအိမ်ရောက်တဲ့အခါ "ဟော ရောက်ပြီ၊ ဒီအိမ်ပဲ" လို့ ကလေးကပြောတယ်။ "ဒါ ဦးညိုအိမ်ဟုတ်ပါရဲ့လား" လို့ လူကြီးတွေက မေးတော့ ဦးညိုက ဟုတ်ပါတယ်ဆိုပြီး အိမ်ပေါ်မှ ဆင်းလာတယ်။ အနားရောက်တော့ ကလေးက "ဟေ့ ညို၊ ငါ့ မှတ်မိသေးရဲ့လား" လို့ မေးလိုက်တယ်။ အဲဒါကိုကြားရတော့ "သူ့အဖေလောက်ရှိတဲ့ ငါ့ကို ညိုလို့ ခေါ်ရမလား" လို့ ဆိုပြီး ဦးညိုက စိတ်ဆိုးလိုက်တာတဲ့။ ဒါနဲ့ စာရေးကြီးက "ဦးညိုရေ... စိတ်မဆိုးပါနဲ့ဗျာ၊ ဒီကလေးက ထူးခြားတဲ့ အကြောင်းရှိပါတယ်" လို့ ပြောပြီး ဖျောင်းဖျရတယ်။

အိမ်ပေါ်ရောက်တဲ့အခါကျတော့ ကလေးက "ဟေ့ ညို၊ မင်းက ငါ့ကို မမှတ်မိတော့ဘူးလားကွ၊ ဟိုတုန်းက မင်းနဲ့ငါ ကွမ်းထမ်းပြီးရောင်းကြတယ်၊ ငါက မင်းဆီက ဆန်တစလယ်ချေးဖူးတယ်။ အဲဒီ အကြွေးမဆပ်ရသေးခင် ပိုးထိလို့ ငါသေခဲ့ရတယ်။ မင်းအိမ်မှာ ကြက်ဖြစ်ရတယ်၊ တိုက်ပွဲမှာ ၃-ကြိမ်တိုင်တိုင် ငါက အနိုင်ခွပ်ပေးခဲ့တယ်၊ ၄-ကြိမ်မြောက်ကျတော့ ပိုကြက်ကြီးက ငါ့ထက် အားကြီးလို့ငါရှုံးရတယ်။ မင်းက ငါ့ကိုရှုံးရမလားလို့စိတ်ဆိုးပြီး ရိုက်သတ်တယ်။ မသေမရှင်နဲ့ ပစ်ချထားရာမှာ နွားမကြီးကလာပြီး ငါ့ကိုနမ်းတယ်။ အဲဒီနွားမကြီးဝမ်းထဲမှာဖြစ်ရပြီး မွေးလာတော့

www.dhammaransi.com



နွားမကလေး ဖြစ်ရတယ်။ နွားမတန်းအရွယ်လောက်မှာ မင်းတို့က ငါ့ကို သတ်စားကြတယ်။ အဲဒီ အခါတုန်းက ဟောဒီ စာရေးကြီး အဘေနဲ့အမေတို့က အနီးအပါးရောက်လာပြီး သနားသက်ညှာတဲ့ စကားကို ပြောသွားတယ်။ အဲဒီ နွားမဘဝကသေတော့ ဟောဒီ အဖေအမေတို့ရဲ့သား ဖြစ်နေရတယ်၊ ယခုဆန်တစလယ်အကြွေးဆပ်ဖို့လာတယ်” စသည်ဖြင့် ပြောတယ်။ ပြောသမျှတွေကလဲ အားလုံးကို အမှန် ချည်း ဖြစ်နေတယ်။ ဒါကြောင့် ဦးညိုမှာ သူပြုမိတာတွေကို စဉ်းစားပြီးတော့ အားငယ်တာနဲ့ ဝမ်းနည်းတဲ့ အတွက် ငိုကြွေးရှာပါသတဲ့။

မှတ်ချက်။ ။ဒီဝတ္ထုဖြင့် သိစေလိုရင်းမှာ ကြွေးမဆပ်သေးယင် တဖန် ဘဝသစ် အကျိုးဆိုးဖြစ်ရ တယ်ဆိုတာ သိစေလိုရင်းပါပဲ။

အထက်ဖော်ပြပါ လူဝင်စားဝတ္ထုတွေကတော့ တကယ့်အဖြစ်မှန် ဝတ္ထုတွေ ဖြစ်ကြပါတယ်။ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးက “ဓမ္မစကြာတရားတော်ကြီး” မှာ ထည့်သွင်းဟောကြား ထားတော်မူတဲ့ ဖြစ်ရပ်သာဓကဝတ္ထုတွေပါပဲ။

### အတိတ်ဝတ္ထု သာဓက

အင်္ဂုတ္တရ အဋ္ဌကထာ (ဒု-၁၈၉)မှာ လာရှိတဲ့ အတိတ် လူဝင်စားဝတ္ထုတပုဒ်ကိုလည်း သာဓက ရှုကြဖို့ တင်ပြပါဦးမယ်။

ရှေးက သီဟိုဠ်ကျွန်း တောရွာတရွာမှာ ဖခင်တယောက်နဲ့ သားနှစ်ယောက်တို့ ရှိခဲ့ကြပါတယ်။ သားနှစ်ယောက်အနက် အစ်ကိုကြီးဖြစ်သူက အမျိုးသမီးတဦးနဲ့ အိမ်ထောင်ကျပါတယ်။ ဖခင်နဲ့အစ်ကို

www.dhammaransi.com

ကြီးတို့ လယ်တောသို့ အလုပ်သွားကြတဲ့အခါ အိမ်မှာ မောင်ကိုကြီးရဲ့ဇနီးနဲ့ ညီဖြစ်သူသာ ကျန်ရစ်ကြပါတယ်။ ကြာတော့ သူတို့နှစ်ဦးဟာ တိတ်တဆိတ်ဖောက်ပြားမိကြပြီး ဇနီးဖြစ်သူက သူ့ခင်ပွန်း အစ်ကိုကြီးထက် ညီဖြစ်သူအပေါ်မှာ သာပြီး ချစ်မြတ်နိုးတဲ့အတွက် သူ့အစ်ကိုကို လုပ်ကြံသတ်ဖြတ်ဖို့ ညီဖြစ်သူအား တိုက်တွန်းပါတယ်။ ညီဖြစ်သူလဲ မတတ်သာတဲ့အဆုံး အစ်ကိုကြီးကို ရေဆိပ်မှာ လုပ်ကြံသတ်ဖြတ်လိုက်ရပါတယ်။

အစ်ကိုကြီးဖြစ်သူဟာ သေပြီးတဲ့နောက်မှာ သူ့ဇနီးကို တပ်မက်တွယ်တာတဲ့တဏှာကြောင့် အဲဒီ အိမ်မှာပဲ (ရမ္မနီ) ခေါ် ထန်းမြွေဖြစ်ရပါတယ်။ အဲဒီ ထန်းမြွေက သူ့ဇနီးကို တပ်မက်တွယ်တာနေတဲ့ အတွက် အိမ်အမိုးမှ အဲဒီအမျိုးသမီးအပေါ် သူ့ကိုယ်ကို ပစ်ပစ်ချပါသတဲ့။ အဲဒီအခါ အမျိုးသမီးက သူ့ခင်ပွန်းဟောင်းဖြစ်မှာပဲလို့ ကြံတွေးမိပြီး အဲဒီမြွေကို သတ်စေပြန်ပါတယ်။

မြွေဘဝကသေပြီး ဇနီးဟောင်းအပေါ် အချစ်က မပြယ်သေးတဲ့အတွက် အဲဒီအိမ်မှာပဲ ခွေး ဖြစ်ရရှာပြန်ပါတယ်။ အဲဒီ ခွေးကလဲ မယားဟောင်းရဲ့ နောက်ကို သွားလေရာ တကောက်ကောက် လိုက်နေပါသတဲ့။ ကြာတော့ လူတွေက "ခွေးမုဆိုးထွက်လာပြီ" လို့ ပြောင်လှောင်ကြတာနဲ့ အဲဒီ ခွေးကို သတ်စေပြန်ပါတယ်။

---

[၁] သားငယ်ကလေးမှာ ဇာတိဿရဉာဏ်ကိုရရှိကာ မိခင်၏ အကုသိုလ်အတွက်ကိုပင် မခံပဲ ငိုယိုနေပုံ။

www.dhammaransi.com



www.dhammaransi.com



ခွေးဘဝမှသေတော့လဲ အချစ်က မပြယ်သေးတဲ့အတွက် အဲဒီအိမ်မှာပဲ နွားဖြစ်ရပြန်ပါတယ်။ နွားဘဝမှာလဲ မယားဟောင်းနောက်ကို ဂရုဏာလမ်းတဲ့စိတ်နဲ့ တကောက်ကောက် လိုက်နေပြန်ပါသတဲ့။ ဒီအခါ လူတွေက "နွားကျောင်းသား ထွက်လာပြီ"လို့ ပြောင်လှောင်ကြပြန်တာနဲ့ အဲဒီနွားကို သတ်စေပြန်လို့ လေးဘဝမြောက် သေခဲ့ရပြန်ပါတယ်။

နွားဘဝသေပြီးနောက် စွဲလမ်းမှုနဲ့ ဇနီးဟောင်းရဲ့ ပမ်းမှာ ပဋိသန္ဓေ နေလာရပြန်ပါတယ်။ မွေးဖွားလာတဲ့အခါ ဇာတိဿရဉာဏ်ကိုရတဲ့အတွက် ယခင်ဘဝဟောင်းများက အဖြစ်အပျက်များကို သိမြင်ပြီး မိခင်ရဲ့အကိုင်အတွယ်ကိုပင် မခံတော့ပဲ ငိုယိုပြီးနေပါတယ်။ အရွယ်ရောက်တဲ့အခါ အဘိုးဖြစ်သူကို အားလုံးအကြောင်းစုံပြောပြတဲ့အခါ မြေးအဘိုးနှစ်ယောက်လုံး ထိတ်လန့်တုန်လှုပ်မှုဖြစ်ကြပြီး ကျောင်းတိုက်တခုသို့သွားကာ ရဟန်းပြုကြပါတယ်။ တရားအလုပ် ကြိုးစားအားထုတ်ကြတဲ့အတွက် မြေးအဘိုး ရဟန်းနှစ်ပါးလုံး အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်ကာ ရဟန္တာများ ဖြစ်သွားခဲ့ကြရပါတယ်။

မှတ်ချက်။ ။ဒီဝတ္ထုမှာ အစ်ကိုဖြစ်သူဟာ ခင်မင်တွယ်တာမှု တဏှာကြောင့် ဘဝသစ်တွေ ထပ်ကာထပ်ကာ ဖြစ်ခဲ့ပါတယ်။ ဘဝသစ်ဖြစ်ပြီး သေခြင်းဆိုးနဲ့ချည်း ၄-ဘဝတိုင်တိုင် သေခဲ့ရပါတယ်။ ဒါပေမယ့် နောက်ဆုံးဘဝမှာတော့ တဏှာကုန်ခန်းပြီး ရဟန္တာဖြစ်သွားခဲ့တဲ့အတွက် ဘဝသစ် နောက်ထပ်တဖန် ပြဖြစ်ရတော့ပဲ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားပေါတော့တယ်။

www.dhammaransi.com



## ယောကျ်ားဘဝ မိန်းမဘဝ

လူ့ဘုံလောကသို့ရောက်ရှိလာကြပြီး လူရယ်လို့ဖြစ်လာကြရာမှာ ယောကျ်ားဘဝ၊ မိန်းမဘဝရယ်လို့ ကွဲပြားခြားနားမှု ရှိကြရပြန်ပါတယ်။ အဲဒီလို ကွဲပြားခြားနားမှု ရှိကြရတာဟာ ရှေးက မိမိတို့ပြုခဲ့ကြတဲ့ ကုသိုလ်ကံဆိုင်ရာတွေမှာ ယောကျ်ားစိတ်ဓာတ် သဘော၊ မိန်းမစိတ်ဓာတ် သဘောတွေ ကွဲပြားခြားနားမှု ရှိခဲ့ကြတဲ့အတွက်ကြောင့် ဖြစ်ကြရပါတယ်။

ကံ့ကံ၏ အကျိုးတရားအနေနဲ့ ကြည့်မယ်ဆိုယင် ယောကျ်ားဘဝဟာ မိန်းမဘဝထက် သာလွန်မြင့်မြတ်တယ်လို့ ဆိုနိုင်ပါတယ်။ ယောကျ်ားဘဝဖြစ်ရတာဟာ မိန်းမဘဝဖြစ်ရတာထက် အစစအရာရာမှာ အဆင့်အတန်းအားဖြင့် သာလွန်မြင့်မြတ်တယ်လို့ ယူဆအပ်ပါတယ်။

ယောကျ်ားဘဝ ဖြစ်စဉ်မှာ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံကို ကျူးလွန်မိခဲ့ယင်တော့ သေသယ် ငရဲကျယင် ကျရပါတယ်။ ငရဲမကျပဲ လူပြန်ဖြစ်သယ်လဲ မိန်းမဘဝမှာ ဖြစ်ကြရပါတယ်။ အရှင်အာနန္ဒာမထေရ်မြတ်ကြီးဟာ အတိတ်ဘဝတခုမှာ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိခဲ့တဲ့ အတွက်ကြောင့် မိန်းမဘဝ ဖြစ်ခဲ့ရဖူးပါတယ်။

ကံ့ကံ၏ အကျိုးတရားရဲ့ ဆန်းကြယ်မှုကြောင့် လူဘဝတခုတည်းမှာပဲ ယောကျ်ားဘဝရော မိန်းမဘဝပါ ဖြစ်ခဲ့ရတဲ့ အဘိတ်သာဓက ဝတ္ထုတပုဒ်လဲ ရှိပါသေးတယ်။

www.dhammaransi.com



## မောင်မစ္စကာ၊ မယ်မစ္စကာ

ရှေးက သောရေယျပြည်မှာ သူဌေးသား သောရေယျ မောင်မစ္စကာ ဆိုတာ ရှိပါတယ်။ တစ်နေ့မှာ သူဟာ မိတ်ဆွေ သူငယ်ချင်းများနဲ့အတူ ဂင်္ဂါမြစ်ဆိပ်သို့ ရေချိုး သွားပါတယ်။ လမ်းရိုးမှာ ဆွမ်းခံကြွတော်မူလာတဲ့ ရှင်မဟာကစ္စည်းမထေရ်မြတ်ကို မြင်တွေ့ရပါတယ်။

အဲဒီလိုတွေ့မြင်တဲ့အခါ ရှင်မဟာကစ္စည်းမထေရ်မြတ်ရဲ့ ရွှေအဆင်း လှပတဲ့ ပေါ်မှာ ကြည်ညိုမှု သဒ္ဓါမဖြစ်ပဲ ဟုတ်မကျတဲ့ တဏှာဖြစ်ကာ "ငါ့မယားလေး ဖြစ်ပါမူကား ကောင်းလေစွ" လို့ စိတ်ဖြင့် ပြစ်မှားမိပါတယ်။ အဲဒီလို ပြစ်မှားလိုက်တဲ့အခါ ပေါ်ပေါက်ခဲ့သော ယောကျ်ားအသွင် တစ်မုဟုတ်ချင်း ကွယ်ပျောက်သွားပြီး မိန်းမအသွင်သို့ ချက်ချင်းရောက်ရှိသွားရပါတော့တယ်။

မောင်မစ္စကာလဲ သူ့အဖြစ်ကို အလွန်ရှက်သွားတာနဲ့ အတူပါလာတဲ့ မိတ်ဆွေသူငယ်ချင်း များကိုပင် အသိမပေးနိုင်ပဲ ဂင်္ဂါမြစ်ကမ်းနံဘေးအတိုင်း စုန်ဆင်းပြေးသွားတဲ့အခါ တက္ကသိုလ် ပြည်သို့ ရောက်ရှိသွားပါတယ်။

တက္ကသိုလ်ပြည်သို့ရောက်တဲ့အခါ သူဌေးသားတစ်ယောက်နဲ့ အကြောင်းဆက်ပေါင်းဖက်မိကြ ပြီး သားနှစ်ယောက်ပင် မွေးမြောက်ခဲ့ရပါတယ်။ အဲဒီနောက် တစ်နေ့မှာ သောရေယျပြည်က ရောက်ရှိ လာကြတဲ့ ကုန်သည်သူဌေးတွေက မယ်မစ္စကာကို တွေ့ရှိမှတ်မိသွားကြပြီး အဖြစ်သနစ်ကို မေးမြန်းကြပါ

[၉] မယ်မစ္စကာဘဝတွင် သား ၂-ယောက် ဖွားမြောက်ခဲ့ရပုံ။

www.dhammaransi.com



www.dhammaransi.com

တယ်။ မယ်မစ္စကလဲ သူ့ရဲ့ ဖြစ်ပုံအကြောင်းစုံကို မရှက်နိုင်တော့ပဲ ပြောပြလိုက်ရရှာပါတယ်။ ဒီအခါ ကုန်သည်သူဌေးများက မယ်မစ္စကအား "ရှင်မဟာကစ္စည်းမထေရ်ထံသို့သွား၍ မနောက်ဖြင့် ပြစ်မှားမိသော အပြစ်များကို သည်းခံတော်မူပါဘုရားလို့ဆို၍ ကန်တော့ပါ။ သင့်ရဲ့ ဘ၀သာယာမှုကို ပေးစွမ်းနိုင်ပါလိမ့်မယ်" လို့ ပြောဆိုတိုက်တွန်းကြပါတယ်။

မယ်မစ္စကလဲ ကုန်သည်များ ပြောဆိုတိုက်တွန်းကြတဲ့အတိုင်း ရှင်မဟာကစ္စည်းမထေရ်ထံသို့ သွား၍ ကန်တော့ရှာပါတယ်။ ရှင်မဟာကစ္စည်းမထေရ်သူမြတ်ကလဲ "သင်၏အပြစ်ကို ငါသည်းခံပါတယ်။ သင့်ရဲ့ ပင်ကိုယ်ယောကျ်ားဘ၀ကို ပြန်ရပါစေသတည်း" လို့ မိန့်ဆိုတော်မူပါတယ်။ အဲဒီအခါ မိန်းမအသွင် ချက်ချင်းကွယ်ပျောက်သွားပြီး ယောကျ်ားအသွင်သို့ ပြန်လည်ရောက်ရှိရပါတော့တယ်။

မောင်မစ္စကလဲ ကံတရားရဲ့ဆန်းကြယ်ပုံတို့ကို ကိုယ်တိုင်တွေ့ကြုံခဲ့ရပြီး သံဝေဂဉာဏ်ကြီးစွာ ရရှိကာ ယောကျ်ားဘ၀ဖြင့်ရသော သား ၂-ယောက်နဲ့ မိန်းမဘ၀ဖြင့်ရသော သား ၂-ယောက် တို့ကို သက်ဆိုင်ရာ အဘိုးတို့ထံအပ်နှံပြီး ရှင်မဟာကစ္စည်းအထံမှာ ရဟန်းပြုပါတယ်။ တရားအလုပ် ကြိုးစားအားထုတ်တဲ့အတွက်ကြောင့် မကြာမြင့်မီ အချိန်အတွင်းမှာပဲ ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ အရဟတ္တဖိုလ်ကိုရရှိပြီး သောရေယျရဟန္တာ ဟူ၍ ထင်ရှားဖြစ်ပေါ်ခဲ့ပါတော့တယ်။

[ဓမ္မပဒ-သောရေယျဝတ္ထု]

### ကံ ရုပ်သေးဆရာ

လူ့ဘုံလူ့ဘဝလူဝင်စားတွေ” နဲ့ ပတ်သက်ပြီး တင်ပြလာတာ တော်တော်တောင် ရှည်သွားပါပြီ။ ကံရုပ်သေးဆရာရဲ့ ကြိုးဆွဲရာနောက်သို့ လိုက်ပါရပြီး အဆန်းတကြယ် ကပြကြရရှာတဲ့ ဝတ္ထုသာဓကတွေကတော့ များစွာပင် ကျန်ရှိပါသေးတယ်။ ဒါပေမယ့် ကျန်တဲ့ဘုံဘဝအခန်းတွေကိုလဲ စိတ်ဝင်စားဖွယ်ရာ တင်ပြရန် ကျန်သေးတဲ့အတွက် ဒီမျှနဲ့ပဲ ရပ်နားမှုပြုကြပြီး ဆောင်ပုဒ် ကဗျာကလေးတွေ ဆိုကြပါဦးစို့။

### လူ့ဘုံဘဝ ညွှန်းပြကဗျာ

လူ့ဘဝဆိုတာ ရနိုင်ခဲတဲ့၊ ဒုလ္လဘပဲ ဖြစ်ပါတယ်။
ရှေးကုသိုလ်ကံ ထောက်ပံ့ပြုလို့၊ ဤလူ့ဘဝ ရောက်ရတယ်။
တဏှာရင်းခံ ကံအကျိုးကြောင့်၊ လူအမျိုးမျိုး ကွဲပြားတယ်။
ဇာတိဿရဉာဏ် တချို့ရလို့၊ ရှေးဘဝကို သိကြတယ်။
လူဝင်စားဆိုတာ စိစစ်ကြည့်တော့၊ တကယ်ရှိတာ မှန်ပါတယ်။
လူသေပြီးယင် လူပြန်ဖြစ်လို့၊ တိရစ္ဆာန်လဲ ဖြစ်နိုင်တယ်။
တဏှာရှိယင် ဘဝအသစ်ဖြစ်လို့၊ သံသရာနစ်လို့ မျောအုံးမယ်။
ပုထုဇဉ်ဆိုတာ အဝိဇ္ဇာရှိလို့၊ လားရာဂတိ မမြဲဘူးကွယ်။
မှတ်ကွယ်....မှတ်ကွယ်။

www.dhammaransi.com

# ပြိတ္တာဘုံ ပြိတ္တာဘဝ

## ၂။ [ပြိတ္တာဘုံဘဝသို့ ရောက်ရှိခြင်း] [ပေတဂတိ]

ပြိတ္တာကိုတော့ ယခုခေတ်အခေါ် တစ္ဆေ၊ သရဲ၊ အစိမ်း၊ သဘက်၊ မှင်စာ၊ ဖုတ်ကောင်၊ ကျတ်ကောင် စသည်တို့ဖြင့်ကြပါတယ်။ အမျိုးအစားအားဖြင့် အလွန်များပြားပြီး တမျိုးတမျိုးမှာလဲ အရေအတွက်ဟာ အင်မတန်များပြားစွာ ရှိကြတယ်လို့ ဆိုပါတယ်။

သူတို့မှာ ဘုံဌာနရယ်လို့ သီးခြားမရှိကြ။ သူတို့ နေထိုင်ကြရာဖြစ်တဲ့ မြပ်ချောင်း အင်းအိုင် တောတောင် သုသာန်စတဲ့အရပ်တွေကိုပဲ ပြိတ္တာဘုံရယ်လို့ ခေါ်ဆိုရခြင်း ဖြစ်ပါတယ်။

ပါဠိစကား "ပေတ" မှ ဆင်းသက်လာတဲ့ ပါဠိပျက်စကား ပိတ္တာကို ပြိတ္တာရယ်လို့ခေါ်ဆို နေကြခြင်း ဖြစ်ပါတယ်။

သုခတော ပကဋ္ဌေန၊ ဣတော ဂတာ ပေတ္တာတိ ပေတာ။

[ယော၊ အကြင်သတ္တဝါတို့သည်။ သုခတော၊ ချမ်းသာမှ။ ပကဋ္ဌေန၊ ဝေးသောအားဖြင့်။ ဣတော ဂတာ ပေတ္တာ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ ပေတာ၊ ပြိတ္တာ မည်ကုန်၏။] တဲ့။

www.dhammaransi.com



ပြိတ္တာကိုကာ ချမ်းသာမှုဝေးရာသို့ရောက်နေရတဲ့သတ္တဝါလို့ အဓိပ္ပါယ်ရတယ်။ သူတို့ဟာလူတွေ စွန့်ပစ်ထားတဲ့ ထမင်းကျန်ဟင်းကျန်၊ အပုပ်အသိုး၊ နှပ်၊ တံတွေး၊ သလိပ်၊ မစင် စသည်တို့ကို စားသောက်ကြရပါသတဲ့။ တချို့ကတော့ သစ်ပင်များ အိမ်ကြိုအိမ်ကြားများမှာ နေကြလျက်၊ စိတ်မာတ်အားငယ်တဲ့ယောကျ်ား မိန်းမ ကလေးသူငယ် စသူတို့ကို ခြောက်လှန့် ပူးကပ်ပြီး တစ္ဆေသရဲပစ်တဲ့အခါ စားသောက်လေ့ရှိကြပါတယ်တဲ့။

ပြိတ္တာဘဝသို့ ရောက်ရှိလာကြရခြင်းဟာ ရှေးက မိမိတို့ပြုခဲ့ဖူးတဲ့ အကုသိုလ်ကံတခုခုကြောင့် ဖြစ်လာကြရပါတယ်တဲ့။ တချို့လဲရှေ့ဘဝမှာ ကြွရှည်စွာခံစားကြရပြီးမှ ပြိတ္တာဘဝသို့ ရောက်ရှိလာကြရတာဖြစ်ပါတယ်။ တချို့လဲလူ့ဘဝတုန်းက ကုသိုလ်ကောင်းမှုတွေ များစွာ ပြုခဲ့ကြပါရဲ့။ ဒါပေမယ့် သေခါနီးဆဲဆဲမှာ သားသမီးယောက်ျား မြေးမြစ်ယောက်ျား ငွေလမ်းမှုတွေနဲ့ စွဲလမ်းနေခဲ့ကြတဲ့အတွက် သူတို့ရဲ့အိမ်အနီးအပါးမှာပဲ ပြိတ္တာဘဝဖြစ်ပြီး နေကြရရှာပါသတဲ့။ သူတို့အဖို့ကတော့ ကုသိုလ်ကောင်းမှုပြုပြီး အမျှအတန်းဝေပြီး သာဓုခေါ်နိုင်ခဲ့ယင်တော့ ပြိတ္တာဘဝမှ ကျွတ်လွတ်နိုင်ပြီး လူပြန်ဖြစ်ဖို့ နီးစပ်လှပါသတဲ့။

## ဂိဇ္ဈကုဋ်မှ ပြိတ္တာများ

ဘုရားရှင် လက်ထက်တော်က ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်ပေါ်မှာ ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတော်များ သီတင်းသုံးတော်မူလေ့ရှိကြပါသတဲ့။ တနေ့မှာ အရှင်လက္ခဏနဲ့ အရှင်မဟာမောဂ္ဂလ္လာန်တို့ဟာ တောင်ပေါ်မှ ဆွမ်းခံဆင်းလာကြတဲ့အခါ တနေရာမှာ အရှင်မောဂ္ဂလ္လာန်

www.dhammaransi.com



ကိုယ်တော်မြတ်ကြီးက ဖားနှိုးတော်ဖြင့်ဆင်ခြင်တော်မူတဲ့အခါ လှန်စွာထူးဆန်းလှတဲ့ပြိတ္တာများကို မြင်တော်မူပါသတဲ့။ အဲဒီအခါ “ပိမိမှာ ဤပြိတ္တာအဖြစ်မျိုးမှ လွတ်ရလေပြီ။ ကံ၏ အကျိုးပေးပုံ သည် လှန်စွာ ဆန်းကြယ်လှပေစွ” ဟု တရားတော်ကို သတိရပြီး ပြုံးတော်မူပါသတဲ့။


ပြုံးတော်မူခြင်းရဲ့ အကြောင်းကို အရှင်လက္ခဏက မေးတဲ့အခါ “ဗုဒ္ဓရှေ့တော်ရောက်မှ မေးပါ” လို့ ပြောပြီး၊ ဘုရားရှင်ရှေ့တော်မှောက်ရောက်လို့ ထပ်မံမေးတဲ့အခါ “အရှင်လက္ခဏ၊ ယနေ့ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ် ပြိတ္တာကောင်ကို မြင်ခဲ့ရတယ်။ သူတို့ဟာ ကောင်းကင်ရဲ့မှာ ခံကြရရှာပြီး၊ ကယ်ပါယူပါ တစာစာအော်ဟစ်နေကြတယ်။ ထိုပြိတ္တာများကိုမြင်ရတဲ့အခါ ဩော်...အံ့သြဖွယ် ကောင်းပေစွ၊ ဒီလိုသတ္တဝါမျိုး ရှိရှိရလေတယ်လို့တွေးမိပြီး ပြုံးတော်မူရခြင်းဖြစ်တယ်” လို့ ပြောပြ ပါတယ်တဲ့။

ဒီအခါ ဘုရားရှင်က “ရဟန်းတို့...ငါ၏သာဝကတို့ဟာ ဉာဏ် မျက်စိ အမြင် ကျယ်ပေစွ။ သာမန်စက္ခုဖြင့် မမြင်နိုင်တဲ့ အရာကို မြင်နိုင်ကြပေစွ။ ယိုသတ္တဝါဟိုကို ရှေး [ဗုဒ္ဓဖြစ်ခါနီး ဒိဗ္ဗစက္ခု အဘိညာဉ်] ရတုန်းကပင် မြင်ခဲ့ဖူးတယ်။ ဒါပေမယ့် ပြောပြမယုံကြည် မယုံသူမှာ အကျိုးမဲ့ ဖြစ်စရာရှိသောကြောင့် မှာတော့ ကိုယ်မပြောပဲနေခဲ့တယ်။ ထိုပြိတ္တာတို့ဟာ ပကောင်းမှု အကုသိုလ်

---

[၁၀] ဘုရားရှင်က “ငါ၏ သာဝကများသည် ဉာဏ်မျက်စိအမြင်ကျယ်ပေစွ၊ သာမန်စက္ခုဖြင့် မမြင်နိုင်သည့် အရာကိုပင် မြင်နိုင်ပြပေစွ” ဟုမိန့်ကြားတော်မူပုံ။

www.dhammaransi.com



www.dhammaransi.com



ကံကြောင့် ငရဲဘုံ၌ အနှစ်မျိုးစွာ ခံခဲ့ရပြီးမှ ပြိတ္တာဖြစ်လာကြရပေတယ်'' လို့ မိန့်ကြားတော်မူခဲ့ပါတယ်တဲ့။

## တန်ခိုးတော်ဖြင့် ပြတော်မူခဲ့

အခါတပါးမှာ ဘုရားရှင်ဟာ ရှာန်ဖြင့် ဗာရာဏသီပြည်အနီးရှိ ဂင်္ဂါမြစ်ကမ်းတနေရာသို့ ကြွရောက်တော်မူခဲ့ပါတယ်။ အဲဒီအခါ ဗိမ္ဗိသာရမင်းရဲ့ အမတ်ချုပ်ကြီးဖြစ်တဲ့ ကောလိယကဆွမ်းပင့်ကျေးကာ ဘုရားရှင်အား "သူကိုယ်တိုင် တွေ့ကြုံခဲ့ရတဲ့ မုဆိုးပြိတ္တာရဲ့အကြောင်း'' ကို လျှောက်ထားခဲ့ပါတယ်။


ဒီအခါ ဘုရားရှင်က ရဟန်း ရှင် လူ ပရိသတ်များစွာကို စုဝေးစေပြီး လူအပေါင်းအား သနားချီးမြှောက်သည့်အနေဖြင့် ပြိတ္တာများကို အဓိဋ္ဌာန်ပြု၍ ပြသတော် မူခဲ့ပါတယ်။

လူအပေါင်းတို့ဟာ ပြိတ္တာများကို ထင်ရှားစွာ တွေ့မြင်ခဲ့ကြရပြီး၊ သူတို့ရဲ့ ဆင်းရဲဒုက္ခ ခံစားကြရပုံ၊ အဝတ်အစားမရှိပဲ ချို့တဲ့စွာ နေကြရရှာပုံ၊ အစာငတ်ပြတ်၍ ညှိုးငယ်စွာနေကြရပုံ စသည်တို့ကို ကိုယ်တွေ့မျက်မြင် တွေ့ရှိကြရပါတော့တယ်တဲ့။

[အဘိဓမ္မာန ပေတ ဝတ္ထု]

[၁၁] ဘုရားရှင်က တန်ခိုးတော်ဖြင့် ပြတော်မူသဖြင့် ပြိတ္တာတို့၏ဆင်းရဲဒုက္ခကို လူတို့တွေ့မြင်ကြရပုံ။

www.dhammaransi.com



## ပြိတ္တာအမျိုးမျိုး

ပြိတ္တာတွေရဲ့ အမျိုးအစားများနဲ့ ပတ်သက်ပြီး လောကပညတ္တိကျမ်းမှာ ၁၂ မျိုး ပြဆိုထားပါတယ်။ အဲဒါတွေကတော့ ၁။ တံတွေး နှပ်စားတဲ့ ပြိတ္တာ၊ ၂။ အကောင်ပုပ်စားတဲ့ ပြိတ္တာ၊ ၃။ မစင်စားတဲ့ ပြိတ္တာ၊ ၄။ ခံတွင်းမှ မီးလျှံထွက်တဲ့ ပြိတ္တာ၊ ၅။ အပ်နဖားမျှ ပါးစပ်ပေါက်ရှိတဲ့ ပြိတ္တာ၊ ၆။ ရေငတ် ယမ်းငတ်တဲ့ ပြိတ္တာ၊ ၇။ မီးလောင်ငုတ်တိုလို ခံရတဲ့ပြိတ္တာ၊ ၈။ ဓားနဲ့တူတဲ့ လက်ရှိတဲ့ ပြိတ္တာ၊ ၉။ တောင်လုံးမျှ ကိုယ်ခန္ဓာရှိတဲ့ ပြိတ္တာ၊ ၁၀။ စပါးကြီးမြွေလို ကိုယ်ခန္ဓာရှိတဲ့ ပြိတ္တာ၊ ၁၁။ ဗိမာန်ရှိတဲ့ ပြိတ္တာ၊ ၁၂။ တန်ခိုးကြီးတဲ့ ပြိတ္တာမင်းတို့ ဖြစ်ကြပါတယ်။ အင်္ဂုတ္တရဋ္ဌကထာ ကျမ်းမှာလဲ ပြိတ္တာ ၄ မျိုး ပြဆိုထားပါသေးတယ်။ အဲဒါတွေကတော့ ၁။ သူတပါးပေးမှ စားရတဲ့ ပြိတ္တာ၊ ၂။ ထမင်းငတ် ရေငတ်တဲ့ ပြိတ္တာ၊ ၃။ ပူပန်နေရတဲ့ ပြိတ္တာ၊ ၄။ အသုရကာယ် တို့ ဖြစ်ကြပါတယ်။

[သံဝေဂဝတ္ထု ဒီဂနီ]

## ပြိတ္တာမြင်ရတဲ့ ဆေးမြစ်

တခါက သီဟိုဠ်ကျွန်းမှာ မြေဖုတ်သီလူးမ (ပြိတ္တာမ) တယောက်ဟာ သား ၂-ယောက်ကို သူပါရုံဘုရား တံခါးအနီး၌ ထားခဲ့ပြီး အစာရှာဖို့ အနုရာဓမြို့တွင်းသို့ ဝင်ခဲ့ပါတယ်။ မြေဖုတ်

www.dhammaransi.com



ဘိလူးမဟာ နေမြင့်သည့် တိုင်အောင် ပြန်မရောက်လာတဲ့ အတွက်ကြောင့် သား ၂-ယောက်တို့ဟာ ဆာလောင် မွတ်သိပ်ပြီး နေကြရပါတယ်။ ဒီအခါ မထေရ်တပါးကို မြင်တွေ့ကြပြီး "အရှင်ဘုရား၊ အကျွန်ုပ်တို့မိခင်သည် မြို့တွင်းသို့ ဝင်သွားသည်မှာ ကြာမြင့်ပါပြီ။ ထိုအမိအား ဆိုပါလေ။ ဟူးဟူး ငြားငြား ရသမျှ အစာတို့ကို လျင်မြန်စွာ ယူ၍ လာခဲ့ပါ။ သားသုငယ်တို့သည် ဆာမွတ်လှကုန်ပြီ" လို့ မှာကြားကြပါတယ်တဲ့။ ဒီအခါ မထေရ်က "အဘယ်သို့လျှင် သင်တို့မိခင်ကို ငါမြင်နိုင်အံ့နည်း" လို့ မေးတဲ့အခါ မြေဖုတ်သူငယ်တို့က "အရှင်ဘုရား၊ ဤဆေးမြစ်ကိုယူ၍ ကြည့်ပါလေ" လို့ ဆိုပြီး ဆေးမြစ်ကို ပေးလိုက်ကြပါသတဲ့။

မထေရ်ဟာ ဆေးမြစ်ကို ယူလိုက်တယ်ဆိုယင်ပဲ တစ်ထောင်ပျမကသော ပြိတ္တာဘီလူးတို့ကို ထင်ထင်ရှားရှား မြင်တွေ့ရပါတော့သတဲ့။ လမ်းခရီးမှာ ကြောက်မက်ဖွယ် အဆင်းရှိပြီး ကိုယ်ဝန် အညစ်အကြေးစသည်တို့ကို ရှာကြံစားနေတဲ့ မြေဖုတ်ဘီလူးမကို တွေ့ရှိရတဲ့အခါ သားငယ်များမှာကြားလိုက်တဲ့အတိုင်း ပြောကြားပါသတဲ့။ ဒီအခါ မြေဖုတ်ဘီလူးမက "အဘယ်သို့လျှင် အရှင်သည် အကျွန်ုပ်ကို မြင်ပါသနည်း" လို့ မေးတဲ့အခါ မထေရ်က ဆေးမြစ်ကိုထုတ်ပြီးပြသပါသတဲ့။ ဒီအခါ ဘီလူးမဟာ မထေရ်မြတ်ထံမှ ဆေးမြစ်ကို လုယူပြီး ထွက်ပြေးသွားခဲ့ပါလေသတဲ့။

[မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာ]

www.dhammaransi.com

## ပြိတ္တာရှစ်သောင်းလေးထောင်

ဘုရားရှင်လက်ထက်တော်က ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရ မင်းကြီးအား တခုသော ညအခါမှာ ပြိတ္တာများက ဖောက်ပြန်တဲ့ အသံနက် အသံပြဲကြီးတွေနဲ့ အော်ဟစ်ပြကြ၊ ကြောက်စရာ ရုပ်ပုံသဏ္ဌာန်တွေဖြင့် ကိုယ်ထင်ပြကာ ခြောက်လှန့်ခဲ့ကြတယ်လို့ ဆိုပါတယ်။

ဗိမ္ဗိသာရမင်းကြီးလဲ ထိတ်လန့်ကြောက်ရွံ့ တုန်လှုပ်ကာ တညလုံး မအိပ်နိုင်တော့ပဲ နံနက်ရောက်တဲ့အခါ ဘုရားရှင်ထံတော်သို့ သွားပြီး "အရှင်ဘုရား၊ တပည့်တော်အား ထိတ်လန့်ကြောက်ရွံ့ဖွယ် ဖောက်လွဲဖောက်ပြန် အသံကြီးများကို ကြားရသည့်အတွက် ဘယ်လိုအကျိုးအပြစ်များ ဖြစ်လာနိုင်ပါသလဲဘုရား" လို့ အလုံးစုံ လျှောက်ထားမေးမြန်းပါတယ်။

[၁၂] ဒီအခါ ဘုရားရှင်က "ဒကာတော် မင်းမြတ်၊ မကြောက်လင့်၊ သင်မင်းကြီးအဖို့ ဘာမျှမဖြစ်နိုင်၊ လွန်ခဲ့သော ၉၂ ကမ္ဘာ အထက်က သင်၏ဆွေမျိုး ရှစ်သောင်းလေးထောင်တို့ဟာ သံဃာတော်များအား လှူဒါန်းရန် ချက်ပြုတ်ထားတဲ့ စားသောက်ဖွယ်တို့ကို မကပ်လှူမီ နေ့စဉ်မပြတ် စားသောက်ခဲ့ကြခြင်းကြောင့် ပြိတ္တာများဖြစ်နေခဲ့ကြပြီး စားရမဲ့ သောက်ရမဲ့ ငတ်ပြတ်နေကြရတယ်။ သူတို့ဟာ ဘုရားရှင်များထံချဉ်းကပ်ပြီး စားသောက်ရမည့်ကာလကို လျှောက်ထားခဲ့ကြတဲ့အခါ၊ ဂေါတမဘုရားရှင်လက်ထက် သင်တို့၏ ဆွေမျိုးဖြစ်ခဲ့တဲ့ ဗိမ္ဗိသာရမင်းက အလှူပေးတဲ့အခါ သင်တို့အား အမျှ

---

[၁၂] မန္တလေးရွှေမြို့တော်၏ လက်သဲမှ ဆေးမြစ်ကြီးကို ဒူးမြဖုတ်ဘီလူးမက အတင်းလုယူထွက်ပြေးသွားပုံ။

www.dhammaransi.com



www.dhammaransi.com



စေလိမ့်မယ်။ ထိုအခါ သင်တို့စားသောက်ကြရပေလိမ့်မယ်''လို့ မိန့်တော်မူခဲ့ကြတဲ့အတွက် သူတို့ဟာ အငမ်းမရလင့်ကြီး မျှော်လင့်စောင့်စားနေကြရှာတယ်။ ဒါပေမယ့် မနေ့က သင်မင်းကြီး အလှူပေးတဲ့အခါတုန်းက အမျှမပေးဝေမိခဲ့လို့ သူတို့မရရှိကြတဲ့အတွက် ညအခါမှာ ဖောက်လွဲ ဖောက်ပြန် အသံကြီးများ၊ ကိုယ်ရုပ်ပုံသဏ္ဍာန်များကိုပြကာ သင်မင်းကြီးအား သတိပေးကြခြင်းဖြစ်တယ်''လို့ မိန့်ကြားတော်မူပြီး ဗိမ္ဗိသာရမင်းကြီးအား ဆွေမျိုးပြိတ္တာတို့ကို ထင်ရှားစွာ မြင်နိုင်အောင် တန်ခိုးတော်ဖြင့် ပြသတော်မူပါတယ်။

ဗိမ္ဗိသာရမင်းကြီးလဲ သင်္ကန်း ဆွမ်းတို့ကို ထပ်မံလှူဒါန်းပြီး ''တပည့်တော်၏ ဆွေမျိုးပြိတ္တာတို့အား ရောက်ပါစေ၊ ရပါစေ'' လို့ ရည်စူးအမျှပေးဝေလိုက်တဲ့အခါ၊ ဆွေမျိုးပြိတ္တာများက ဝမ်းသာအားရ သာဓုခေါ်ကြတဲ့အတွက် ချက်ချင်း ပြိတ္တာအဖြစ်မှ ကျွတ်လွတ်ကြရပြီး နတ်စည်းစိမ်များခံစားသွားကြရတယ်လို့ ဆိုပါတယ်။

[တိရောကုဍ္ဍပေတဝတ္ထု]

## ဝဲ့လမ်းက ပြိတ္တာဖြစ်

သီရိခေမာသောကမင်းကြီးဆိုယင် ဗုဒ္ဓ သာသနာတော်ကြီးကို သူမတူအောင် ချီးမြှောက်ခဲ့တဲ့ သာသနာ့ဒါယကာကြီး ဖြစ်ပါတယ်။ ကျောင်းတိုက် စေတီ ရေတွင်း ရေကန်ပေါင်း ရှစ်သောင်း

---

[၁၃] ဗိမ္ဗိသာရမင်းကြီးအား ဆွေမျိုးပြိတ္တာများက ကြောက်မက်ဖွယ် ရုပ်ပုံသဏ္ဍာန်များဖြင့် ခြောက်လှန့်နေကြပုံ။

www.dhammaransi.com



 www.dhammaransi.com 

လေးထောင်ဟုကို တည်ဆောက်လှူဒါန်းခဲ့ပြီး မဟာကုသိုလ်တော်များကို ပြုခဲ့တဲ့ ကောရာဇ်ဘုရင်ကြီး တပါးလဲ ဖြစ်ပါတယ်။

ဒါပေမယ့် သီရိဓမ္မာသောကမင်းကြီးဟာ သေခါနီးအချိန်မှာ ဆီးဖြူသီး (ရှစ်ရှားသီး) လေး တခြမ်းကို စွဲမက်မိတာနဲ့၊ သေပြီးခဏမှာ မြွေပြိတ္တာကြီး ဖြစ်ခဲ့ရသေးတယ်လို့ ဆိုပါတယ်။ နောက်မှ သားတော် မဟိန္ဒထေရ်နဲ့တွေ့ရှိပြီး၊ ပြိတ္တာဘဝမှ ကျွတ်လွတ်သွားရတယ်လို့ အဆိုရှိပါတယ်။

[မဟာဝင်]

## ကိုယ်တွေ့ပြိတ္တာများ

တချိန်က မော်လမြိုင်မြို့နယ်၊ ကမ်းခြေရွာတရွာမှ တံငါသည် ၃ ယောက်တို့ဟာ လှေပျက်ပြီး တယောက်ကတော့ လှေပျက်နဲ့အတူ ကမ်းခြေတခုသို့ရောက်ရှိသွားခဲ့ပါတယ်တဲ့။ ကမ်းပေါ်သို့တက်ပြီး ဟိုဟိုသည်သည် အကူအညီရှာတဲ့အခါ ကွယ်လွန်သွားခဲ့ပြီးဖြစ်တဲ့ ဇနီးဟောင်းကို ပြန်တွေ့ရပြီး၊ သူ ခေါ်ရာနောက်သို့ လိုက်သွားပါတယ်တဲ့။ သူတို့နေတဲ့ရွာကိုရောက်ရှိတဲ့အခါ ဇနီးဟောင်းက အစား အသောက်များ ကျွေးမွေးပြုစုပြီး ကောင်းစွာထားပါတယ်တဲ့။

---

[၁၄] နေဝင်ရီဘရီး နေမှောင်စပျိုးသည့်အချိန်တွင် တရွာလုံး "လာကြဟေ့ လာကြဟေ့" ဟုအော်ဟစ်ကာ ထွက်သွားကြပုံ။

www.dhammaransi.com



www.dhammaransi.com


အဲ... နေ့ဝင်ပြီး မှောင်လာတဲ့အခါ တစ်ရွာလုံး "လာကြဟေ့... လာကြဟေ့" လို့ ခေါ်ပြီး တစ်ယောက်မကျန် ထွက်သွားကြပါတယ်တဲ့။ မနက်စောစော မှာ တစ်ရွာလုံး ပြန်လာတာ တွေ့ရတဲ့အခါ ယောက်ျားက ဇနီးမောင်းကို "မင်းတို့က ဘာကောင်တွေလဲ" လို့ မေးပါသတဲ့။ ဇနီးမောင်းက "ကျုပ်တို့က နေ့ခံ ညခံရတဲ့ပြိတ္တာတွေပဲ၊ ညကျရင် ခွေးလုံးဟောင်ပေါ်လာပြီး ခွေးစားခံကြရတယ်" လို့ ပြောပါသတဲ့။

ဒီအခါ ယောက်ျားလဲ ကြောက်ရွံ့ထိတ်လန့်ပြီး မနေဝံ့တော့ပဲ "ပြန်တော့မယ်" လို့ ပြောတဲ့အခါ၊ ဇနီးမောင်းက လူသွားလမ်းရောက်အောင် လိုက်ပို့ပြီး "သူ့အတွက် ကုသိုလ်ပြုပြီး အမျှဝေပါ" လို့ မှာလိုက်ရှာသတဲ့။ အဲဒီ တံငါသည်ယောက်ျားလဲ မိမိရပ်ရွာသို့ ပြန်ရောက်တဲ့အခါ ကိုယ်တွေ့မြင်ခဲ့ရတဲ့ ပြိတ္တာတွေရဲ့ဒုက္ခကို ကြောက်ရွံ့ပြီး လူ့ဘောင်၌မနေဝံ့တော့ပဲ ဘုန်းကြီးဝတ် သွားပါသတဲ့။ အသားမစားပဲ သစ်သီးသစ်ရွက်တို့ကိုသာ စားပြီး အလွန်အကျင့်ကောင်းတဲ့ပုဂ္ဂိုလ် တစ်ပါးဖြစ်ခဲ့ပါတယ်တဲ့။

[အရှင်ဇနကာဘိဝံသ၏ နောက်ဆုံးအယ်လ မြတ်ဗုဒ္ဓမှ]

## သရဲဘဝ ဖြစ်ခဲ့ရသူ

၁၃၀၁-ခုနှစ်လောက်က ပန္တနော်မြို့ ဘုရားကြီး တိုက်မှ ဦးအာစိဏ္ဏဆိုတဲ့ စာသင်သား ရဟန်း တစ်ပါးရှိခဲ့ပါတယ်။ ရုပ်ရေထွားကြိုင်းပြီး ဖြူစင်တယ်။ သဒ္ဓါတရားကောင်းတယ်။ ပိဋကတ်စာပေကို

www.dhammaransi.com



ကြိုးကြိုးစားစားကျက်မှတ်ပါတယ်။ အဲဒီဦးအာဂိဏ္ဏက တနေ့သောအခါ သပိတ်သင်္ဘောယင်း "အရှင်ဘုရားတို့ သတိပြုကြပါ၊ သူတပါးတွေလှူတဲ့ဆွမ်းတွေကိုစားပြီး ကောင်းကောင်းကျင့်သုံးနေထိုင်ကြပါ၊ တပည့်တော်ကတော့ ၃-ဘဝတိုင်တိုင် ကိုယ်တွေ့ခံစားခဲ့ရလို့ အထူး သတိပြုနေပါတယ်" စသည်ဖြင့် အတူနေရဟန်းများအား ပြောကြားခဲ့ပါတယ်တဲ့။

အဲဒီလိုပြောပြီးတဲ့နောက် သူ့အကြောင်းသိချင်တာနဲ့ ကိုယ်တော်တပါးက မေးကြည့်ပါတယ်။ အဲဒီအခါ သူက ဒီလိုပြောပါတယ်။ "သူဟာ လူ့ဘဝမှာသေတဲ့အခါ သူရဲပ်ကြီး ဖြစ်ခဲ့ရတယ်၊ အဲဒီ တုန်းက စားစရာလဲမပြည့်စုံ၊ နေစရာလဲကောင်းကောင်းမရှိတဲ့အတွက် ဟိုသွားရ၊ ဒီသွားရနဲ့ အင်မတန် ဆင်းရဲခဲ့ရတယ်။ အဲဒီဘဝမှသေတော့ နွားထီးကြီးဖြစ်ခဲ့ရတယ်။ အဲဒီနွားဘဝမှသေတော့ ယခုဘဝ ရောက်လာရတယ်။ ဒါကြောင့် သံဝေဂရပြီး ရဟန်းပြုလာခဲ့တယ်" လို့ ပြောပါတယ်တဲ့။

[မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်ကြီးမှ]

### တစ္ဆေလူဝင်စား

မန္တလေးမြို့ ဈေးချို အနောက်ဘက်မှာရှိတဲ့အိမ်မှ အမျိုးသမီးတယောက်ဟာ သေဆုံးပြီးတဲ့ နောက် ဆယ်လကျော်တဲ့အခါ အဲဒီအိမ်မှာပဲ လူဝင်စားမိန်းကလေး ဖြစ်လာခဲ့ပါတယ်တဲ့။ စကားပြောတတ်တဲ့အရွယ် ရောက်တဲ့အခါ၊ "ဒီ အဝတ်လဲ ငါ့ဟာ၊ ဒီပစ္စည်းလဲ ငါ့ဟာ" စသည်ဖြင့် ရှေးဘဝတုန်းက သူပိုင်ခဲ့တဲ့ ပစ္စည်းဥစ္စာများကို ပြောပြနိုင်ပါသတဲ့။

အခြားလူများက "ညည်း.... ဒီအိမ်မှာမပင်စားခင်က ဘယ်မှာ ဖြစ်နေခဲ့သလဲ"လို့ မေးကြတဲ့အခါ "ဒီလမ်းထဲမှာပဲ တစ္ဆေဖြစ်ခဲ့တယ်"လို့ ပြောပါသတဲ့။ "ညည်း....လူတွေကို မကြောက်ဘူးလား"လို့ မေးတဲ့အခါ၊ "လူကြီးတွေကို မကြောက်ပါဘူး၊ ကလေးတွေကိုတော့ ကြောက်တယ်၊ သူတို့ တုတ်နဲ့ ခဲနဲ့ ဟိုဟိုဒီဒီပစ်တဲ့အခါ သူတို့ကိုလဲ မှန်အောင်ပစ်တယ်"လို့ ပြောပါသတဲ့။

"အဲဒီတုန်းက ညည်း....မပျင်းဘူးလား"လို့ မေးကြတဲ့အခါ "မပျင်းပါဘူး၊ ဒီလမ်းထဲမှာ အဖော် တစ္ဆေတွေအများကြီးပဲ"လို့ ပြောသတဲ့။ "ညည်းတို့ ဘာစားနေကြတုံး"လို့ မေးတဲ့အခါ "လူတွေပစ်တဲ့ ထမင်းလုံး ဟင်းဖတ်နဲ့ သလိပ်ခဲတွေကို စားနေကြတယ်၊ အမေ ဆွမ်းတော်ကပ်ပြီး အမျှဝေတဲ့အခါ သာဓု မခေါ်ပါဘူး၊ ဆွမ်းတော်စွန့်တော့ လုစားကြတာပဲ"လို့ တစ္ဆေပြိတ္တာတို့ရဲ့ သဘာဝကို ပြောပြပါတယ်တဲ့။ [အရှင်ဇနကာဘိဝံသ၏ အနာဂတ်သာသနာရေးမှ]


### ကိုယ်ကျွေ့ သခဲ့ဝတ္ထု

ဦးစံဖေနဲ့ မိသားစုတို့ဟာ ၁၉၂၈ ခုနှစ်လောက်က ဇီးကုန်းမြို့မှ အင်းစိန်မြို့သို့ ပြောင်းရွှေ့လာခဲ့ကြရပါတယ်။ နယ်ပိုင်ဝန်ထောက်အဖြစ်မှ အခွန်ဝန်အဖြစ် ရာထူးပြောင်းပြီး အင်းစိန်မြို့သို့ ရောက်ရှိခဲ့ရခြင်း ဖြစ်ပါတယ်တဲ့။

---

[၁၅] ဦးစံဖေ နေထိုင်မကောင်းစဉ် အရုပ်ပုံ ဆံပင်ချသူ သည့် မိန်းမ ဟယောက် ခုတင်ခြေရင်းနား လာရပ်နေပုံ။

www.dhammaransi.com



www.dhammaransi.com

အင်းစိန်မြို့မှာ ဝန်းကျယ်ကျယ်ရှိတဲ့ အိမ်ကြီးတလုံးကို ရှာဖွေပြီး၊ ၎င်းအိမ်မှာ နေထိုင်စဉ် ၃-လခန့်ကြာတဲ့အခါ ဦးစံဖေဟာ နေထိုင်မကောင်း ဖြစ်လာပါသတဲ့။ ဒါနဲ့ ရုံးမတက်ပဲ အိမ်မှာ အနားယူ လဲလျောင်းနေတဲ့အခါ နေ့လည် ၂-နာရီလောက်မှာ အရပ်ပုပု ဆံပင်ဖားလျားချထားတဲ့ မိန်းမတယောက်ဟာ ခုတင်ခြေရင်းမှာ လာရပ်နေတာကို တွေ့ရပါသတဲ့။ အနားမှာ ဦးစံဖေရဲ့ ဇနီး ရှိနေပါသော်လဲ ထိုမိန်းမကို မမြင်ရ၊ ဦးစံဖေသာ မြင်ရပါသတဲ့။

လွန်ခဲ့တဲ့ ၃-ရက်လောက်ကလဲ ဦးစံဖေရဲ့ ဇနီးနဲ့ သားတို့ အိပ်နေကြစဉ် သားငယ်ဟာ နံရံဘက်က အိပ်ပါလျက် ခုတင်အောက်သို့ လိမ့်ကျသွားခဲ့ဖူးပါသတဲ့။ ဦးစံဖေရဲ့ မိခင်ကြီး ဘုရားမီး ပူဇော်ပြီး ဘုရားဝတ်ပြုနေစဉ်မှာလဲ ဘုရားမီး ၄-ခါလောက် အလိုလို ငြိမ်းသွားခဲ့ဖူးပါတယ်တဲ့။ ဒါပေမယ့် ဂရုမပြုမိကြပဲ အမှုမဲ့အမှတ်မဲ့သာ နေခဲ့ကြပါသတဲ့။

အဲဒီရက်အတွင်းမှာ ဦးထွန်းအောင်ဆိုသူ ရောက်လာတဲ့အခါ ဦးစံဖေနဲ့ တွေ့လျှင် တွေ့ခြင်း "ခင်ဗျား၊ ဒီအိမ်မှာ မနေပါနဲ့၊ ကျွန်တော် ဒီအိမ်ကိုဝင်လာတော့ အိမ်ရှင်မသရဲကို တွေ့ရပါတယ်။ သူက မဆိုင်တဲ့သူများ ဒီအိမ်မှာနေတာကို မကြိုက်ပါ" လို့ ပြောပါသတဲ့။ ဦးထွန်းအောင်ဆိုသူဟာ ဆေးဝါးကုတဲ့ဆရာမဟုတ်ပေမယ့် ပယောဂကိုတော့ နိုင်သူဖြစ်ပါသတဲ့။

ဦးထွန်းအောင်က "ခင်ဗျား၊ ဒီအိမ်မှာပဲ ဆက်နေချင်ယင် အိမ်ရှင်မသရဲကို နှင်ပေးပါ့မယ်" လို့ ပြောပါသတဲ့။ ဒါပေမယ့် ဦးစံဖေဘက်ကလဲ ကိုယ်ချင်းစာတဲ့သဘောနဲ့ "သူက မနေစေချင်ယင် မနေရုံပေါ့၊ နှင်တော့မနှင်ပါနဲ့" လို့ ဆိုပြီး တခြားအိမ်သို့ မိသားစု ပြောင်းရွှေ့ခဲ့ကြပါတယ်တဲ့။

အဲဒီ အိမ်ကြီးအကြောင်းနဲ့ပတ်သက်ပြီး မေးမြန်းကြည့်တဲ့အခါ "ဒီ အိမ်ရှင်မဟာ ဗုဒ္ဓဘာသာဝင်ဖြစ်သော်လဲ ဘာသာမတူတဲ့ အင်္ဂလိပ်ကပြားနဲ့အကြောင်းပါခဲ့တယ်။ လင်က အယင် သေသွားခဲ့တယ်။ အဲဒီအိမ်ရှင်မ သေခါနီးမှာ အလှူလုပ်လိုလို့ ဘာကြက် ငွေထုတ်ပေးဖို့ ပြောပေမယ့် ထုတ်မပေးတဲ့အတွက် စိတ်မကောင်းဖြစ်ပြီး သေဆုံးသွားခဲ့ရကာ ဒီအိမ်မှာပဲ သရဲဖြစ်နေတယ်။ အဲဒီ မိန်းမရဲ့ အရပ်ကလဲ ပုပုပျပ်ပျပ်ပါပဲ" လို့ ပြောပြခဲ့ကြပါတယ်တဲ့။

[အရှင်ဇနကာဘိဝံသ၏ ဘာသာရေးမှ]

## ညောင်လွန့်ဆရာတော် တွေ့ခဲ့ရသောပြိတ္တာ

၁၂၇၄-ခုနှစ်လောက်က ညောင်လွန့်ဆရာတော်ဟာ အရိုးကြိုးစေတီအနီးရှိ ကျောက်ဘက်ဇရပ်ကြီးအပေါ်မှာ တညလုံး မအိပ်မနေ တရားရှုမှားနေတဲ့အခါ ဇရပ်နံရံအပြင်ဘက်မှ တက်လိုက်ဆင်းလိုက်အသံများ၊ တဝုန်းဝုန်း တဗိုင်းဗိုင်းအသံများဖြင့် ကျည်နေတာသည့်အတွက် သမာဓိမရနိုင်အောင်ရှိခဲ့ရပါတယ်တဲ့။ "အင်း....မာရ်နတ်တွေရဲ့တပည့်တွေပဲ၊ တတ်နိုင်ယင် ငါ့အသက်ကိုပင် သတ်ကြစေတော့ ငါ့အလုပ်ငါလုပ်မှာပဲ" လို့ ဆုံးဖြတ်ပြီး အသက်နဲ့ခန္ဓာကိုယ်ကို အပြတ်စွန့်လှူကာ တရားအားထုတ်တော်မူခဲ့ပါသတဲ့။ နံနက် ၄-နာရီမှာ မျက်နှာသစ်တော်ရေလာကပ်တဲ့ ဦးပဥ္စင်းငယ်အား ကြည့်ရှုခိုင်းတဲ့အခါ ခုနှစ်တောင်ခန့် ရှည်လျားတဲ့ မြွေစိမ်းကြီးကို တွေ့ခဲ့ရပါသတဲ့။ အဲဒီ မြွေစိမ်းကြီးလဲ မကြာမီ ထိုးဆင်းကာ ပျောက်ကွယ်သွားခဲ့ပါတယ်တဲ့။

www.dhammaransi.com



တစ်နေ့မှာ ဆရာတော်ဟာ ဝတ်ရုံကျောင်းကြီးအပေါ်မှာ တရား ရှုပွားတော်မူတဲ့ အခါ၊ ကျောင်းရဲ့မီးနှပ်ချက်ဂူ ပြတ္တာတခုကိုးလာပြီး ပေတိုင်နေပါသတဲ့။ ဆရာတော်က "သင် ဘယ်သူလဲ" လို့ မေးတဲ့အခါ၊ "နန္ဒိယပါ ဘုရား၊ ကယ်တော်မူပါ" လို့ လျှောက်ပါသတဲ့။ နန္ဒိယဟာ ပထမ တိုက်ကြီးခမ်းဆွမ်းကြီး ဖြစ်ပြီး သီလဖင်ကြယ်ခဲ့ယမယ့် ပျံလွန်တဲ့အခါ ကိုယ်ခန္ဓာကိုစွဲလမ်းလို့ ပြိတ္တာဖြစ် နေပါသတဲ့။ ဆရာတော်လဲ ဒကာ၊ ဒကာမများကိုခေါ်ပြီး အလှူအတန်း ပြုစေကာ အမျှဝေတဲ့အခါ နန္ဒိယဟာ ကိုယ်ရောင်ကိုယ်ဝါ လဲ့ပတောက်ပြောင်စွာနဲ့ လာရှိ၍ "တပည့်တော် အထက်နတ်ပြည်သို့ သွားရပါပြီဘုရား" လို့ လျှောက်ထားပြီး ပျောက်ကွယ်သွားခဲ့ပါတယ်တဲ့။

[ညောင်လွန်ဆရာတော်အတ္ထုပ္ပတ္တိမှ]

## သင်းချိုင်း ဟာဇစ္စများ

ရေကျော်ဆရာတော်ဘုရားကြီးဟာ သုသာန်သင်းချိုင်းသို့သွားပြီး ကမ္မဋ္ဌာန်းထိုင်လေ့ တရားစာ ရှုတ်ခဲ့လှပါပေ ပါတယ်တဲ့။ သုသာန်သင်းချိုင်းဆိုတာကတော့ လူသေများ မြှုပ်နှံသဂြိုဟ်ရာနေရာ ဖြစ်ပြီး၊ မြို့များ ရွာများ အနီးအနားမှာ တသီးတခြား ထားရှိအပ်တဲ့အရပ် ဖြစ်ပါတယ်။ ဒါကြောင့် တစ္ဆေ သရဲ မြို့ရွာများဟာ သုသာန်သင်းချိုင်းတို့မှာ များများစားစားနေထိုင်ကြဟန် တူပါတယ်။

---

[၁၆] သုသာန်ကျင့် ဆရာတော်ကြီး ကမ္မဋ္ဌာန်းထိုင်ခဲ့ရာ ပြင်ကွင်းကလေးများ ထွက်လာနေကြပုံ။

www.dhammaransi.com



www.dhammaransi.com


ဆရာတော်ဘုရားကြီး တရားစာတွေ ရွတ်နေတဲ့အခါ တချို့ တစ္ဆေ သရဲတွေက အနားလာပြီး ကောင်းကောင်း တရားနာယူကြတယ်တဲ့။ တချို့ တစ္ဆေတွေကတော့ တရား မနာယူကြတဲ့ အပြင် ကိုးလိုးကန့်လန့် အနှောင့်အယှက်များပင် ပြုကြပါသတဲ့။

ဆရာတော်ကြီးရှေ့မှာ တွင်းကလေးတတွင်းရှိပြီး အဲဒီ တွင်းကလေးထဲက ပြိတ္တာနှစ်ကောင် ထွက်လာကြပါသတဲ့။ တွင်းကလေးက ပုရွက်ဆိတ်တွင်းလောက်ပဲ ရှိပါတယ်။ ပြိတ္တာနှစ်ကောင် ထွက်လာတော့ ခပ်ကြီးကြီး ဖြစ်နေပါတယ်တဲ့။ တကောင်က တောင်ဘက် အစာ သွားရှာတယ်၊ တကောင်က မြောက်ဘက် အစာ သွားရှာတယ်။ အချိန်ကျတော့ သူတို့နှစ်ကောင် ပြန်လာကြပြီး တွင်းကလေးထဲ ပြန်ဝင်သွားကြပါတယ်တဲ့။

[အရှင်ဇနကာဘိဝံသ၏ အခြေပြုပဋ္ဌာန်းတရားတော်မှ]

## ဆန်းကြယ်တဲ့လောက

ဩကာသ လောကကြီးဟာ အင်မတန် ဆန်းကြယ် လှပါတယ်။ ဆန်းကြယ် လွန်းလှတဲ့ ဩကာသလောကကြီးမှာ ဆန်းကြယ်လှတဲ့ သတ္တလောက သတ္တဝါတွေ ကေန့်ရှိကြတာ အမှန်ပါပဲ။ ဒါကို သိပ္ပံပညာက မလိုက်နိုင်သေးပါဘူး။ တချို့က တစ္ဆေ သရဲ ပြိတ္တာတို့ကို မယုံကြည်ကြဘူးလို့

www.dhammaransi.com



ဆိုပါတယ်။ မယုံကြည်တာကိုပဲ ခေတ်မီသလိုလို ထင်ကြ၊ ယူဆနေကြပါတယ်။ အမှန်ကတော့ ဒါဟာ ခေတ်မီတာ မဟုတ်ပါဘူး။ ခေတ်နောက်ကျတာ၊ ဗုဒ္ဓဘုရားရှင် မပွင့်ပေါ်မီက ခေတ်ကို ပြန်လည်ရောက်ရှိသွားတာသာ ဖြစ်ပါတယ်။

မိမိတို့ဉာဏ်အမြင် အားနည်းလို့ မမြင်ရတိုင်း မရှိဘူးလို့တော့ မဟုတ်နိုင်ပါဘူး။ သဗ္ဗညု ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်က တိတိကျကျ ဟောကြားညွှန်ပြထားတော်မူခဲ့တာ ဖြစ်ပါတယ်။

တချို့လူတွေက တစ္ဆေ သရဲ ပြိတ္တာတွေ ရှိတယ်ဆိုတာကို မယုံကြည်ကြဘူးသာ ဆိုတယ်၊ ကြောက်တော့ ကြောက်ကြပါတယ်တဲ့။ အမှန်စင်စစ် တစ္ဆေ သရဲ ပြိတ္တာဆိုတာ ကြောက်စရာ မဟုတ်ပါဘူး။ လူထက် နိမ့်ကျတဲ့ သတ္တဝါတွေသာ ဖြစ်ပါတယ်။ ကြောက်ချင်း ကြောက်ယင် သူတို့ကသာ လူတွေကို ကြောက်ကြရမှာ ဖြစ်ပါတယ်။

လူတွေ အမှန် ကြောက်ကြရမှာက မိမိတို့ကိုယ်တိုင် တစ္ဆေ သရဲ ပြိတ္တာဖြစ်သွားရမှာကိုသာ ကြောက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ကိုယ်တိုင် တစ္ဆေ သရဲ ပြိတ္တာဘဝသို့ မရောက်ရလေအောင်....

"အကုသိုလ် ဒုစရိုက်တွေကိုရှောင်ပြီး ကုသိုလ်သုစရိုက်တွေကို ဆောင်ကြဖို့" အထူးအရေးကြီး လိုအပ်လှပါတော့တယ်။

www.dhammaransi.com



ကဲ … ပြိတ္တာဘုံဘဝနဲ့သက်ဆိုင်တဲ့ ဆောင်ပုဒ်ကဗျာလေးတွေဆိုပြီး သံဝေဂယူကြပါဦးစို့။

## ပြိတ္တာဘုံဘဝ ညွှန်းပြကဗျာ

ဘုရားရှင်ကို အကျိုးပေးတရားကြောင့်၊ ပြိတ္တာဘုံသား ဖြစ်ရတယ်၊
ချမ်းသာဝေးရာ အစဉ်လှည့်သမို့၊ ပြိတ္တာများလို့ ခေါ်ကြတယ်။
သဲ ထဲတွေ့ ဖုတ် သဘက်များဟာ၊ ပြိတ္တာအမျိုးအစား ဖြစ်ပါတယ်။
မြို့ပြချောင်းအင်းအိုင် တောတောင်များမှာ၊ အင်္ဂါမဲ့ခံစား နေကြတယ်။
သင်္ချိုင်း သုသာန်၊ မြို့ရွာအနားမှာ၊ သွားလာကျက်စား ကြပါရယ်။
လူတွေစွန့်တာ အကုန်စားပြီ၊ ဆိုးသိုးရွားရွား သနားစဖွယ်။
အကုသိုလ်တွေ မပြုရအောင်၊ သတိထားပြီး ရှောင်ကြကွယ်။
လောင်းစေသည် ပြိတ္တာဖြစ်သတဲ့၊ ဥပါဒါန်အဖြစ်တာ ကြောက်စဖွယ်။
မှတ်ကွယ် … မှတ်ကွယ်။

www.dhammaransi.com

# တိရစ္ဆာန်ဘုံ တိရစ္ဆာန်ဘဝ

## ၃။ [တိရစ္ဆာန်ဘုံဘဝသို့ ရောက်ရှိခြင်း] [တိရစ္ဆာနဂတိ]

တိရစ္ဆာန်ဆိုတာကတော့ အများမြင်တွေ့နေကြရတဲ့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဆင်၊ မြင်း စတဲ့ မြက်သစ်ရွက် သစ်သီးစားသတ္တဝါတွေ၊ ကျား၊ ခြင်္သေ့၊ ကြောင်၊ ခွေး စတဲ့ သားစားသတ္တဝါတွေ၊ ချိုး၊ ဆက်ရက်၊ ဒေါင်း၊ ကြက်၊ စတဲ့ ငှက်သတ္တဝါတွေ၊ ငါး၊ လိပ်၊ ငါးမန်း၊ မိကျောင်း စတဲ့ ရေသတ္တဝါတွေ၊ ပိုးတပ်၊ အိမ်မြှောင်၊ တောက်တဲ့၊ ပင့်ကူ၊ မြွေ စတဲ့ ပိုးမွှားသတ္တဝါတွေ စသည်တို့ ဖြစ်ကြပါတယ်။

အခြေ ၂-ချောင်း၊ အခြေ ၄-ချောင်း၊ အခြေမဲ့၊ အခြေများစွာရှိကြတဲ့ ကုန်းနေ ရေနေ တိရစ္ဆာန်တွေဟာ လွန်စွာ များပြားလှစွာ ရှိကြပါတယ်။ အမျိုးအမည်အားဖြင့်လဲ မရေမတွက်နိုင် လောက်အောင် များပြားလှပါတယ်။ တမျိုးတမျိုးမှာလဲ အကောင်ဦးရေဟာ မရေမတွက်နိုင် လောက်အောင်ပင် များပြားစွာ ရှိကြပါတယ်။ ခြင်ကောင်လိုတို့၊ ယင်ကောင်လိုတို့၊ ငါး၊ ကျိုင်းကောင်၊ ပုရွက်ဆိတ်တွင်းတတွင်း၌ပင်လျှင် တိရစ္ဆာန်ဦးရေဟာ မရေမတွက်နိုင်လောက်အောင် ရှိကြပါတယ်။ ဩကာသ လောကကြီးတခုလုံးဆိုယင်တော့ တိရစ္ဆာန်ဦးရေဟာ အရေအတွက်အားဖြင့် အတိုင်းအဆမဲ့ မခန့်မှန်းနိုင်လောက်အောင်ပင် များပြားလွန်းလှပါတော့တယ်။

သူတို့ကို တိရစ္ဆာန်လို့ ခေါ်ဆိုရတာကတော့ တိရစ္ဆာန လို့ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ ပါဠိပျက်စကားအနေနဲ့ ခေါ်ဆိုနေကြရတာ ဖြစ်ပါတယ်။

“တိရတိ အဓောဘာဂံ ဂစ္ဆတီတိ တိရစ္ဆာနော”

“တိရေ အဉ္စိတာတိ တိရစ္ဆာနော” ဆိုတဲ့ ပါဠိအရ တိရစ္ဆာန်ဆိုတာ လူ့ပြည် နတ်ပြည်သို့မကပ် အောက်အရပ် အပါယ်လေးကပ်အပ်အားဖြင့် သွားလာတတ်တဲ့၊ တနည်း-မဂ်မကပ် ထောင့်ဖြတ် ဖီလာ သွားလာတတ်တဲ့ သတ္တဝါကို အဓိပ္ပာယ်ရပါတယ်။ ဆိုလိုတာကတော့ လူများ နတ်များသို့ ပေါက်မသွားပဲ အလျားလိုက်သွားတတ်တဲ့ သတ္တဝါကို ဆိုလိုပါတယ်။

သူတို့မှာ ဘုံဌာနရယ်လို့ သီးခြားမရှိ။ သူတို့ စုဝေးနေထိုင်ရာ အရပ်ကိုပဲ တိရစ္ဆာန်ဘုံလို့ ခေါ်ဆိုရခြင်း ဖြစ်ပါတယ်။

ပနသာနံ ပစ္စက္ခံ တိရစ္ဆာန ဒုက္ခံ သို့ ဇိနာလင်္ကာရမှာ လာရှိတဲ့အတိုင်း တိရစ္ဆာန်တွေရဲ့ ဆင်းရဲဒုက္ခခံစားရပုံ အကြောင်းတွေကို လူကိုယ်တိုင်မျက်မှောက်တွေ့မြင် တွေ့မြင်နေကြရတာ ဖြစ်တဲ့အတွက် အထူးဖော်ပြနေဖို့ လိုမယ်မထင်ပါဘူး။ တိရစ္ဆာန်ဘဝဟာ အကုသိုလ်ကံ သင့်ခါရကြောင့် ဖြစ်ပေါ်လာကြရတဲ့ သတ္တဝါတွေဖြစ်ကြပြီး ဆင်းရဲဒုက္ခအမျိုးမျိုးတွေနဲ့ နှိပ်စက်ခံကာ အသက်ရှင်နေကြရတာ ဖြစ်ပါတယ်။

လူ့အိမ်အပါးမှာရှိကြတဲ့ ကျွဲ နွား မြင်း စတဲ့ တိရစ္ဆာန်တွေဆိုယင် အရိုက်အနှက်ခံရ၊ လေးလံတဲ့ ဝန်ကိုဆွဲရ၊ ရေငတ်မှုအငတ်ရ၊ ခြင် မှက် ဖြုတ် အကိုက်ခံရနဲ့ လွန်စွာဆင်းရဲဒုက္ခရောက်ကြရရှာပါတယ်။

www.dhammaransi.com



ဒါ့အပြင် သတ်ဖြတ်စားသောက်ခြင်းကိုပင် ခံကြရှာပါသေးတယ်။ တောတောင် ပင်လယ် သမုဒ္ဒရာထဲမှာရှိကြတဲ့ တိရစ္ဆာန်တွေဆိုယင်လဲ အမြဲပဲ ထိတ်လန့်ကြောက်ရွံ့ကြပြီး အကောင်ငယ်နဲ့အကောင် နိုင်ရာ နိုင်ရာ သတ်ဖြတ်စားသောက်နေကြ၊ တချို့ အစာမစားရပဲ ငတ်ပြတ်ရင်း ဒုက္ခပင်လယ်ဝေနေကြ ရရှာပါတော့တယ်။

ဒါကြောင့်လဲ အပါယ် ၄ ဘုံမှာ တိရစ္ဆာန်ဘုံကတော့အမြဲ ပါဝင်တည့်သွင်း ရေတွက်ထားခြင်း ဖြစ်ပါတော့တယ်။

## ဘုရားရှင်လဲ ဖြစ်ခဲ့ရ

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင်ရဲ့ဖြစ်တော်စဉ်ကို ပြန်ကြည့်မယ်ဆိုယင် ကံဇာတသည်းပြီး တိရစ္ဆာန်မျိုးမှာ ဖြစ်ခဲ့ရပဲ့ဘဝတွေ များစွာပင်ရှိခဲ့ကြကြောင်း တွေ့ရှိကြရပါလိမ့်မယ်။

“အစကျိုးကြာ၊ ဆယ့်ခြောက်ခါနွား၊ ဟင်္သာ ကိုးဖြစ်၊
ခြောက်ဖြစ်ကား ခို၊ ကျေးညိုသုံးခါ၊ သံသာကျူးဟိတ်၊
ကရဝိက် ငါး၊ လေးကား ကိန္နရီ၊ စာပျို ဆယ့်ခါ၊
မျောက်ကား တဆယ်၊ ဆင်ဝယ် ဆယ့်ဘဝ်” စသည်ဖြင့် တိရစ္ဆာန်ဘဝ အမျိုးမျိုးတို့တွင် ဖြစ်တော်မူခဲ့ရကြောင်း အထောက်အထား သာဓက ပြဆိုလျက် ရှိကြပါတယ်။

www.dhammaransi.com



## ရှေ့ဥဒေါင်းမင်း

[illegible] ဘဝ [illegible] ဘုရားလောင်းဟာ ရွှေဥဒေါင်း [illegible] နေထွက်ချိန် [illegible] "ဥဒေတယံ [illegible] ဧကရာဇာ" [illegible] ဆိုပြီး ဆင်းလေ့ရှိပါတယ်။ [illegible] "အပေတယံ [illegible] ဧကရာဇာ" ဆိုတဲ့ ဂါထာကို ရွတ်ဆိုပြီး [illegible] ရှိခဲ့ပါတယ်။ ဒါကြောင့် [illegible] အန္တရာယ်မရှိပဲ ချမ်းသာစွာ နေရပါတယ်တဲ့။


[illegible] တစ်နေ့တော့ မုဆိုးတစ်ဦးက [illegible] သာယာစွာ တွန်စေပါတယ်။ [illegible] ရွှေဥဒေါင်းကြီးဟာ [illegible] ဂါထာရွတ်ကို မေ့လျော့သွားတော့ [illegible] ထောင်ထားတဲ့ ကျော့ကွင်းထဲမှာ မိသွားခဲ့ပါလေတော့သတဲ့။ [[illegible] ရှ [illegible] မောရဇာတ်]

## ဝိတ္တသမ္ဘူတ [illegible]

[illegible] ဘုရားလောင်းဟာ [illegible] နှင်းစဏ္ဍားမျိုး၌ ဖြစ်ခဲ့ပါတယ်။ [illegible] စိတ္တ [illegible] ပါတဲ့။ [illegible] သမ္ဘူတ [illegible]။ ရှင်အာနန္ဒာ အလောင်းဖြစ်ပါတယ်။ [illegible] ဝါးလုံးဖြင့် [illegible] ၂ နေရာခွဲပြီး ကပြ [illegible]

[၁၇] နေ့နေ့ညည [illegible] သမင်ညီနောင်ဖြစ်ခဲ့စဉ် [illegible] မုဆိုး [illegible] လှံချက်ဖြင့် သေပွဲဝင်ကြရရှာပုံ။

www.dhammaransi.com



www.dhammaransi.com



သတဲ့။ အဲဒီလိုကပြနေစဉ် သဌေးသမီးတဦးနဲ့ ပုဏ္ဏားသမီးတဦးတို့က တွေ့ရှိသွားကြပြီး အတိတ်နိမိတ် မကောင်းဘူးလို့ အယူရှိကြဝဲ့အတွက် နောက်ပါအခြံအရံများက သူတို့ကို ဝိုင်းရိုက်ကြပါသတဲ့။

အဲဒါနဲ့ သူဘိုနှစ်ယောက်လဲ "အမျိုးဇာတ်နိမ့်လို့ ဖြစ်ရတာပဲ"လို့ တွေးမိကြပြီး၊ တက္ကသိုလ် ပြည်သို့သွားကာ ဗြာဟ္မဏမျိုးယောင်ဆောင်ပြီး ပညာသင်ကြားပါသတဲ့။ စိတ္တက ပညာတော်လို့ ကျောင်းသားခေါင်းဆောင် ဖြစ်သတဲ့။ တနေ့မှာ စိတ္တခေါင်းဆောင်ပြီး ပုဏ္ဏားတဦးရဲ့အိမ်တအိမ်မှာ မင်္ဂလာပရိတ်ရွတ်ကြတဲ့အခါ၊ သမ္ဘူတက နွားနို့ပူပူကြီးကိုသောက်မိလို့ ယောင်ပြီး ဒွန်းစဏ္ဍားဘာသာနဲ့ "ခဋုခဋု"လို့ ဆိုမိသတဲ့။ ဒီအခါ စိတ္တကလဲ သတိမပြုမိပဲ ဒွန်းစဏ္ဍားဘာသာနဲ့ပဲ 'နိဂ္ဂလ နိဂ္ဂလ-ထွေးလိုက်ထွေးလိုက်"လို့ပြန်ပြောမိပြန်တဲ့အခါ၊ သူတို့ ၂-ဦး ဒွန်းစဏ္ဍားတွေမှန်းသိကုန်ကြပြီး ဗြာဟ္မဏ တွေက ဝိုင်းရိုက်ကြပြန်သတဲ့။

အဲဒီနောက် သူတို့နှစ်ယောက်ဟာ ဆရာကြီးရဲ့ညွှန်ကြားချက်အရ၊ ရသေ့ပြုခဲ့ကြပြီး သေလွန်တဲ့ အခါ နေရဉ္စရာမြစ်အနီးမှာ သမင်ညီနောင်ဖြစ်ခဲ့ကြရပါသတဲ့။ မုဆိုးတဦးရဲ့လှံချက်ကြောင့် အဲဒီဘဝက သေတဲ့အခါ နမ္မဒါမြစ်ကမ်းမှာ ဝန်လိုင်ငှက်ညီနောင် ဖြစ်ခဲ့ကြရပြန်ပါသတဲ့။ အဲဒီဘဝမှာလဲ မုဆိုးက ဖမ်းပြီး သတ်လို့ သေရပြန်တဲ့အခါ စိတ္တက ကောသမ္ဗီပြည်မှာ ပင်းဆရာ ပုဏ္ဏားရဲ့ သားဖြစ်ပြီး ဘဝဟောင်း ၃ ဘဝလုံးကိုမှတ်မိပါသတဲ့။ သမ္ဘူတကတော့ ဥတ္တရပဉ္စာလပြည်မှာ ဘုရင့်ရဲ့သားဖြစ်ပြီး ဒွန်းစဏ္ဍားဖြစ်ခဲ့တဲ့ဘဝကိုသာ မှတ်မိပါတော့သတဲ့။ အရွယ်ရောက်ကြတဲ့အခါ စိတ္တက ရသေ့ရဟန်း ပြုပြီး ဈာန်အဘိညာဉ်ရတယ်။ သမ္ဘူတ ဘုရင်ဖြစ်ပြီး မင်းစည်းစိမ်ကိုခံစားနေတဲ့အခါ ဘုရာလောင်း

စိတ္တရသေ့ကြွလာပြီး သံဝေဂဉာဏ်ရအောင် တရားပြတဲ့အတွက် သမ္ဘူတလဲ တောထွက် ရသေ့ပြုကာ တရားအားထုတ်လို့ ဈာန်အဘိညာဉ်နဲ့ ပြည့်စုံသွားရပါတယ်တဲ့။

မှတ်ချက်။ ။ဒီ စိတ္တသမ္ဘူတဇာတ်ကို ကြည့်ရင် ဘုရားရှင်နဲ့ အာနန္ဒာအရှင်မြတ်ကြီးတို့သည် ပင်လျှင် အတိတ်ဘဝက တိရစ္ဆာန်သမင်ဘဝနဲ့ ငေလိုင်ငှက်ဘဝသို့ ရောက်ရှိတော်မူခဲ့ကြရတယ်ဆိုတာ ထင်ရှားသာဓကပြဆိုလျက် ရှိနေပါတော့တယ်။

## ဗြဟ္မာဖြစ်ရ ဝက်ဖြစ်ရ

အခါတပါးမှာ မြတ်စွာဘုရားသခင်ဟာ ရာဇဂြိုဟ်မြို့အတွင်းမှာ နောက်ပါရဟန်းတော်များနဲ့ အတူ ဆွမ်းခံလှည့်လည်တော်မူပါတယ်။ မြို့ရဲ့ တနေရာရောက်တော့ ရွှံ့ဗွက်ထဲမှာ အစာစားနေတဲ့ ဝက်မလေးကို မြင်တော်မူပြီး ပြုံးတော်မူပါတယ်။ ပြုံးတော်မူရခြင်းရဲ့အကြောင်းကို ရှင်အာနန္ဒာက မေးလျှောက်တဲ့အခါ ဘုရားရှင်က "အာနန္ဒာ၊ ဟို....ဝက်မလေးကို ကြည့်စမ်းပါ။ သူဟာ ကကုသန် ဘုရားရှင်လက်ထက်က လူ့ဘဝအမျိုးသမီး ဖြစ်ခဲ့တယ်။ လူ့ဘဝသေတော့ တောကျောင်း တခု အနီးမှာ ကြက်မကလေး ဖြစ်ခဲ့တယ်။ ကြက်မဘဝမှာ ရဟန်းတပါးရဲ့ ကမ္မဋ္ဌာန်းတရား ရွတ်ဆိုသံကို ကြားနာယင်း စွန်ရဲသုတ်ခံရလို့ ခေါင်းပြတ်ပြီး သေခဲ့ရတယ်။ တရားနာရတဲ့ ကုသိုလ်ကံကြောင့် ဥပရိ ဆိုတဲ့ မင်းသမီးဖြစ်ပြီး လူ့ဘဝပြန်ရောက်လာခဲ့တယ်။ ဥပရိဟာ အရွယ်ရောက်လာတဲ့အခါ ပရိဗိုဇ်မ ဝတ်ခဲ့တယ်။ တနေ့မှာ ဥပရိပရိဗိုဇ်ဟာ အိမ်သာတကင်း ပိုးလောက်တွေကို မြင်တွေ့ရာမှ

www.dhammaransi.com

ပုဋ္ဌဝကဿပမြတ်စွာဘုရားကို နှလုံးသွင်းစီးဖြန်းလို့ ပထမဈာန်ရခဲ့တယ်။ အဲဒီဈာန်မလျှောပဲ သေဆုံးတဲ့အခါ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာသွားဖြစ်ခဲ့တယ်။ အဲဒီ ဗြဟ္မာ့ပြည်က စုတေတော့ လူ့ပြည်မှာ သူကြွယ်လာဖြစ်ခဲ့ရပြန်တယ်။ အဲဒီ သူကြွယ်ဘဝက သေတော့ ယခု ဟိုမှာ အစာစားနေတဲ့ ဝက်မကလေးလာဖြစ်ရတယ်။ အဲဒီ အကြောင်းတွေကိုမြင်လို့ ငါဘုရား ပြုံးတော်မူရခြင်း ဖြစ်တယ်" လို့ မိန့်ကြားတော်မူပါတယ်။

[ဓမ္မပဒ အဋ္ဌကထာ-သုမနာ ဒေဝီမဝတ္ထု]

မှတ်ချက်။ ။ဗိုဝတ္ထုမှာ ဗြဟ္မာဖြစ်ပြီးဝဲနောက် တဘဝခြားကာ တိရစ္ဆာန် ဝက်မလေး ဖြစ်ရပြန်တာကို အကြောင်းပြုပြီး ရှေးဆရာတော်ကြီးများက "ဗြဟ္မာဖြစ်တော့ တဝင်းဝင်း၊ ဝက်စကျင်းမှာ တရှုံ့ရှုံ့" လို့ ဆိုတော်မူခဲ့ကြခြင်းဖြစ်ပါတယ်။ ဒါကြောင့် သတ္တဝါမှန်သမျှ ပုထုဇ္ဇဉ်ဘဝနဲ့သေယင် ဂတိမမြဲသေးတာကို သံဝေဂယူဖွယ်ရာ ဖြစ်ပါတော့တယ်။

## တောဒေယျပုဏ္ဏား ခွေးဖြစ်သွာ

ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်မှာ တောဒေယျဆိုတဲ့ပုဏ္ဏားကြီးတဦး ရှိခဲ့ဖူးပါတယ်။ အဲဒီ ပုဏ္ဏားကြီးဟာ ကောသလတိုင်းရဲ့ မင်းဆရာ ပုရောဟိတ် ပုဏ္ဏားကြီး ဖြစ်ပြီး သာဝတ္ထိပြည်နဲ့ မနီးမဝေးမှာရှိတဲ့ တုဒိရွာကို အပိုင်စားရလို့ တောဒေယျလို့ အမည်တွင်ခဲ့ခြင်း ဖြစ်ပါသတဲ့။ အဲဒီပုဏ္ဏား

---

[၁၀] ဘုရားရှင်ကရှင်အာနန္ဒာအား "ဝက်မလေး၏အကြိမ်ဇာတ်ကြောင်း" ကို ပြန်ပြောပြနေပုံ။

www.dhammaransi.com



www.dhammaransi.com

ကြီးဟာ ပစ္စည်းဥစ္စာ ၈၇ ကုဋေ ကြွယ်ဝချမ်းသာပါသော်လဲ အလှူဒါနကျတော့ လုံးဝပြုလေ့မရှိပါဘူးတဲ့။


သူ့အယူအဆက "မျက်စဉ်းကျောက်ဟာ သွေးဖန်များယင် ကုန်ခန်းသွားသလို ပစ္စည်းဥစ္စာဆိုတာလဲ ပေးဖန်များယင် ကုန်ခန်းတတ်တယ်။ ခြကောင်များ၊ ပျားကောင်များဟာ စုဖန်များတော့ ခြအုံ ပျားအုံကြီးဖြစ်လာသလို ဥစ္စာပစ္စည်းဆိုတာလဲ စုဖန်များယင် ချမ်းသာလာမယ်၊ ဒါကြောင့် ပစ္စည်းကိုသာ စုကြ၊ မလှူကြနဲ့၊ မပေးကမ်းကြနဲ့" လို့ ယူဆပြောဟောလေ့ ရှိပါတယ်တဲ့။

အဲဒီ တောဒေယျ ပုရောဟိတ် ပုဏ္ဏားကြီး သေဆုံးသွားတဲ့အခါ သူ့အိမ်မှာပဲ တိရစ္ဆာန် ခွေးကလေး ဖြစ်ရရှာတယ်တဲ့။ ပုဏ္ဏားကြီးရဲ့ သားဖြစ်သူ သုဘ အမည်ရှိတဲ့ ပုဏ္ဏားက ပုဏ္ဏားကြီး သေလွန်တဲ့အခါ အိမ်ထောင်ဦးစီး ဖြစ်လာခဲ့ပါတယ်။ သုဘ ပုဏ္ဏားဟာ တောဒေယျဝင်စားတဲ့ ခွေးကလေးကို အလွန်ပဲချစ်ရှာပါသတဲ့။ သူစားတဲ့အစားအစာကို ကျွေးလေ့ရှိတယ်၊ ကောင်းမြတ်တဲ့ အိပ်ရာမှာလဲ သိပ်လေ့ရှိပါတယ်တဲ့။ ဒါပေမယ့် ခွေးကလေးဟာ သူ့ဖခင် ဝင်စားလာတယ်ဆိုတာကို တော့ မသိရှာဘူးတဲ့။

တနေ့မှာ မြတ်စွာဘုရားရှင်ဟာ သုဘအိမ်သို့ ဆွမ်းခံကြွတော်မူလာပါတယ်။ အဲဒီအချိန်မှာ သုဘပုဏ္ဏားမရှိပါဘူးတဲ့။ မြတ်စွာဘုရားရှင် ဆွမ်းခံဝင်လာတာကို တောဒေယျခွေးကလေးက မြင်တယ်

[၁၉] ဘုရားရှင်အား တောဒေယျခွေးကလေးက ရန်ပြုပြီး ဆီးကြိုဟောင်နေပုံ။

www.dhammaransi.com



www.dhammaransi.com



ဆိုယင်ပဲ ဘုရားရှင်ကို ရန်မူတဲ့အနေနဲ့ အနားမှာ လှည့်ပတ်ပြီး ဟောင်နေပါတော့သတဲ့။ ဒီအခါ ဘုရားရှင်က "တောဒေယျ၊ သင်ဟာ လူ့ဘဝတုန်းက ငါဘုရားကို 'ဂေါတမ၊ ဂေါတမ'နဲ့ ရင့်ရင့်သီးသီး ခေါ်ခဲ့တယ်။ သေပြီးလို့ အခု ခွေးလာဖြစ်တော့လဲ ငါဘုရားကို ဟောင်နေပြန်ပြီ၊ သင်ဟာ မကြာမီ အဝီစိငရဲ ရောက်ရလိမ့်ဦးမယ်" လို့ မိန့်ကြားတော်မူပါသတဲ့။

အဲဒီအခါ တောဒေယျခွေးကလေးဟာ "ငါ့အကြောင်းတော့ ရဟန်းဂေါတမ သိသွားပြီ" ဆိုပြီး အကြီးအကျယ်စိတ်ပျက်သွားပါသတဲ့။ ဒါနဲ့ ဘုရားရှင်ပြန်ကြွသွားပြီးတဲ့နောက်မှာ ခွေးကလေးဟာ စိတ်ပျက်ပြီး မီးဖိုဆောင် ဖိုခနောက်အကြားက ပြာပုံပေါ်မှာ ခေါင်းငိုက်စိုက်ချပြီး အိပ်နေရှာသတဲ့။ သူ့ကို အိမ်က လူတွေက သွားချီပြီး မြင့်မြတ်တဲ့နေရာမှာ သိပ်တာတောင် မအိပ်တော့ပါဘူးတဲ့။

အဲဒီနောက် သုဘပုဏ္ဏား ပြန်လာတဲ့အခါ ခွေးကလေး ပြာပုံပေါ် အိပ်နေတာတွေ့ရတော့ အိမ်သူအိမ်သားတွေကို အကျိုးအကြောင်းမေးပါတယ်။ အိမ်သူအိမ်သားတွေက ဘုရားရှင်ကြွလာပြီး မိန့်ကြားသွားတဲ့ စကားအစုံဖြစ်ပျက်ပုံကို အစအဆုံး ပြောပြကြပါသတဲ့။

ဒီအခါ သုဘပုဏ္ဏားဟာ ဘုရားရှင်ရဲ့အပေါ် ဒေါသဖြစ်သွားပြီး "ဒီရဟန်းဂေါတမဟာ မဟုတ်တာတွေ ပြောသွားတာပဲ၊ သူ့ဖခင်ဟာ ဗြဟ္မာ့ပြည်မှာ ရှိနေတယ်၊ ခွေးဖြစ်နေတယ်ဆိုတာ မဟုတ်ဘူး၊ ရဟန်းဂေါတမကို မုသာဝါဒနဲ့စွပ်စွဲပြီး အရှုက်ခွဲမယ်" လို့ဆိုပြီး ဘုရားရှင်ကျောင်းတော်သို့ သွားရောက်ပါသတဲ့။

www.dhammaransi.com



ဘုရားရှင်ရဲ့ရှေ့မှောက် ရောက်ရှိတဲ့အခါ "သူ့ဖခင်ခွေးဖြစ်နေတယ်လို့ပြောတာမှန်သလား"လို့ မေးပါတယ်။ ဘုရားရှင်က "မှန်တယ်"လို့ ဖြေပါတယ်။ "မယုံဘူး၊ ယုံကြည်လောက်အောင်ပြပါ"လို့ ဆိုတဲ့အခါ ဘုရားရှင်က "အိမ်ကို သင်ပြန်ပြီး ရေမရောတဲ့ နို့ဆန်ပြုတ်ကို ခွေးကလေးအား ဝအောင် ကျွေးပါ၊ မြင့်မြတ်တဲ့အိပ်ရာမှာ ခွေးကလေးကို သိပ်ပါ။ ခွေးကလေးအိပ်လို့ မပျော့တပျော်အချိန်မှာ သင့်ဖခင်က သင့်ကိုမပြောပဲ မြှုပ်ထားခဲ့ကဲ့ဥစ္စာကို မေးပါ။ အဲဒီအခါ အကုန်ပြန်ပြောပါလိမ့်မယ်။ ဒီအခါ ခွေးကလေးဟာ သင့်ဖခင်ဖြစ်တယ်ဆိုတာ သင်ကိုယ်တိုင် သိလာပါလိမ့်မယ်"လို့ နည်းပေးစကား မိန့်ကြားတော်မူပါသတဲ့။

အဲဒီအခါ သုဘလုလ္လာကားက စဉ်းစားပါတယ်၊ "ငါ့ဖခင်ဟာ ငါ့ကိုအသိမပေးပဲ(၁)တစ်သိန်းတန် ရွှေခွက်ရယ်၊ (၂) တစ်သိန်းတန်ရွှေပန်းကုံးရယ်၊ (၃) တစ်သိန်းတန်ရွှေခြေနင်းရယ်၊ (၄) အသပြာ တစ်သိန်းရယ် ဒီပစ္စည်းလေးမျိုးကို တိတ်တဆိတ် မြှုပ်နှံထားခဲ့တာ ရှိတယ်။ အဲဒီမြှုပ်နှံထားခဲ့တဲ့ဥစ္စာ ပစ္စည်းတွေကို ရဟန်းဂေါတမပြောတဲ့အတိုင်းမှန်ယင် ပြန်ရနိုင်မယ်။ မမှန်ယင်လဲ ရဟန်းဂေါတမ ကို မုသာဝါဒနဲ့စွပ်စွဲနိုင်မယ်"ဆိုပြီး ဝမ်းမြောက်ဝမ်းသာ အိမ်ပြန်သွားပါတယ်တဲ့။

အိမ်သို့ရောက်တဲ့အခါ ဘုရားရှင်နည်းပေးတဲ့အတိုင်းပြုလုပ်ပြီး ခွေးကလေးကို မေးပါတယ်တဲ့။ အဲဒီအခါ တောဒေယျခွေးကလေးဟာ "ငါ့အကြောင်းတော့ သိကုန်ကြပြီ"ဆိုပြီး မျက်ရည်ကျကာ အူပြီးတော့ပစ္စည်းလေးမျိုးမြှုပ်ထားတဲ့နေရာကို လက်နဲ့ယက်ပြပါသတဲ့။ အဲဒီနေရာကိုတူးကြည့်တဲ့အခါ ကာကယ်ပဲ ပစ္စည်းအားလုံးတွေ့ရှိပြီး ပြန်ရပါတယ်တဲ့။

www.dhammaransi.com


ဒီအခါ သုဘပုဏ္ဏားဟာ ဘုရားရှင်အား တော်တော်ကြည်ညိုသွားပြီး "ရဟန်းဂေါတမဟာ ဘဝဖြင့်ဖုံးလွှမ်းအပ်တဲ့ သိမ်မွေ့တဲ့ အခြားပဋိသန္ဓေကိုပင် သိနိုင်ပါပေတယ်။ သဗ္ဗညုဘုရားရှင်ဆိုတာ ကေန်စင်စစ် မှန်ပါပေတယ်"ရယ်လို့ ယုံကြည်သွားပါတော့တယ်တဲ့။

မှတ်ချက်။ ။ဒီဝတ္ထုမှာ ဘုရားရှင်ဟာ နံနက်မိုးသောက်ယံမှာ ရွှေညဏ်တော်ဖြင့်ကြည့်ရှုတော်မူတဲ့အခါ တောဒေယျပုဏ္ဏားကြီး ပစ္စည်းစုံ့ဒေသလို့ ခွေးဖြစ်နေတာရယ်၊ မလှူမတန်းတဲ့အပြင် သူများကိုလဲ မလှူမတန်းအောင် ပြောဟောတဲ့ မိစ္ဆာအယူကြောင့် ငရဲသို့ကျရောက်အံ့မှာရယ်၊ သုဘပုဏ္ဏားသရဏဂုံတည်မှာရယ်တို့ကို ကြိုတင်ပြီးမြင်တော်မူခဲ့ပါတယ်။ အဲဒီနောက် သုဘပုဏ္ဏားက လူတွေအသက်တိုရှည်ကွဲပြား ခြားနားရတာ၊ အနာရောဂါ အနည်းအများ ကွဲပြား ခြားနားရတာ၊ ရုပ်အဆင်းလှမလှ ကွဲပြား ခြားနားရတာ စတဲ့ ပြဿနာ ၁၄-ချက်ကို ဘုရားရှင်အား မေးလျှောက်တဲ့အခါ ဘုရားရှင်က "ကံ့ကံရဲ့အကျိုး"တို့ကို အသေးစိတ် ဟောကြားဖြေဆိုတော်မူပါတယ်တဲ့။

### နွားချေးပိုး မဖြစ်ခဲ့ရ

ရှေးက ကာသိတိုင်း ပါဋလိမြို့မှာစိုးစံတဲ့ အဿကမင်းကြီးမှာ လွန်စွာ ချောမောလှပတဲ့ဥပရိ အမည်ရှိတဲ့ မိဖုရားကြီး တပါး ရှိခဲ့ပါသတဲ့။ အဲဒီ ဥပရိမိဖုရားကြီးဟာ အရွယ်ကောင်းတုန်းမှာပဲ သေလွန်သွားပါသတဲ့။ အဲဒီအခါ အဿကမင်းကြီးဟာ သောကပရိဒေဝမီးတွေ အလွန်အမင်းတောက်

---

[၂၀] ဘုရားလောင်းရသေ့ကြီးနှင့် အဿကမင်းကြီးတို့၏ရှေ့မှောက်၌ ပိုးမက စကားပြောဆိုနေပုံ။

www.dhammaransi.com



 www.dhammaransi.com 

လောင်ပြီး ချစ်မြတ်နိုးလှတဲ့ ဥပရိဒေဝီရဲ့အလောင်းကို မစွန့်ပစ်ရက်နိုင်ပဲ မှန်ခေါင်းထဲမှာ ဆီစိမ်ပြီး သူ့ခုတင်အောက်မှာပဲ ထားစေတယ်တဲ့။ အဲဒီလိုနဲ့ ခုနစ်ရက်ရှိသွားတဲ့အခါ ဘုရားလောင်းရသေ့ကြီးဟာ ဥယျာဉ်တော်သို့ ဈာန်အဘိညာဉ်ဖြင့် ရောက်ရှိလာပါသတဲ့။ ရသေ့ကြီးက ဈာန်အဘိညာဉ်ဖြင့် ကြည့်ရှုပြီး သိရှိတော်မူတဲ့အတွက် အဿကမင်းကြီးအား "ဥပရိဒေဝီရဲ့ဖြစ်ရာဘဝကို ပြနိုင်ကြောင်း" ပုဏ္ဏားလုလင်တယောက်အား သွားရောက်ပြောကြားစေသတဲ့။

အဿကမင်းကြီးလဲ အားရဝမ်းသာရောက်ရှိလာပြီး ဥပရိဒေဝီရဲ့ ဖြစ်ရာဘဝကို ရသေ့ကြီးအား မေးမြန်းလေတော့သတဲ့။ ရသေ့ကြီးက "အသင်မင်းကြီး၊ ဥပရိဒေဝီဟာ ရုပ်အဆင်းဖြင့် မာန်ယစ်နေခဲ့တယ်။ ကုသိုလ်ကောင်းမှုပြုဖို့တော့ မေ့လျော့နေတယ်၊ ဒါကြောင့် ဥပရိဟာ ဒီဥယျာဉ်ထဲမှာပင် ယုတ်ညံ့တဲ့ တိရစ္ဆာန် နွားချေးပိုးမဘဝ ဖြစ်နေရရှာတယ်"လို့ ထုတ်ဖော်မိန့်ကြားပါသတဲ့။

ဒီအခါ အဿကမင်းကြီးက "ကျွန်ုပ်မယုံပါ" လို့ ငြင်းပယ်ပါသတဲ့။ "ဒါဖြင့် ပိုးမကိုလဲ ပြမယ်၊ စကားလဲ ပြောစေမယ်"လို့ ရသေ့ကြီးကဆိုပြီး ပိုးဖိုနဲ့ပိုးမနှစ်ဦးလုံး အဿကမင်းကြီးရှေ့သို့ ထွက်လာကြရန် အဘိညာဉ်ဖြင့် အမိန့်ပေးဘန်ပြုကာ ခေါ်ယူလိုက်ပါသတဲ့။ ပိုးဖိုနဲ့ပိုးမတို့ နွားချေးပုံထဲမှ ထွက်လာပြီး ရှေ့တော်မှောက်ရောက်တဲ့အခါ ရသေ့ကြီးက "ဟဲ့. ပိုးမ၊ နင်ဟာ ရှေးဘဝတုန်းက ဘယ်သူဖြစ်ခဲ့သလဲ" လို့ မေးတဲ့အခါ၊ ပိုးမက "အဿကမင်းကြီးရဲ့ မိဖုရားကြီးဥပရိဒေဝီ ဖြစ်ခဲ့ပါတယ်"လို့ ဖြေကြားပါတယ်တဲ့။ "ဘယ့်နှယ်လဲပိုးမ၊ နင်ဟာအခု အဿကမင်းကြီးကိုပဲ ချစ်သလား၊ သို့မဟုတ် နွားချေးပိုးဖိုကိုပဲ ချစ်သလား"လို့ မေးမြန်းတဲ့အခါ နွားချေးပိုးမက "တပည့်တော်မဟာ

www.dhammaransi.com



ဘဝသစ်သို့ ရောက်နေပြီဖြစ်လို့မို့ အဿကမင်းကြီးနဲ့ ဘာမျှမစပ်ဆိုင်တော့ပါ။ ဖြစ်နိုင်မယ်ဆိုယင် ယခု ဘဝချစ်လင် နွားချေးပိုးပို့ရဲ့ ခြေတောက်ကို အဿကမင်းကြီးရဲ့ လည်ချောင်းသွေးနဲ့ ဆေးချင်ပါသေး တော့တယ်ဘုရား'' လို့ လျှောက်ထားပါသတဲ့။

ဒီအခါ အဿကမင်းကြီးဟာ စိတ်နှလုံး မသာမယာဖြစ်သွားပြီး "ငါကတော့ ချစ်မြတ်နိုး လွန်းလို့ သူ့အလောင်းကို မစွန့်ရက်နိုင်ပဲ ရှိနေရတယ်၊ သူကတော့ ငါ့အပေါ်မှာ တကယ်စိမ်းကားပါ ကလား'' လို့ စဉ်းစားမိပြီး စိတ်အပျက်ကြီးပျက်ကာ "ဟေ့.... ဟိုမသာမအလောင်းကို အမြန်ထုတ်ပစ် လိုက်ကြစမ်း'' လို့ အမိန့်ပေးလိုက်ပါတော့တယ်တဲ့။

မှတ်ချက်။　။ဒီဝတ္ထုမှာ ဥပရိဒေဝီဟာ အလှမာန်ယစ်ပြီးနေတဲ့အတွက် သေတဲ့အခါ ယုတ်ညံ့ တဲ့ တိရစ္ဆာန်နွားချေးပိုးမဘဝဖြစ်ခဲ့ရပုံ၊ မသိမှု အဝိဇ္ဇာကြောင့် ဘဝဟောင်းကိုမေ့ပြီး တပ်မက်မှုဘဝ တဏှာကြောင့် ဘဝသစ်မှာ တိရစ္ဆာန်အချင်းချင်းပေါင်းဖက်ပြီး နှစ်သက်သာယာနေကြပုံတို့ကို တွေ့ မြင်သိရှိကြကာ သံဝေဂယူကြဖို့ ကောင်းပါတော့တယ်။

## သူဇာဗျိုင်းမလေး

ရှေးက မဂဓတိုင်း မစလရွာမှာ မာဃလုလင်ရဲ့ဇနီးဖြစ်တဲ့ သူဇာဆိုတဲ့ အမျိုးသမီးတဦးရှိခဲ့ဖူး ပါတယ်။ မာဃမှာ ဇနီး ၄-ယောက်ရှိတဲ့အနက် သူဇာဟာ အကြီးဆုံးမယားကြီး ဖြစ်ပါသတဲ့။

မာဃနဲ့ ဇနီးများ၊ နောက်လိုက် နောက်ပါများ ကုသိုလ်ကောင်းမှု ပြုကြတဲ့အခါ သူဇာဟာ မပါဝင်ပဲရှိပါသတဲ့။ သူတို့အားလုံးသေလွန်ကြတဲ့အခါ တာဝတိံသာမှာ မာဃကသိကြားမင်းကြီးဖြစ်

www.dhammaransi.com




ပြီး ဇနီးများက နတ်မိဖုရားများဖြစ်ကာ၊ နောက်ပါများကတော့ နတ်မင်းကြီးများ ဖြစ်ကြပါသတဲ့။ ဒါပေမယ့် ဘာကောင်းမှုမျှမပြုခဲ့ပဲ သေသွားခဲ့ရတဲ့သူဇာကတော့ တောင်ချောက်ကြားတခုမှာ ဗျိုင်းမကလေး သွားဖြစ်ရရှာပါတယ်တဲ့။

မာဃသိကြားမင်းဟာ ဇနီးဟောင်းအပေါ်မှာ သံယောဇဉ်ရှိလှတဲ့အတွက် သူဇာဗျိုင်းမလေးကို နတ်ပြည်သို့ဆောင်ယူပြီး နန္ဒာရေကန်ထဲမှာ လွှတ်ထားပါသတဲ့။ အဲဒီ အကြောင်းများကို အခြားနတ်မိဖုရားတွေ သိကုန်ကြပြီး သူဇာဗျိုင်းမလေးထံသို့ လာကြကာ "ရှင်မသူဇာရဲ့ နှုတ်သီးက ဘယ်လို၊ ခြေထောက်က ဘယ့်နှယ်၊ ငါးထိုးဆိတ်ပုံက ဘယ်သို့" စသည်ဖြင့် ပြောဆိုကာ ပြောင်လှောင်သရော်ကြပါသတဲ့။ သူဇာဗျိုင်းမလေးလဲ ယခင်ဘဝ လူဖြစ်ခဲ့စဉ်က မိမိရဲ့ လက်အောက်ခံ ဖြစ်ခဲ့ကြဖူးတဲ့ နတ်မိဖုရားတွေက ယခုလို ပြောင်လှောင်သရော်ခံရတဲ့အခါ လွန်စွာပဲရှက်သွားခဲ့ရပါသတဲ့။ ဒါနဲ့ သိကြားမင်းကို မိမိအား မူလတောင်ချောက်ကြားထဲပဲ ပြန်ပို့ပေးဖို့ တောင်းပန်ရှာသတဲ့။ သိကြားမင်းလဲ သူဇာကို တောင်ချောက်ကြားထဲပြန်ပို့ပြီး သူ့အသက် သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကာ သီလစောင့်ထိန်းဖို့ မှာကြားပါသတဲ့။

သူဇာဟာ တိရစ္ဆာန် ဗျိုင်းငှက်ဘဝသို့ ရောက်ရှိနေရပြီး ဗျိုင်းရဲ့သဘာဝအရ ငါး၊ ဖားစတဲ့ ရေပိုး ရေမွှားတွေကို သတ်ဖြတ် စားသောက်ရတဲ့ သတ္တဝါမျိုးဖြစ်နေလေတော့ သူဇာ့အဖို့ သီလ

[၂၁] သူဇာဗျိုင်းမလေးအား နတ်မိဖုရားများက ပြောင်လှောင်သရော်နေကြပုံ။

www.dhammaransi.com



စောင့်ဖို့ဆိုတာဟာ မလွယ်ကူလှပါဘူး။ သို့သော်လည်း သတ်ဖြတ်စားသောက်ပြီး နေပြန်ယင်လဲ အထက်နတ်ပြည်မရောက်တဲ့အပြင် အောက်အပါယ်ကျဖို့ သေချာနေပြန်တယ်။ ဒါကြောင့် တိရစ္ဆာန်ဘဝဟာ အင်မတန် ကြောက်စရာကောင်းလှပါတော့တယ်။

သူဇာဗျိုင်းမလေးဟာ သိကြားမင်း မှာကြားခဲ့တဲ့အတိုင်း၊ ဘာ့အသက်ကိုမသတ်ပဲ အသေငါးကိုသာစားပြီး သီလစောင့်ရှာပါတယ်။ တနေ့မှာ သိကြားမင်းက ဘာ့ကိုစမ်းသပ်တဲ့အနေနဲ့ သူ့ရှေ့မှာ ငါးသေယောင်ဆောင်ပြီး ပြပါတယ်။ သူဇာဗျိုင်းမလေးဟာ ငါးအသေသာအထင်နဲ့ စားဖို့ထိုးယူလိုက်တဲ့အခါ ငါးကမသေပဲ လှုပ်ရှားပြတာနဲ့ ငါးရှင်မှန်းသိပြီး မစားပဲ ပြန်လွှတ်ချလိုက်ပါသတဲ့။ သိကြားမင်းလဲ ဝမ်းသာသွားပြီး သီလကို ဆက်လက်စောင့်ထိန်းဖို့ ကိုယ်ထင်ပြကာ မှာကြားပြန်ပါသတဲ့။

သူဇာဟာ ဗျိုင်းဘဝနဲ့ သီလစောင့်ထိန်းပြီး သေတဲ့အခါ ဗာရာဏသီပြည်မှာ အိုးထိန်းသည်ရဲ့သမီးဖြစ်ရပါသတဲ့။ အဲဒီဘဝမှာလဲ သိကြားမင်းရဲ့အားပေးမှုနဲ့ သီလကိုလုံခြုံအောင် ဆက်လက်စောင့်ထိန်းရှာပါသတဲ့။ အဲဒီဘဝ သေလွန်တဲ့အခါ အသူရာနတ်ပြည်မှာ နတ်မင်းကြီးရဲ့ သမီးဖြစ်ရပါသတဲ့။ အသူရာနတ်နဲ့ တာဝတိံသာနတ်တို့ဟာ ကမ္ဘာ့ရန်ဘက်များ ဖြစ်ကြပါသတဲ့။ တနေ့မှာ သူဇာအတွက် ခင်ပွန်းလောင်းရွေးရန် ပန်းကုံးစွပ်ပွဲမှာ သိကြားမင်းဟာ အသူရာယောင်ဆောင်ပြီး ပါဝင်ပါသတဲ့။ သူဇာက အသူရာယောင်ဆောင်ထားတဲ့ သိကြားမင်းကို ပန်းကုံးစွပ်လိုက်မိတဲ့အခါ၊ သိကြားမင်းဟာ သူဇာကိုအတင်းလက်ဆွဲပြီး တာဝတိံသာနတ်ပြည်သို့တကြိုးဘည်းတက်ပြေးပါတော့

www.dhammaransi.com



သတဲ့။ တာဝတိံသာသို့ ရောက်တဲ့အခါ သိကြားမင်းက သူဇာကို နတ်မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်လိုက်ပြီး မူလနံပါတ်တစ်နေရာကို ပြန်ပေးလိုက်ပါသတဲ့။

**မှတ်ချက်။** ။ဒီဝတ္ထုမှာ သူဇာဟာ လူ့ဘဝကကုသိုလ်ကောင်းမှုမပြုခဲ့လို့ ယုတ်ညံ့တဲ့သားစားငှက် ဗျိုင်းမဘဝဖြစ်ခဲ့ရပုံ၊ ဗျိုင်းဘဝမှာ ခက်ခက်ခဲခဲ သီလစောင်ခဲ့ရရှာပုံ၊ ဗျိုင်းဘဝကသေတော့ နတ်သမီး မဖြစ်ခဲ့ရပဲ လူ့ဘဝဖြစ်ရပုံ၊ လူ့ဘဝမှာလဲ သီလ စောင့်ထိန်းခဲ့ပုံ၊ သို့သော်လဲ လူ့ဘဝမှ သေတဲ့အခါ သိကြားမင်းအလိုကျ တာဝတိံသာနတ်မဖြစ်ပဲ ရန်ဘက်အသူရာနတ်သမီးဖြစ်သွားခဲ့ရ ရှာပုံ၊ နောက်ဆုံး ခက်ခက်ခဲခဲဖြင့် နတ်မိဖုရားကြီးဖြစ်ခဲ့ရပုံတို့ကို သံဝေဂယူကာ သီလတရား၊ ကုသလ ကမ္မပထတရားတို့ကို အစဉ်ပွားများသင့်ကြပါတော့တယ်။

## ကြုံရကြုံရ ဘုံဘဝ

ကံဇာတ်ဆရာရဲ့ စီမံညွှန်ကြားမှုကြောင့် ဘုံဘဝ ထိုထိုမှာ ကြုံလာကြရရှာတဲ့ ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့အထဲမှာ အရှင်အာနန္ဒာ မထေရ်မြတ်ကြီးခမြာလဲ ဆိုးရွားလှတဲ့ တိရစ္ဆာန်ဘဝများအဖြစ်နဲ့ ပါဝင်ခဲ့ရရှာပါသေးတယ်။

အရှင်အာနန္ဒာမထေရ်မြတ်ကြီးဟာ အတိတ်ဘဝတခုမှာ ရွှေပန်းထိမ်သည်ရဲ့သားဖြစ်ခဲ့ရဘဲ့အခါ တုန်းက သူတပါးသားမယားတွေကို ကျူးလွန်ဖြစ်မှားခဲ့ဖူးတဲ့ ဒုစရိုက်သမားကြီး ဖြစ်ခဲ့ပါသတဲ့။ အဲဒီ အကုသိုလ်ကံကြောင့် သူဟာ ဘဝသုံးခုမှာ တိရစ္ဆာန်များဖြစ်ခဲ့ရပြီး ဆိတ်ဘဝမှာ ဝှေးသင်းခံရ၊

www.dhammaransi.com


မျောက်ဘဝမှာ ဖေ့ဒေ့ကိုက်ဖောက်ခံရ၊ နွားဘဝမှာ သင်းကွပ်ခံရ ဝန်ဆွဲခဲ့ရနဲ့ ဒုက္ခကြီးစွာခံစားခဲ့ရရှာပါတယ်တဲ့။

နွားဘဝမှ သေပြန်တော့လဲ အကုသိုလ်ကံက မကုန်သေးပဲ လူ့ဘဝဖြစ်တဲ့အခါ ယောကျ်ား မဟုတ် မိန်းမ မဟုတ် နပုန်းပဏ္ဍုက် ဖြစ်ခဲ့ရရှာပါသေးတယ်တဲ့။ ဒါကြောင့် အကုသိုလ်ကံများဟာ အင်မတန် ကြောက်စရာကောင်းလှကြောင်း တွေ့မြင်နိုင်ပါတော့တယ်။

## တိဿရဟန်း သန်းဖြစ်

ဘုရားရှင် လက်ထက်တော်တုန်းက အရှင်တိဿဆိုတဲ့ ရဟန်းတပါး ရှိခဲ့ပါတယ်။ ပုထုဇဉ် ရဟန်းကြီးပါပဲ။ အဲဒီရဟန်းကြီးဟာ သေခါနီးမှာ သင်္ကန်းကို စွဲလမ်းပြီး သေသွားခဲ့ရှာပါသတဲ့။ အဲဒီစွဲလမ်းတဲ့ အကုသိုလ်ကံကြောင့် တိဿရဟန်းကြီးဟာ တိရစ္ဆာန်အ[illegible] သန်းမကြီးဖြစ်ရပြီး သင်္ကန်းမှာပဲ ကပ်နေခဲ့ရပါတော့သတဲ့။

## ကြားရတဲ့ သတင်းများ

ယခုခေတ်မှာလဲ လူ့ဘဝမှသေပြီး တိရစ္ဆာန်ဘဝ ရောက်သွားရတယ်ဆိုတဲ့ သတင်းတွေကို မကြာမကြာ ကြားသိနေရပါတယ်။

မုံရွာနယ်ကရဟန်းတပါးဟာ သူပုန်အသတ်ခံရပြီး နွားဖြစ်ခဲ့ရ၊ ခွေးဖြစ်ခဲ့ရတဲ့အကြောင်း၊ ယခု လူ့ဘဝပြန်ရပြီး ရဟန်းဝတ်နေတဲ့အကြောင်းများကို ကြားသိရပါတယ်။

www.dhammaransi.com



ဒိုက်ဦးမြို့နယ် ရွာဝိုင်းကြီးမှ ဘုန်းကြီးတပါးပျံလွန်တော်မူခဲ့ပြီး တောက်တဲ့ဖြစ်ခဲ့ရတဲ့အကြောင်း၊ တောက်တဲ့ဘဝကသေပြီး ယခု ဖအောင်ဝဲရွာမှာ လူပြန်ဖြစ်ပြီး ရှေးဘဝများကို ပြန်ပြောနိုင်တယ် ဆိုတဲ့ အကြောင်းများကိုလဲ ကြားသိနေကြရပါတယ်။

မြင်းခြံခရိုင် ဇရာဝတီကျွန်းထဲက မိဖုရားရွာမှ ဦးတိုက်စိုးဆိုသူဟာ ယခင်ဘဝက မယ်မင်းပု-ဖိုးခိုတို့အိမ်၌ ခွေးမဖြစ်ခဲ့ရတဲ့အကြောင်း၊ ခွေးသားငယ်လေးများမွေးလျက်ရှိစဉ် တညမှာ ထမင်းချိုးခိုးစားခဲ့လို့ အိမ်ရှင်က ရင်ဘတ်ကို ခက်ရင်းနှင့်ထိုးသောကြောင့် ဒဏ်ရာရပြီးထွက်ပြေးလာခဲ့ရကြောင်း၊ သားကလေးများ ရဲ့ အနီးသို့ရောက်ရှိတဲ့အခါ လဲကျသေဆုံးခဲ့ရကြောင်း၊ ယခု ဦးတိုက်စိုး၏ ရင်ဘတ်မှာ ခက်ရင်းဒဏ်ရာ ထင်လျက်ရှိကြောင်းများကိုလဲ ကြားသိကြရပါတယ်။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်က နိုင်ငံကျော် ရုပ်ရှင်ပညာရှင်တဦး သေဆုံးသွားခဲ့တဲ့အခါ ရွာတရွာမှာ ဝက်သွားဖြစ်နေတယ်ဆိုတဲ့အကြောင်း၊ အကြားအမြင်ရပုဂ္ဂိုလ်တဦးက ညွှန်ကြားတဲ့အတွက် မိသားစုများက အဲဒီရွာကိုသွားပြီး ဝက်ကြီးအား နာမည်ခေါ်တဲ့အခါ ပြေးလာတယ် ဆိုတဲ့ အကြောင်း၊ ဒါနဲ့ ကျန်ရစ်သူ သားသမီးများက ဝက်ကြီးကို ဝယ်ယူခဲ့ကြပြီး အိမ်သို့ခေါ်လာကာ ကောင်းစွာ ကျွေးမွေးပြုစုကြတယ်ဆိုတဲ့အကြောင်း၊ တနေ့မှာ ဝက်ကြီးဟာ နာမကျန်းဖြစ်တဲ့အခါ တိရစ္ဆာန် ဆေးကုဆရာဝန်ထံ သွားပြပြီး ဆေးကုသခဲ့တဲ့အကြောင်း၊ ဤကဲ့သို့ ဝက်ကြီး မကြာမကြာ နာမကျန်းဖြစ်ရတဲ့အခါ တိရစ္ဆာန် ဆေးကုဆရာဝန်က သက်ာမကင်းဖြစ်ပြီး “ဝက်ကြီးကို ဘယ်လိုထားသလဲ”လို့ မေးမြန်းတဲ့အကြောင်း၊ ဆေးခန်းလာပို့သူများက “ဝက်ကြီးကို ခုတင်မွေ့ယာ

နှင့်သိပ်ပြီး ထမင်းဟင်းများကျွေးကြောင်း”ပြောကြတဲ့အခါ တိရစ္ဆာန်ဆေးကုဆရာဝန်က “ဝက်ကို ဝက်လိုမထားပဲ လူလိုထားယင် ဘယ်ကျန်းမာပါ့မလဲ”လို့ ပြောကြောင်း၊ သို့အတွက် အိမ်အောက် မှာပဲ ဝက်လိုချထားရတယ်ဆိုတဲ့အကြောင်းများကို ကြားသိကြရပါတယ်။

## ကပိလငါး ဇာတ်ကြောင်း

လွန်ခဲ့တဲ့ ကဿပဘုရားရှင် သာသနာမှာ သာဂတနဲ့ ကပိလဆိုတဲ့ ညီနောင်နှစ်ဦးတို့ဟာ ရဟန်း ပြုခဲ့ကြပါသတဲ့။ နောင်တော် သာဂတက ဝိပဿနာဓုရကို အားထုတ်လို့ အရဟတ္တဖိုလ်ပေါက် ဆိုက် ရောက်ခဲ့ပြီး ညီတော် ကပိလ ရဟန်းကတော့ ဂန္ထဓုရကို ပွားစေလျက် ပိဋကတ်သုံးပုံကို သင်ယူ တတ်မြောက်ခဲ့ပါသတဲ့။ သူတို့ညီနောင်ရဲ့ မိခင် သာဂတီနဲ့ ညီမ တာပနာတို့ဟာလဲ ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုခဲ့ကြပါသတဲ့။ ညီတော် ကပိလ ရဟန်းဟာ အခြံအရံများပြီး အကြားအမြင်များကာ လာဘ် သပ္ပကာလဲ ပေါများခဲ့ပါသတဲ့။ လောဘတဏှာ နှိပ်စက်ခဲ့တဲ့အတွက် သူ့စကားကို မလိုက်နာတဲ့ ရဟန်းများကို ဆဲရေးခဲ့ပြီး၊ တရားမဟုတ်တာကို တရားဟုတ်တယ်လို့ ပြောဆိုကာ ကဿပ သာသနာ ကို ဆုတ်ယုတ်စေခဲ့ပါသတဲ့။ မိခင်နဲ့ ညီမတို့ကလဲ သူ့လိုပဲ ပြုခဲ့ကြပါသတဲ့။ အဲဒီ မကောင်းမှုကံကြောင့် သေတဲ့အခါ အဝီစိငရဲသို့ ကျရောက်ခဲ့ရပြီး ကံကြွင်းလေးအနည်းငယ်ရှိလို့ ဂေါတမဘုရားရှင်လက်ထက်

---

[၂၂] ကပိလငါးကို ဘုရားရှင်၏ရှေ့မှောက်သို့ ယူဆောင်လာကြပုံ။

www.dhammaransi.com



www.dhammaransi.com



တော်မှာ အစီရဝတီမြစ်၌ ရွှေအဆင်းရှိတဲ့ တီရစ္ဆာန် ငါးဖြစ်ခဲ့ရပါသတဲ့။ ဒါပေမယ့် ပါးစပ်ကတော့ အင်မတန် ပုပ်စော်နံပြီး နေပါသတဲ့။

တနေ့မှာ တံငါများက ကပိလ ရွှေငါးကို ဖမ်းဆီးရမိပြီး ဘုရင်အား ဆက်သကြပါသတဲ့။ ဘုရင်ကလဲ ရွှေငါးကို ယူဆောင်ပြီး ဘုရားရှင်ထံသို့သွားကာ ရွှေငါးရဲ့ အကြောင်းကို မေးမြန်း လျှောက်ထားပါသတဲ့။ ဘုရားရှင်ရှေ့မှောက်သို့ ရောက်ရှိတဲ့အခါ ငါးရဲ့ ပါးစပ်ကို ဖွင့်လိုက်ကာမျှပဲ ဇေတဝန်ကျောင်းတခုလုံး ပုပ်စော်နံသွားရပါသတဲ့။ ဘုရားရှင်က "မင်းကြီး၊ ဤငါးဟာ ကဿပ ဘုရားရှင်သာသနာမှာ ကပိလအမည်ရှိတဲ့ ရဟန်းဖြစ်ခဲ့တယ်။ ပိဋကတ်သုံးပုံတတ်မြောက်ပြီး အကြား အမြင် အခြံအရံ များခဲ့တယ်။ လောဘတဏှာ နှိပ်စက်လို့ ရဟန်းများအား ဆဲရေးခဲ့တယ်။ တရား မဟုတ်တာကို တရားဟုတ်တယ်လို့ ပြောဆိုခဲ့တယ်။ ဒီမကောင်းမှုကံကြောင့် သေလွန်တဲ့အခါ အဝီစိ ငရဲမှာ ဖြစ်ရတယ်။ ကုသိုလ်ကံကြွင်းလေးရှိလို့ ယခုဘဝ ငါးဖြစ်ရပြီး၊ ပရိယတ္တိ စာပေကို သင်ကြား ပို့ချခဲ့ခြင်းကြောင့် ရွှေအဆင်းရှိရတယ်။ ရဟန်းများအား ဆဲခဲ့တဲ့အတွက်ကြောင့် ခံတွင်းပုပ်ရတယ်"လို့ မိန့်ကြားတော်မူပါတယ်။

အဲဒီနောက် ဘုရားရှင်က "ငါးကို စကားပြောစေအံ့"လို့ မိန့်တော်မူပြီး "သင် ကပိလလော" လို့ မေးတော်မူတဲ့အခါ ငါးက "ဟုတ်ပါ၏ဘုရား"လို့ လျှောက်ထားပါသတဲ့။ "သင် အဘယ်မှ လာသလဲ"လို့ မေးတဲ့အခါ "အဝီစိငရဲမှ လာပါတယ်"၊ "သင့်နောင်တော် သာဂတရော ဘယ်သွား

www.dhammaransi.com

သလဲ"၊ "ပရိနိဗ္ဗာန်ပြုသွားပါပြီဘုရား"၊ "သင့်အမိ သာဂတီ၊ သင့်နှမ တာပနာတို့ရော ယခု ဘယ်မှာ ရှိသလဲ"၊ "အဝီစိငရဲမှာ ရှိရစ်ပါတယ်ဘုရား"၊ "ယခု သင်ဘယ်ကိုသွားမလဲ"၊ "အဝီစိငရဲသို့သွားရပါအံ့မယ်ဘုရား"လို့ ဖြေကြားကာ နှလုံးမသာမယာစွာနဲ့ ပျက်ပျတ်ပျက်ပျတ်မည်ပြီး သေဆုံးသွားခဲ့ရရှာပါတော့သတဲ့။

[ဓမ္မပဒ-အဋ္ဌကထာ]

မှတ်ချက်။ ။ဒီဝတ္ထုကို ကြည့်မယ်ဆိုယင် ကပိလဟာ ပိဋကတ်သုံးပုံတတ်မြောက်ပြီး ဂန္ထဓုရကို ဆောင်နိုင်ခဲ့သော်လဲ လောဘတဏှာကို မသတ်နိုင်ခဲ့တဲ့အတွက် သာသနာကို ဖျက်ရာရောက်ခဲ့ရတယ်။ ဒါကြောင့် အဝီစိငရဲမှာ ကျခံရပြီး၊ ကုသိုလ်ကံလေးကျန်ရှိလို့ ငါးတိရစ္ဆာန်ဘဝနဲ့ ဂေါတမဘုရားရှင်အား ဖူးတွေ့ခဲ့ရပါသော်လဲ အကုသိုလ်ကံတွေ အားကြီးလှလို့ ကျွတ်တမ်းမဝင်နိုင်ပဲ ငရဲပြည်သို့ပြန်သွား ရရှာတယ်ဆိုတာကို သတိပြုကြပြီး သံဝေဂယူကြဖို့ ကောင်းလှပါတော့တယ်။

## ကမ္မဋ္ဌာန်း ကြက်ဟူရွေး

အထက်က ဖော်ပြခဲ့တဲ့ ကပိလငါးဟာ အကုသိုလ်ကံတွေ အားကြီးလွန်းလို့ အောက်ငရဲပြည်သို့ သွားခဲ့ရပါသော်လဲ၊ တိရစ္ဆာန်ဖြစ်ပြီး ကုသိုလ်ကံ စန်းထကာ အထက်လူ့ဘုံနတ်ဘုံသို့ ရောက်ရှိနိုင်တဲ့ သတ္တဝါများလဲ ရှိခဲ့ရပါသေးတယ်။


ဘုရားရှင်လက်ထက်တော်က ကုရုတိုင်း ကမ္မာသဓမ္မ အရပ်မှာ သတိပဋ္ဌာန်တရားအားထုတ်သူ တွေ လွန်စွာ များပြားခဲ့ကြပါတယ်။ အဲဒီအချိန်.... ကမ္မဋ္ဌာန်းကျောင်းတခုမှာ လူစကားနားလည်ပြီး ပီသစွာ ပြောနိုင်တဲ့ ကြက်တူရွေးတကောင် ရှိပါတယ်။ ကမ္မဋ္ဌာန်းကျောင်းသို့ ကချေသည်တဦး ဝင်ရောက်တည်းခိုခဲ့ပြီး ထွက်သွားတဲ့အခါ ကျန်နေရစ်ခဲ့တဲ့ လိမ္မာတဲ့ ကြက်တူရွေး ဖြစ်ပါတယ်တဲ့။ သူ့ကို သာမဏေရီမလေးတွေက မွေးမြူပြုစုထားပြီး "ဗုဒ္ဓရက္ခိတ" လို့ အမည်ပေးထားကြပါသတဲ့။

တနေ့မှာ ကျောင်းအုပ် ထေရီမကြီးက "ဟေ့ ဗုဒ္ဓရက္ခိတ ဘာတရားကို နှလုံးသွင်းသလဲ" လို့ မေးပါသတဲ့။ ကြက်တူရွေးကလဲ "ဘာတရားကိုမှ နှလုံးမသွင်းပါဘူး အရှင်မ" လို့ ပြောတော့ "ရှင်ရဟန်း သူတော်ကောင်းတွေနေရာမှာ နေတဲ့သူဟာ ဘာတရားကိုမှ နှလုံးမသွင်းပဲနေလို့တော့ မသင့်လျော်ဘူး၊ ကမ္မဋ္ဌာန်းတခုခုကိုတော့ နှလုံးသွင်းရတယ်၊ သင်ကတော့ များများနှလုံးသွင်းနိုင်မှာမဟုတ်ဘူး၊ အဋ္ဌိ-အဋ္ဌိ-အရိုးစု-အရိုးစုလို့ အဲဒါပဲ နှလုံးသွင်းနေပေတော့" လို့ ထေရီမကြီးက အဋ္ဌိက ကမ္မဋ္ဌာန်းကို ပေးထားပါတယ်တဲ့။ ကြက်တူရွေးလဲ အဋ္ဌိ အဋ္ဌိ လို့ မပြတ်နှလုံးသွင်းနေပါသတဲ့။

တနေ့နံနက်ခင်းမှာ ဗုဒ္ဓရက္ခိတကြက်တူရွေးဟာ တံခါးတိုင်ပေါ်မှာ နေပူစာလှုံနေတုန်းသိမ်းငှက် တကောင်က သုတ်ချီသွားပါတယ်။ ဒီအခါ သာမဏေရီမလေးတွေက "ဗုဒ္ဓရက္ခိတကို သိမ်းငှက်သုတ်

[၂၃] ဗုဒ္ဓရက္ခိတကြက်တူရွေးလေးအား သိမ်းငှက်က သုတ်ချီသွားပုံ။

www.dhammaransi.com



www.dhammaransi.com

သွားတယ်- ဟေး....ဟေး''လို့ အော်ဟစ် ခြောက်လှန့်ကြတဲ့အခါ သိန်းငှက်လဲ လန့်ပြီး လွှတ်ချလိုက်ပါသတဲ့။

သာမဏေရိမ်လေးတွေက ဗုဒ္ဓရက္ခိတကို ကောက်ယူလာပြီး ထေရိမ်ကြီးရဲ့ ရှေ့မှာ ချထားတဲ့အခါ၊ ထေရိမ်ကြီးက ''ဟေ့....ဗုဒ္ဓရက္ခိတ၊ သင့်ကို သိန်းက သုတ်ချီသွားတဲ့အခါ ဘယ်သို့နှလုံးသွင်းသလဲ''လို့ မေးပါသတဲ့။ ဒီအခါ ဗုဒ္ဓရက္ခိတကြက်တူရွေးက ''တခြားကိုတော့ နှလုံးမသွင်းမိပါဘူး။ အဋ္ဌိတခုက အဋ္ဌိတခုကို သုတ်ချီသွားတယ်၊ ဘယ်နေရာကျမှ ဒီအဋ္ဌိ(အရိုးစု)ကို ဖရိုဖရဲကြဲပစ်လိုက်မလဲ မသိဘူးလို့ ဒါကိုပဲ နှလုံးသွင်းမိပါတယ်''လို့ ပြောကြားပါသတဲ့။

ဒီအခါ ထေရိမ်ကြီးက ''အေးကွယ်.... သာဓု-သာဓု-သာဓု.... သင့်မှာ ဒီလို နှလုံးသွင်းတာဟာ နောင်အခါ ဘဝမှ လွတ်မြောက်ရေးအတွက် အကြောင်း အထောက်အပံ့ဖြစ်ပါလိမ့်မယ်''လို့အားပေးစကား ပြောကြားခဲ့ပါတယ်တဲ့။

''တိရစ္ဆာန်ဘုံဘ၀''နဲ့ ပတ်သက်ပြီး တင်ပြလာတာဟာလဲ ပြည့်စုံသလောက် ရှိသွားပါပြီ။ သံဝေဂယူဖွယ် ဝတ္ထုသာဓကတွေလဲ အော်တော် တင်ပြလို့ပြီးပါပြီ။ ဒါကြောင့် ''တရားဆောင် ပုဒ်ကဗျာလေးတွေ'' ကို ဆိုကြပါဦးစို့။

"တိရစ္ဆာန်ဘုံဘဝ ညွှန်းပြကဗျာ"

အကုသိုလ်ကံ အကျိုးပေးတရားကြောင့်၊ တိရစ္ဆာန်ဘုံသား ဖြစ်ရတယ်။
ကုန်းနေရေနေ လွန်များပြားလို့၊ မျက်မှောက်ထင်ရှား တွေ့နိုင်တယ်။
တောတောင်သမုဒ္ဒရာ ကမ္ဘာမြေတလွှားမှာ၊ ပေါက်ဖွားကျက်စား မျိုးစုံကွယ်။
ထောင့်ဖြတ်ဖီလာ အလျားလိုက်သွားလို့၊ တိရစ္ဆာန်များ....ခေါ်ကြတယ်။
ဘေးရန်အဖြာဖြာ ဒုက္ခပွားလို့၊ နိုင်ရာစားလို့ နေကြတယ်။
မစင်အပုပ်ကောင် ကျွေရာစားလို့၊ ထိတ်လန့်တကြား ရှိကြတယ်။
ပင်ပန်းကြီးစွာ ဝန်ကိုဆွဲလို့၊ ကြိမ်းမောင်းရိုက်လဲ ခံရတယ်။
တိရစ္ဆာန်အဖြစ်ဟာ နိမ့်ကျဆိုးသကွဲ့၊ အပါယ် ၄-မျိုး ပါဝင်တယ်။

"မှတ်ကွယ်....မှတ်ကွယ်"

www.dhammaransi.com

# ငရဲဘုံ ငရဲဘဝ

## ၄။ [ငရဲဘုံဘဝသို့ ရောက်ရှိခြင်း] [နိရယဂတိ]

အခါတပါးမှာ သိကြားမင်းဟာ တာဝတိံသာနတ်ပြည်မှ တိတ်တဆိတ် ပျောက်ကွယ်သွားခဲ့ပါတယ်။ လူ့ပြည်ကိုအကြောင်းကိစ္စတခုနဲ့ ဆင်းလာရခြင်း ဖြစ်ပါတယ်တဲ့။ အကြောင်းကိစ္စကတော့ လူ့ပြည်မှာရှိတဲ့ နေမိမင်းကြီးဟာ "ဒါနကပဲမြတ်သလား၊ သီလကပဲမြတ်သလား"ဆိုတာ ဝေခွဲမရနိုင်ဖြစ်နေတာကို ရှင်းလင်းပြောကြားဖို့ ဖြစ်ပါတယ်တဲ့။ နေမိမင်းကြီးဆိုတာက "ရှင့်မာတကျိုပ်"မှာပါဝင်တဲ့ ဘုရားလောင်းမင်းကြီးဖြစ်ပြီး မင်းကျင့်တရားဆယ်ပါးနဲ့အညီ အုပ်ချုပ်ကာ ကုသလကမ္မပထတရားများကို သူကိုယ်တိုင်လဲ ပြုကျင့်တယ်၊ တိုင်းသူပြည်သားများကိုလဲ လိုက်နာပြုကျင့်စေခဲ့ပါတယ်။ ဒါကြောင့် နေမိမင်းကြီးလက်ထက်မှာ တိုင်းသူပြည်သားတွေ သေတဲ့အခါ နတ်ပြည်နတ်ရွာသို့ရောက်ခဲ့ကြတာ များပါတယ်တဲ့။

သိကြားမင်းက "ဒါနနဲ့ သီလမှာ သီလက ပိုမြတ်တယ်၊ ဒါပေမယ့် နှစ်မျိုးလုံး ပြုရမယ့် ပြုကောင်းတဲ့ တရားချည်းဖြစ်လို့ နှစ်မျိုးလုံးကိုပဲ ပြုကျင့်ပါ"လို့ ဝတ္ထုသာဓကများနဲ့ ရှင်းလင်းပြောကြားတဲ့အခါ နေမိမင်းကြီးလဲ သဘောကျ လက်ခံသွားပါတယ်တဲ့။

www.dhammaransi.com


အဲဒီနောက် သိကြားမင်းကြီးလဲ တာဝတိံသာနတ်ပြည်သို့ ပြန်သွားပါတယ်။ တာဝတိံသာသို့ ပြန်ရောက်တဲ့အခါ နတ်သမီး နတ်သားတွေက "အရှင်သိကြားမင်း....စောစောကဘယ်သွားတာလဲ" လို့ ဝိုင်းမေးကြပါတယ်။

သိကြားမင်းကြီးက နေမိမင်းကြီးရဲ့ ယုံမှားသံသယကို ဖျောက်ဖို့ လူ့ပြည် ဆင်းရတဲ့အကြောင်းများကို ပြောပြပါတယ်။ ဒီအခါ နတ်သမီး နတ်သားများက နေမိမင်းကြီးအား နတ်ပြည်သို့ ပင့်ခေါ်ပေးရန် ဝိုင်းပြီး ပူဆာကြပါတယ်။ သိကြားမင်းလဲ နေမိမင်းကြီးကို ပင့်ခေါ်ဖို့ မာတလိနတ်သားအား နတ်ရထားနဲ့ စေလွှတ်လိုက်ပါတယ်။

ဒါနဲ့ မာတလိ နတ်သားလဲ လူ့ပြည်ဆင်းလာပြီး နေမိမင်းကြီးအား ဝေဇယန္တာ နတ်ရထားပေါ်တင်ပြီး ပင့်ခေါ်ပါတယ်။ နေမိမင်းကြီးရဲ့ ဆန္ဒအရ [ငရဲလမ်းနဲ့နတ်လမ်း ၂-လမ်းရှိရာမှာ] ငရဲလမ်းဘက်သို့ အယင် မောင်းပို့ခဲ့ရပါတယ်။

ဒါကြောင့် လူမင်းစင်စစ်ဖြစ်တဲ့ နေမိမင်းကြီးဟာ ငရဲပြည်သို့ ကိုယ်တိုင် ကိုယ်ကျ ရောက်ရှိခဲ့ကာ ငရဲဘုံဘဝများရဲ့ ဆင်းရဲဒုက္ခ ခံစားကြရပုံများကို ကိုယ်တွေ့မျက်မြင် သိရှိခဲ့ရပါတော့တယ်။

## ငရဲပြည် ရှစ်ပြည်

ငရဲပြည်ဆိုတာ ပြည်နယ်ပေါင်း ရှစ်ပြည်ပါဝင်တဲ့ နိုင်ငံကြီး ဖြစ်ပါတယ်။ ဒီပြည်နယ်တွေကတော့- ၁။ သိဉ္စိုဝ်း၊ ၂။ ကာဠသုတ်၊ ၃။ သံဃာတ၊ ၄။ ဇာလရောရုဝ၊ ၅။ ဓုမရောရုဝ၊

 www.dhammaransi.com 

၆။ တာပန၊ ၇။ ပတာပန၊ ၈။ အဝီစိတို့ဖြစ်ကြပါတယ်။ ငရဲပြည်နယ်ကြီး တခုတခုမှာလဲ ငရဲငယ် အခြံအရံတွေက ၂၀ စီလောက် ရှိကြပါတယ်။

ငရဲပြည်ရှိတဲ့နေရာကတော့ ဒီကမ္ဘာမြေကြီးရဲ့အောက်မှာ ယူဇနာပေါင်း တစ်သောင်းငါးထောင် ကွာဝေးတဲ့အရပ်မှာ သိဦးဝိုင်းငရဲပြည်နယ်ကြီးတည်ရှိပြီး၊ အဲဒီကအောက် ယူဇနာတစ်သောင်းငါးထောင် စီ အဆင့်ဆင့်ကွာခြားလျက် ငရဲပြည်နယ်များ တည်ရှိကြကယ်လို့ ဆိုပါတယ်။

## ငရဲရောက်ရခြင်းအကြောင်း

သတ္တဝါတွေ ငရဲပြည်များသို့ ရောက်ရှိကြရပြီး ငရဲဆင်းရဲတွေကို ခံစားကြရတာတွေကတော့ အကုသိုလ်ကံတွေ အကျိုးပေးအားကြီးလို့ ဖြစ်ပါတယ်တဲ့။ အကုသိုလ်ကံတွေဆိုတာကတော့ ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါးတို့ ဖြစ်ကြပါတယ်။

ကိုယ်ဖြင့် ပြုလုပ်တဲ့ မကောင်းတဲ့ အပြုအမူတွေကို ကာယကံ ကာယဒုစရိုက်လို့ ခေါ်ပါတယ်။ ၁။ သူ့အသက်သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးယူခြင်း၊ ၃။ သူတပါးသားမယား ပြစ်မှားကျူးလွန်ခြင်း တို့ ဖြစ်ကြပါတယ်။

---

[၂၄] ငရဲအိုး ဆင်းရဲဒုက္ခအပေါင်းကို ဘုရားလောင်း နေမိမင်းကြီးကိုယ်တိုင် မျက်ဝါးထင်ထင် ရှုမြင်ခဲ့ရပုံ။

www.dhammaransi.com



www.dhammaransi.com

နှုတ်ဖြင့်ကျူးလွန်တဲ့ မကောင်းတဲ့ အပြောအဆိုကိုတော့ ဝစီကံ-ဝစီဒုစရိုက်လို့ ခေါ်ပါတယ်။ ၁။ လိမ်ညာပြောဆိုခြင်း၊ ၂။ ကုန်းတိုက်ခြင်း၊ ၃။ ဆဲရေးခြင်း၊ ၄။ အကျိုးမရှိတဲ့စကား ပြောခြင်းတို့ ဖြစ်ကြပါတယ်။

စိတ်ဖြင့် ကျူးလွန်တဲ့ မကောင်းတဲ့အကြံအစည်တွေကိုတော့ မနောကံ-မနောဒုစရိုက်လို့ ခေါ်ပါတယ်။ ၁။ သူတပါးစည်းစိမ်ဥစ္စာကို မိမိစည်းစိမ်ဥစ္စာဖြစ်စေလိုတဲ့ လောဘ၊ ၂။ သူတပါး ပျက်စီးပါစေဆိုတဲ့ ဒေါသနဲ့၊ ၃။ မှားယွင်းတဲ့အယူအဆတို့ ဖြစ်ကြပါတယ်။

## မကောင်းမှု အကုသိုလ်

အဲဒီ မကောင်းမှု အကုသိုလ်တွေဟာ သဘောတရားအရ ပြောရယင် "သာဝဇ္ဇဒုက္ခဝိပါက လက္ခဏာ-အပြစ်နဲ့တကွဖြစ်ခြင်း၊ မကောင်းတဲအကျိုးကိုပေးခြင်း သဘောတခုမျှသာ" ဖြစ်ပါတယ်။ စိတ္တုပ္ပါဒ်အနေနဲ့ ပြောရယင် လိုချင်တာ နှစ်သက်တာနဲ့ပတ်သက်တဲ့ လောဘမူစိတ် ၈-ပါး။ စိတ်ဆိုးတာ ပြစ်မှားတာနဲ့ပတ်သက်တဲ့ ဒေါသမူစိတ် ၂ ပါး။ မသိတာ တွေဝေတာနဲ့ပတ်သက်တဲ့ မောဟမူစိတ် ၂ ပါး။ စုစုပေါင်း ၁၂ ပါး ဖြစ်ပါတယ်။

## အကျိုးပေးပုံ

ကံတိုင်းကံတိုင်းမှာ ကုသိုလ်ကံမှာရော အကုသိုလ်ကံမှာပါ အကျိုးပေးပုံ ၂ မျိုးရှိပါတယ်။ **အဲဒါကတော့ ပဋိသန္ဓေအကျိုးနဲ့ ပဝတ္တိအကျိုးတို့ဖြစ်ကြပါတယ်။ ပဋိသန္ဓေအကျိုးကတော့ တကြိမ်**

www.dhammaransi.com


သာပေးနိုင်ပါတယ်။ ပဝတ္တိအကျိုးကတော့ ဘဝပေါင်းများစွာ ဆက်ပြီး အကျိုးပေးနိုင်တဲ့ သတ္တိရှိပါတယ်။ ငရဲကို ရောက်ကြရတာတွေကတော့ အကုသိုလ်ကံတွေက ပဋိသန္ဓေအကျိုးကို ပေးလိုက်ကြတဲ့အတွက် ရောက်ရှိကြခြင်း ဖြစ်ပါတယ်။

**ကံ အကြောင်း**

ဒီနေရာမှာ ကံအကြောင်းကို အမြွက်မျှ တင်ပြလိုပါတယ်။ ကံနှဲ့ဆိုင်ရာ ဂရုကံ ဆိုတာရှိပါတယ်။ အင်မတန် အားကြီးတဲ့ ကံပါပဲ။ ဒီကံက ဒုတိယဘဝမှာ မလွဲမသွေ အကျိုးပေးတဲ့ကံဖြစ်ပါတယ်။

အကုသိုလ်ဘက်မှ ကြည့်မယ်ဆိုယင် အမိ အဖ ရဟန္တာကို သတ်တာ၊ ဘုရားရှင်ကို သွေးယိုစေတာ၊ သံဃာဂိုဏ်းကွဲအောင် ခွဲတာတွေဟာ ဂရုကံများဖြစ်ကြပါတယ်။ ပဉ္စာနန္တရိယကံကြီး ငါးပါးလို့ခေါ် ဆိုလေ့ရှိကြပါတယ်။ ဒီကံကြီးများကို ကျူးလွန်မိတဲ့သူဟာ သေယင် အဝီစိငရဲကိုကေန်မုချရောက်ကြရပါတယ်။

ကျန်တဲ့ ကံတွေကတော့ ၁။ အာစိဏ္ဏကံ ခေါ် ဗဟုလကံ=အကြိမ်များစွာ ခဏခဏ ထပ်ဖြစ်နေတဲ့ကံ ၂။ အာသန္နကံ=သေခါနီးမှာပြုတဲ့ကံ ၃။ ကဋတ္တာကံ= ဘဝများစွာက ပြုခဲ့တဲ့ကံတို့ဖြစ်ကြပါတယ်။

အကုသိုလ်ကံတွေဟာ ချက်ချင်းလက်ငင်း အကျိုးမပေးကြပဲ အတော်ကြာမှ အကျိုးပေးကြတယ်လို့ ဆိုပါတယ်။ ဒါကြောင့် မကောင်းမှုတွေ ပြုဆဲအချိန်မှာ သာယာဖွယ်လို့ ထင်မှတ်ပြီး

www.dhammaransi.com

အထပ်ထပ် ပြုမိကြခြင်း ဖြစ်ပါတယ်။ အဲဒီ မကောင်းမှုက အကျိုးပေးတဲ့အချိန်ကျယင်လဲ ပြုခဲ့တုန်းက သာယာခဲ့တဲ့ ဘုခန့် မကာမိအောင် ဒုက္ခအကြီးအကျယ် ခံကြရတယ်လို့ ဆိုပါတယ်။

## တေမိမင်း ဆင်ခြင်ပုံ

ဘုရားအလောင်း တေမိမင်းသားဟာ ရှေးဘဝများကို ပြန်မြင်နိုင်တဲ့ ဇာတိဿရဉာဏ်ကို ရရှိခဲ့တဲ့အတွက် သူ့ရဲ့ဖြစ်ရာ ဘဝများကို ပြန်လည် ဆင်ခြင် သုံးသပ်ကြည့်ခဲ့ပါတယ်။

အဲဒီလို ဆင်ခြင်သုံးသပ်တဲ့အခါ သူဟာ ယခင်ဘဝက နတ်ပြည်မှလာခဲ့တာကို သိမြင်ရပါတယ်။ အဲဒီ နတ်ပြည်၌ မဖြစ်ခင် ရောက်ရှိခဲ့တဲ့ဘဝကို တဖန်ကြည့်ပြန်တဲ့အခါ ဥဿဒငရဲ၌ အနှစ်ရှစ်သောင်းတိုင်အောင် ငရဲဆင်းရဲခံစားခဲ့ရတာကို သိမြင်ရပြန်ပါတယ်။ ဘာကြောင့် ဒီလိုငရဲမှာ ခံရတာလဲဆိုတာ ဆင်ခြင်ပြန်တဲ့အခါ ဗာရာဏသီပြည်မှာ အနှစ်နှစ်ဆယ်တိုင်တိုင် မင်းပြုခဲ့ပြီး အကုသိုလ်တွေ ပြုခဲ့မိတာကို မြင်တွေ့ရပြန်ပါတယ်။

ဒါကြောင့် တေမိမင်းသားဟာ ဥဿဒငရဲမှာ အနှစ် ရှစ်သောင်းတိုင်တိုင် ငရဲဒုက္ခတွေကို ပင်ပန်းကြီးစွာ ခံစားခဲ့ရပုံတွေကို ပြန်လည်မြင်ယောင်ပြီး ထိတ်လန့်တုန်လှုပ်ကာ သံဝေဂဉာဏ်ကြီးစွာ ရရှိပါတော့တယ်။ အဲဒီလို သံဝေဂဉာဏ် ကြီးစွာ ရရှိတဲ့အတွက် ယခုဘဝ ဗာရာဏသီပြည်မှာ

---

[၂၄] တေမိမင်းသားသည် ငရဲဆင်းရဲကို မြင်ယောင်ကာ ကြီးစွာထိတ်လန့်မှုဖြစ်၍ အားမရှိဘဲ နေခဲ့ရှာပုံ။


www.dhammaransi.com

www.dhammaransi.com

ဘုရင့်သားတော်ဖြစ်လာရတဲ့အခါ ထီးနန်းအုပ်ချုပ် မင်းလုပ်ရမှာကို အကြောက်ကြီး ကြောက်ရွံ့ပြီး၊ အပြစ်ကင်းကင်းနေနိုင်အောင် စကားကိုပင် မပြောတော့ပဲ အအ, လုပ်နေရှာပါတော့တယ်တဲ့။

ငရဲဆင်းရဲ

ငရဲပြည်မှာ ခံစားကြရတဲ့ ဆင်းရဲဒုက္ခတွေကတော့ ကြောက်ခမန်းလိလိ ကြက်သီးထစရာတွေပါပဲ။ သိဉ္စိုဝ်းငရဲမှာဆိုယင် ငရဲထိန်းတွေက ငရဲလက်နက်ကြီးတွေနဲ့ ထိုးလိုက် ခုတ်လိုက် သတ်လိုက် ဖြတ်လိုက်၊ သေသွားလိုက်၊ ပြန်ရှင်လာလိုက်နဲ့ အကုသိုလ်ကံ မကုန်မချင်း ခံစားကြရရှာပါတယ်။ ကာဠသုတ်ငရဲမှာဆိုယင်လဲ ပြေးလို့ အမောဆို့ပြီး လဲကျသွားတဲ့ ငရဲသားတွေကို မျဉ်းကြိုးနဲ့တိုင်းပြီး ခုတ်ကြ, ဖြတ်ကြနဲ့ အကုသိုလ်ကံမကုန်မချင်း ခံကြရပါတယ်။ သံဃာတ ငရဲမှာဆိုယင်လဲ မီးလျှံတွေ တောက်နေတဲ့ သံပူကျင်းထဲမှာ ငရဲသားတွေကို ခါးလောက်အထိ ထည့်မြှုပ်ပြီး သံတောင်ကြိတ်စက်ကြီးတွေနဲ့ လှိမ့်နင်းပြီး အသတ်ခံကြရပါတယ်။ ဇာလရောရုဝမှာဆိုယင် ငရဲတဘုံလုံး မီးတောက် မီးလျှံတွေ တောက်လောင်နေပြီး ငရဲသားတွေရဲ့ မျက်စိပေါက်နားပေါက်စတဲ့ အပေါက်မှန်သမျှတွေမှာ မီးလျှံတွေ အတင်းတရစပ် ဇွတ်တိုးဝင်ခြင်း ခံကြရပါတယ်။ ကူပါကယ်ပါနဲ့ တစာစာအော်ဟစ်နေကြရရှာပါတယ်။

ငရဲကြီးရှစ်ထပ်ရဲ့ ဆင်းရဲဒုက္ခ ခံစားရပုံတွေဟာ တမျိုးပြီးတမျိုး ကြောက်စရာ ထိတ်လန့်စရာ တွေချည်းပါပဲ။ ဒါ့အပြင် ငရဲနှစ်တွေကလဲ လူ့ရဲ့နှစ်အရေအတွက်နဲ့ဆိုယင် သန်းဂဏန်းတွေ ကုဋေဂဏန်းတွေ များပြားစွာ ကြာမှ ငရဲပြည်မှာ တဖက်မျှသာ ဖြစ်ပါသတဲ့။

ဒါကြောင့် ဘုရားရှင်က "ယာဝဒိဒံ ဘိက္ခဝေ နသုကရာ အက္ခာနေန ပါပုဏိတုံ ယာဝ ဒုက္ခာ နိရယာ"ဆိုတာတို့၊ ငရဲ၌ဆင်းရဲသလောက် ဟောပြတော်မူသဖြင့် အပြီးသို့ရောက်ခြင်းငှာ မလွယ်ကုန်၊ ငရဲတို့သည် အလွန်အကဲသာလျှင် ဆင်းရဲစေတတ်သည့် ဆင်းရဲရာအရပ်တို့ ပေတည်း" လို့ ထုတ်ဖော် ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတော့တယ်။

## ဒု-သ-န-သော

အခါတပါး ညတညမှာ ကောသလမင်းကြီးဟာ အိပ်မပျော်နိုင်ပဲ ရှိနေခဲ့ပါတယ်။ အဲဒီလို အိပ်မပျော်ပဲရှိနေတဲ့ ညဉ့်နက်အချိန်မှာ ဒု-သ-န-သောလို့ဆိုတဲ့ အလွန်စူးရှပြင်းထန်တဲ့ အသံကြီးငှသံကို ကြောက်မက်ဖွယ်ကြားခဲ့ရပါတယ်။ အဲဒီအခါကောသလမင်းကြီးဟာ "ဘယ်လိုဘေးရန်များဖြစ်မှာ ပါလိမ့်မလဲ"လို့တွေးမိပြီး ထွန်စွာစိတ်ပူပန်သောကရောက်ရပါတယ်။နံနက်မိုးလင်းတဲ့အခါ ပုရောဟိတ် များကိုခေါ်ပြီး ဒီအကြောင်းကို ပြောတဲ့အခါ ပုရောဟိတ်များက "ဝန်လေးတဲ့ နိမိတ်ဖြစ်တယ်၊ အသက်အန္တရာယ်စိုးရိမ်ရပါတယ်"လို့ ပြောကြပါတယ်။ ဘုရင်ဟာ ပိုမိုကြောက်ရွံ့ တုန်လှုပ်သွားပြီး "ကုစားနိုင်တဲ့နည်းများ ရှိသလား"လို့ မေးပါတယ်။ ပုရောဟိတ်များက "ဆင်အကောင် ၁၀၀၊ မြင်းအကောင် ၁၀၀ စတဲ့ အလုံးစုံ အကောင် ၁၀၀ စီ သတ်ပြီး ယဇ်ပူဇော်ရမယ်"လို့ ညွှန်ကြား ကြပါတယ်။

ဘုရင်ကြီးလဲ အကြောက်လွန်ပြီး ပုရောဟိတ်များ ညွှန်ကြားတဲ့အတိုင်း ယဇ်ပူဇော်ဖို့ စီစဉ် ပါတယ်။ ဒီအခါ ယဇ်ပူဇော်ခံကြရရှာမယ့်လူတွေက ငိုယိုဟစ်ခေါ်ကြပါတယ်။ မလ္လိကာမိဖုရားကြီး

www.dhammaransi.com


ကြားတဲ့အခါ ကောသလဘုရင်ကြီးအား အသံဆိုးတွေ ကြားရတဲ့ အကျိုးအပြစ်ကို ဘုရားရှင်အား မေးလျှောက်ရန် တိုက်တွန်းပါတယ်။

ဒါနဲ့ ကောသလဘုရင်ကြီးလဲ ဘုရားရှင်အား သွားရောက်မေးလျှောက်တဲ့အခါ၊ ဘုရားရှင်က "ကြားရတဲ့အသံတွေဟာ မင်းကြီးနဲ့ ဘာမျှမသက်ဆိုင်ဘူး၊ ကဿပဘုရားလက်ထက်က သဋ္ဌေးသား ၄ ယောက်ဟာ သူတပါး သားမယားတွေကို ငွေနဲ့ဖြားယောင်းပြီး ကျူးလွန်ခဲ့ကြတဲ့ ကာမေသု မိစ္ဆာစာရ အကုသိုလ်ကံကြောင့် အဝီစိငရဲမှာ ခံကြရတယ်။ အဝီစိငရဲမှလွတ်ပြန်တော့ အကုသိုလ် ကံပကျန်သေးလို့ လောဟကုမ္ဘီငရဲလို့ ခေါ်တဲ့ သံရည်ပွက်အိုးငရဲမှာ ကျရောက်နေကြရ ပြန်တယ်၊ ညတုန်းက ငရဲအိုးကြီးရဲ့ နှုတ်ခမ်းဝမှာ ၄-ယောက်လုံး ပေါ်လာခိုက် ဆိုမိကြလို့ အချင်းချင်း တဂါထာစီရွတ်ဆိုပြီး ပြောဆိုဖို့ ကြိုးစားခဲ့ကြတာ ဖြစ်တယ်။ ဒါပေမယ့် အစ စကားဘလုံးစီကိုသာ ရွတ်ဆိုနိုင်ခဲ့ကြပြီး တဖန် နစ်မြုပ်သွားခဲ့ကြရရှာပြန်တယ်။"

ဒု အစချီတဲ့ ဂါထာရဲ့ အဓိပ္ပာယ်ကတော့ "ငါတို့ မကောင်းမှုတွေ ပြုခဲ့ကြတယ်။ စည်းစိမ် ဥစ္စာနဲ့ အလှူခံပုဂ္ဂိုလ်ရှိပါလျက် မပေးလှူခဲ့ကြဘူး၊ မိမိတို့အတွက် ထောက်တည်အားထားရာ ကုသိုလ် ကောင်းမှုတွေကိုမပြုမိခဲ့ကြဘူး"။ သ-ဆိုတာကတော့ "ငါတို့ငရဲမှာ တခါမြုပ်တခါပေါ်တာ အနှစ် ခြောက်သောင်းရှိသွားပြန်ပြီ၊ ဘယ်တော့ဆုံးမယ် မသိဘူး"။ န- ဆိုတာက "တို့ ဟိုတုန်းက မကောင်း

[၂၁] ဘုရားရှင်က ကောသလမင်းကြီးအား 'ဒု-သ-န-သော'၏အဓိပ္ပာယ်ကို ရှင်းလင်းဟောကြားနေပုံ။

www.dhammaransi.com



www.dhammaransi.com



မှုတွေ များစွာပြုလုပ်မိခဲ့ကြတယ်။ ဆိုးတော့မှာ မဟုတ်တော့ပါဘူး။''သော-ရဲ့အမိပ္ပာယ်က ''ဒီတခါ လူ့ဘဝပြန်ရောက်ယင် ကုသိုလ်ချည်းပဲ လုပ်ပါတော့မယ်''စသည်ဖြင့် ရှင်းလင်း ဟောကြားတော်မူခဲ့ပါတယ်။

မှတ်ချက်။ ။ဒီဝတ္ထုမှာ သဒ္ဒေးသား ၄-ဦးရဲ့ ပြောကြားညည်းတွားခဲ့ကြတဲ့ စကားများကို အလေးထားပြီး လေ့လာကြည့်ကြဖို့ကောင်းပါတယ်။ ငရဲဘုံမှာ တကယ်ခံစားကြရပြီး နောင်တ တရားများဖြင့် ပြောကြားခဲ့ကြတာကို သံဝေဂယူကြဖို့ ကောင်းလှပါတော့တယ်။

## အထင်အမြင်မှား ငရဲသား

အခါတပါးမှာ ဒဏ္ဍကီမင်းရဲ့ နိုင်ငံမှာ ကိသဝစ္ဆ ဆိုတဲ့ ရသေ့တပါးဟာ မင်းရဲ့ ဥယျာဉ်မှာ သီတင်းသုံးလျက် ရှိခဲ့ပါတယ်။ အဲဒီ ဥယျာဉ်ထဲမှာ ဘုရင်က ရာထူးချထားခြင်းခံရတဲ့ ပြည့်တန်ဆာမ တယောက်လဲ ရှိနေပါတယ်။ အဲဒီ ပြည့်တန်ဆာမက ရသေ့ကို မြင်တွေ့တဲ့အခါ ''ဤသူဟာ သူယုတ်မာ ဖြစ်လိမ့်မယ်''လို့ အထင်မှားသွားပါတယ်။ ပြီးတော့ ''သူ ရာထူးချထားခံထားရတာဟာ မကောင်းမှု အညစ်အကြေးတွေရှိလို့သာ ဖြစ်မယ်၊ ဒီအညစ်အကြေးတွေကို ရသေ့အပေါ်မှာ မျှောပစ်မယ်'' ဆိုပြီး

[၂၇] ဘုရင်နှင့် စစ်သည်များက ရသေ့၏အံကျစ်ပေါ်သို့ ဒန်ပူများပစ်ချသွားကြုံ။

www.dhammaransi.com



www.dhammaransi.com

ဒန်ပူဝါးထားတဲ့ တံတွေးအပြစ်အခဲတွေကို ရသေ့ရဲ့ဆံကျစ်အပေါ်မှာ ထွေးချပါတယ်။ အဲဒီနောက် သူဟာ "သူ့အပြစ်တွေကို ထားပစ်ခဲ့ပြီ" ဆိုပြီး ခေါင်းလျှော်ကာ ပြန်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ဘုရင်ကလဲ ပြည့်တန်ဆာမကို သတိရပြီး အခေါ်ခိုင်းကာ မူလ ရာထူးကို ပြန်လည်ပေးအပ်ပါတယ်။ ဒီအခါ ပြည့်တန်ဆာမဟာ ရသေ့အပေါ် မကောင်းမှုတွေ မျှောပစ်ခဲ့လို့ မကောင်းမှုတွေကုန်ပြီး ကောင်းကျိုးရတာပဲလို့ ပိုမိုယုံကြည်သွားပါတော့တယ်။ မကြာမီ ပုရောဟိတ် ပုဏ္ဏားတယောက်လဲ ရာထူးမှချထားခြင်း ခံရပြန်တဲ့အခါ၊ ပုရောဟိတ်ဟာ ပြည့်တန်ဆာမထံသွားပြီး ရာထူးပြန်ရစေတဲ့နည်းလမ်းကို မေးမြန်းပါတယ်။ ပြည့်တန်ဆာမကလဲ သူပြုခဲ့တဲ့အမှုကို ပြန်ပြောတဲ့ အခါ ပုရောဟိတ်လဲ သဘောကျပြီး၊ ပြည့်တန်ဆာမ ပြုခဲ့တဲ့ နည်းအတိုင်း ပြုပြန်ပါတော့တယ်။ ပုရောဟိတ်လဲ မကြာမီ ရာထူးပြန်လည်ရရှိသွားခဲ့ပြန်ပါတယ်။

အဲဒီနောက် ရှင်ဘုရင်လဲ စစ်တိုက်ထွက်ဖို့ရာကိစ္စ ကြုံလာခဲ့ပါတယ်။ ပုရောဟိတ်ပုဏ္ဏားရဲ့ အကြံပေးချက်အရ ဥယျာဉ်ထဲရှိ ရသေ့ထံ မကောင်းမှုတွေမျှောပစ်ဖို့ စစ်တိုက် ထွက်ခါနီးမှာ ဥယျာဉ်သို့ သွားခဲ့ပါတယ်။ အဲဒီနောက် ရှင်ဘုရင်နှင့်တကွ စစ်သားအားလုံး ရသေ့ရဲ့ဆံကျစ်ပေါ်သို့ ဒန်ပူဝါး ထားတဲ့ တံတွေးအပြစ်အခဲတွေ ထွေးချကြကာ၊ ဒန်ပူတွေကိုလဲ ရသေ့ရဲ့ ဦးခေါင်းပေါ်သို့ ပစ်ချကြ ပါတယ်။ အဲဒီနောက် အားလုံးခေါင်းလျှော်ကြပြီး စစ်တိုက်ထွက်ခဲ့ကြပါတယ်။

အဲဒီလို အားလုံး စစ်တိုက် ထွက်သွားကြပြီးတဲ့နောက် ကျန်ရစ်ခဲ့တဲ့ စစ်သူကြီးဟာ ရသေ့ကို ကြည်ညိုရင်းစွဲ ရှိတာနဲ့ ဒန်ပူတွေကို ဖယ်ရှားပြီး ကောင်းစွာ ရေချိုးပေးပါတယ်။ အဲဒီနောက်

www.dhammaransi.com


“ရှင်ဘုရင်အတွက် ဘယ်လိုများ ဖြစ်စရာရှိပါသလဲ ဘုရား”လို့ မေးလျှောက်တဲ့အခါ “ငါ့မှာ ဒေါသ မဖြစ်ပါ။ ဒါပေမယ့် နတ်တို့ဟာ လွန်စွာစိတ်ဆိုးကြတယ်၊ ခုနစ်ရက်မြောက်တဲ့နေ့မှာ တတိုင်းပြည်လုံး တိုင်းပြည်မဟုတ်တော့ပဲ တောကြီးဖြစ်သွားလိမ့်မယ်။ အသင် စစ်သူကြီးဟာ မိမိစကား နားထောင်မယ့် သူများကိုခေါ်ပြီး အမြန်ပြေးပါလော့”လို့ မိန့်ကြားတော်မူပါတယ်။ အဲဒီအခါ စစ်သူကြီးလဲ သားမယားတို့ကိုခေါ်ပြီး တခြားတိုင်းပြည်သို့ ထွက်ပြေးပါတယ်။ ကိသဝစ္ဆ ရသေ့ကိုလဲ သူ့ဆရာ သရဘင်္ဂဆရာကြီးက ရသေ့ငယ်နှစ်ပါးစေလွှတ်ပြီး ညောင်စောင်းဖြင့် သယ်ယူခိုင်းပါတယ်။ ကိသဝစ္ဆ ရသေ့လဲ မကြာမီပဲ ကွယ်လွန်သွားရရှာပါတယ်။

ရှင်ဘုရင်နဲ့ စစ်သားများလဲ မကြာမီစစ်အောင်ပြီး တိုင်းပြည်သို့ပြန်လာကြပါတယ်။ စစ်အောင် ရတာဟာ ရသေ့ပေါ်မှာ မကောင်းမှုတွေမျှောပစ်ခဲ့လို့ အောင်မြင်ရတာပဲလို့ ယူဆနေကြပါတယ်။

မကြာမီ တိုင်းပြည်မှာ မိုးကြီး အကြီးအကျယ် ရွာချပါတော့တယ်။ သုသာန်မှ လူသေကောင်တွေ မျောပါသွားကြပါတယ်။ အဲဒီနောက် သဲဖြူမိုး ရွာပါတယ်။ သဲဖြူမိုးရွာပြီး ပန်းမိုး ရွာပါတယ်။ ပန်းတွေရဲ့အထက်မှာ ပဲစေ့မိုးကလေးတွေ ရွာချပါတယ်။ ပဲစေ့အထက်မှာ ရွှေဒင်္ဂါး ငွေဒင်္ဂါးမိုးတွေ ရွာချပြန်ပါတယ်။ လူတွေလဲ ဝမ်းမြောက်ဝမ်းသာ ကောက်ယူကြပါတယ်။

အဲဒီနောက် အလျှံတောက်တဲ့လက်နက်မိုးကြီးဟာ ကြောက်စရာကောင်းအောင်ရွာချပြီး လူတွေဟာ အပိုင်းပိုင်းပြတ်ကာ သေကုန်ကြပါတော့တယ်။ အဲဒီနောက် မီးကျီးခဲမိုးကြီး ရွာချပြီး လူတွေအားလုံး မီးသင်္ဂြိုဟ်ပြီးသားဖြစ်ကာ တိုင်းပြည်တခုလုံး လူသူမရှိတဲ့တောကြီးဖြစ်သွားခဲ့ရပါတော့တယ်။

ဒဏ္ဍာကီမင်းလဲ ပြာပုံမီးကျီးခဲတွေနဲ့ ပြည့်နေတဲ့ ကုက္ကုလငရဲသို့ ကျပြီး ပြင်းထန် ပူလောင်စွာ ငရဲဆင်းရဲ ဒုက္ခတွေကို ခံစားရပါတော့တယ်။ [သရဘင်္ဂဇာတ်]

မှတ်ချက်။ ။ဒီ ဝတ္ထုကိုကြည့်ရှုလျက် ရတနာသုံးပါးကို အားမထားပဲ ကြီးပွား ချမ်းသာချင်ကြလွန်းလို့ ဘာဘာညာညာတွေကို အားကိုးမှားကြတာတွေကို အချိန်မီနောင်တရကြပြီး သံဝေဂယူကြဖို့ ကောင်းလှပါတော့တယ်။

## ငရဲကျရှာ မလ္လိကာ

ပသေနဒီ ကောသလ ဘုရင်ရဲ့ မိဖုရားကြီးဖြစ်တဲ့ မလ္လိကာ မိဖုရားကြီးဟာဆိုယင် မြတ်စွာဘုရားရှင်နဲ့တကွ အဂ္ဂသာဝကများ မဟာသာဝကများအား လွန်စွာကြည်ညိုလေးစားပြီး သဒ္ဓါတရား ထက်သန်လှသူ ဖြစ်ပါတယ်။ ဘုရားရှင်နဲ့ ရဟန်း သံဃာတော်များအား တရက်ခြားဆိုသလို ဆွမ်းကပ်လှူဒါန်း ပူဇော်မှုလဲ ပြုခဲ့ပါတယ်။ ဘုရားရှင်အတွက် တန်ဖိုး မဖြတ်နိုင်တဲ့ ထီးဖြူတော် ပလ္လင်တော် သပိတ်ခြေနဲ့ ခြေနင်းခုံများကိုလဲ လှူဒါန်းခဲ့ပါတယ်။ ဒါ့အပြင် ဘယ်သူမှ လိုက်မမှီနိုင်တဲ့ ကြီးကျယ်ခမ်းနားလှတဲ့ အသဒိသ အလှူပွဲကြီးကိုလဲ တရက်တည်းနဲ့ ငွေ ၁၄ ကုဋေ အကုန်အကျခံပြီး ကျင်းပလှူဒါန်းခဲ့ပါသေးတယ်။

---

[၂၈] မလ္လိကာမိဖုရားကြီးမှာ မိမိ၏ဝန်လေးလှသောအမှုအတွက် ရတက်မအေးဖြစ်ကာ ငးစိမ့်စိမ့်တွေးပြီး တမရေးရေး ပူပန်သောက ဖြစ်နေရရှာပုံ။

www.dhammaransi.com



ဒါပေမယ့် အဲဒီလို သဒ္ဓါတရားထက်သန်လှတဲ့ မလ္လိကာ မိဖုရားကြီးဟာ သေတဲ့အခါ အဝီစိငရဲမှာကျပြီး ၇-ရက်မျှ ငရဲခံခဲ့ရရှာပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ တနေ့မှာ မလ္လိကာမိဖုရားကြီးဟာ ရေချိုးအိမ်ဝင်ပြီး မျက်နှာသစ်ပါတယ်။ အဲဒီနောက် ကိုယ်ကိုရှေ့သို့ကိုင်းညွတ်ပြီး ခြေသလုံးမြှင်းခေါင်းတို့ကို ရေဆေးဖို့လုပ်ပါတယ်။ ဒီအခါ မိဖုရားနဲ့ အကျွမ်းဝင်ပြီး ရေချိုးအိမ်သို့ အတူဝင်လာတဲ့ ခွေးတကောင်က မိဖုရားရဲ့ ကိုင်းညွတ်တဲ့ ကိုယ်ကိုမြင်ပြီး အသဒ္ဓမ္မမှုဖြင့် ပေါင်းဖော်ခဲ့ပါတယ်။ မိဖုရားလဲ ခွေးရဲ့အတွေ့ကို သာယာပြီး နေခဲ့ပါတယ်။

ဒီမြင်ကွင်းကို ပြာသာဒ်ထက်ရှိ လေသာတံခါးမှ ပသေနဒီကောသလမင်းကြီးက မြင်တွေ့သွားပြီး၊ မိဖုရားလာတဲ့အခါ "ဟယ်....သူယုတ်မ၊ အဘယ်ကြောင့် မအပ်မရာ၊ ဤသို့သောအမှုကို ပြုရသလဲ" လို့ ဆိုပါတယ်။ မလ္လိကာက "အဘယ်အမှုကို ငါပြုသလဲ" လို့ မေးပါတယ်။ ဘုရင်က "ခွေးနဲ့ ပေါင်းဖော်တယ် မဟုတ်လော" လို့ ဆိုတဲ့အခါ၊ မိဖုရားက "မဟုတ်ရပါ၊ ဤရေချိုးအိမ် ဝင်သောသူဟာ ဤလေသာတံခါးမှကြည့်သောသူအား တယောက်သာဖြစ်ပါလျက် ဖောက်ပြန်ပြီး နှစ်ယောက်ထင်တတ်ပါတယ်" လို့ လှည့်စားပြီး ပြောဆိုပါတယ်။

ဆက်လက်ပြီး "မင်းကြီး မယုံလျှင် ဤရေချိုးအိမ်သို့ မင်းကြီးဝင်ပါ၊ ငါကား....လေသာတံခါးမှကြည့်ပါမယ်" လို့ ဆိုပြန်ပါတယ်။ ဒီအခါ ကောသလမင်းဟာ ဉာဏ်နည်းလှတဲ့ အတွက် မိဖုရားပြောတဲ့အတိုင်း ရေချိုးအိမ်သို့ ဝင်ပါတယ်။ မိဖုရားကလဲ လေသာတံခါးမှ ရပ်ကြည့်ပြီး "ဟယ်...မင်းကြီး၊ အဘယ့်ကြောင့် ဆိတ်မနဲ့ ပေါင်းဖော်ခြင်းကို ပြုရပါသလဲ" လို့ ဆိုပါတယ်။

www.dhammaransi.com


ဒီအခါ "ဘုရင်လဲ မဟုတ်ရပါ" ဆိုပြီး၊ "ဤကဲ့သို့ ဖြင့်ရသည်မှာ မမျှတ်ကောင်း ရေချိုးအိမ်ရဲ့ သဘောပဲ" လို့ မှတ်ယူသွားခဲ့ပါတော့တယ်။

အဲဒီနေ့ကစပြီး မလ္လိကာ မိဖုရားကြီးဟာ "ဤပြည့်သန်းသော မင်းကိုသာ ငါ လှည့်စားနိုင်မယ်၊ အမှန်စင်စစ် ငါဟာ ယုတ်မာသောအမှုကို ပြုမိခဲ့တယ်။ မင်းကိုလဲ မဟုတ်ပဲလျက် စွပ်စွဲပြောဆိုမိခဲ့တယ်။ ငါ့ရဲ့အမှုကို သဗ္ဗညုဘုရားရှင်လဲ ထင်ရှား သိလိမ့်မယ်၊ အဂ္ဂသာဝက မဟာသာဝကတွေလဲ သိကြလိမ့်မယ်။ အြော်.... ငါဟာ ဝန်လေးတဲ့အမှုကို ပြုမိခဲ့ချေပြီတကား" ဆိုပြီး စိတ်နှလုံး မသာမယာ ရှိနေပါတယ်။

အဲဒီလိုနဲ့ မလ္လိကာမိဖုရားဟာ နာမကျန်းဖြစ်ပြီး သေခါနီးအချိန်သို့ ရောက်တဲ့အခါ၊ သဒ္ဓါ ထက်သန်စွာပြုခဲ့တဲ့ ကောင်းမှုကုသိုလ်များကို သတိမရပဲ၊ မကောင်းပြုခဲ့တဲ့ ထိုအမှုကိုပဲ အောက်မေ့ သတိရပြီး သေလွန်သွားခဲ့ပါတယ်။ ဒါကြောင့် အဝီစိငရဲသို့ ကျရောက်သွားခဲ့ရရှာပြီး ၇-ရက် ငရဲခံခဲ့ ရပါတယ်။ ၇-ရက်လွန်တဲ့အခါ ငရဲမှလွတ်ပြီး တုသိတာ နတ်ပြည်၌ ဖြစ်ခဲ့ရပါတယ်။

## ရှဲထွင်းသမား အမှားကမ္ဘာ

ဘုရားရှင် လက်ထက်တော်က အရှင်တိဿ ဆိုတဲ့ ဘွဲ့အမည်ရတဲ့ ရဟန္တာ အရှင်မြတ်တပါး ရှိခဲ့ပါတယ်။ အဲဒီ တိဿထေရ်သူမြတ်အား ရှဲထွင်းသမား လင်မယားတို့က မိဘသဖွယ် ကြည်ညိုကြာနဲ့ ၁၂-နှစ်ကာလပတ်လုံး အိမ်မှာပင့်ပြီး ဆွမ်းလုပ်ကျွေးခဲ့ကြပါတယ်။

www.dhammaransi.com

တနေ့မှာ ရှဲထွင်းသမားဟာ မထေရ်မြတ်ရဲ့ ရှေ့မှောက်မှာ အမဲသားလှီးပြီး နေတဲ့အခါ ကောသလမင်း ထံမှ ပတ္တမြားတလုံးကို သွေးပေး ဖောက်ပေးဖို့ ပို့လွှတ်လာပါတယ်။ ရှဲထွင်းသမားလဲ ပတ္တမြားကို အမဲသွေးပေးကျံနေတဲ့လက်နဲ့ ခံယူပြီး၊ ပအုပ်ထက်မှာ တင်ထားပါတယ်။ အဲဒီနောက် လက်ကို ရေဆေးဖို့အိမ်ထဲသို့ ဝင်သွားပါတယ်။ အဲဒီအခါ အိမ်မှာမွေးထားတဲ့ ကြိုးကြာတကောင်ဟာ သွေးနံ့ရတာနဲ့ ပြေးလာပြီး ပတ္တမြားကို အမဲသားမှတ်ထင်ကာ မထေရ်မြတ်ရဲ့ ရှေ့မှောက်မှာပဲ ကောက်ယူမျိုချလိုက်ပါတယ်။

အဲဒီနောက် အိမ်တွင်းမှ ရှဲထွင်းသမားထွက်လာတဲ့အခါ ပတ္တမြားကိုမမြင်တော့တာနဲ့ "ပတ္တမြားကို ဘယ်သူယူကြသလဲ" လို့ မေးပါတယ်။ သားမယားတို့ကလဲ ဘူတို့ မယူပါဘူးလို့ ပြောတဲ့အခါ၊ ရှဲထွင်းသမားက ပတ္တမြားကို ဒီမထေရ်ယူတာပဲဖြစ်မှာပဲလို့ တွေးမိပါဘယ်။ ဒါကြောင့် မထေရ်အား ပတ္တမြား ယူမယူ မေးဖို့ မယားနဲ့တိုင်ပင်ပါတယ်၊ မယားက "မထေရ်မြတ်ယူတယ်လို့ မထင်ပါနဲ့၊ ဒီအရှင်ဟာ ၁၂-နှစ်ပတ်လုံး အပြစ်အနည်းငယ်မျှ မတွေ့ရပါဘူး" လို့ ပြောပါတယ်။

ဒါပေမယ့် ရှဲထွင်းသမားက မထေရ်အား "အရှင်ဘုရား၊ ပတ္တမြားကိုယူပါသလား" လို့ မေးမြန်းပါတယ်။ မထေရ်ကလဲ "ဒကာ၊ ငါမယူပါဘူး" လို့ မိန့်ကြားပါတယ်။ အဲဒီအခါ ရှဲထွင်းသမားက

---

[၂၉] ကြိုးကြာသည် သွေးနံ့ရသဖြင့် ပတ္တမြားကို အမဲသားထင်ကာ မထေရ်မြတ်၏ ရှေ့မှောက်၌ ကောက်ယူမျိုချနေပုံ။

www.dhammaransi.com



www.dhammaransi.com

"ဒီနေရာမှာ အရှင်ဘုရားကလွဲလို့ ဘယ်သူမှမရှိပါဘူး၊ အရှင်ဘုရားပဲ ယူတာဖြစ်မှာပဲ၊ ပတ္တမြားကို ပြန်ပေးပါ" လို့ တောင်းပါတော့တယ်။ မထေရ်ကလဲ "မယူပါဘူးဒကာ" လို့ ပြန်လည်မိန့်ကြားတဲ့ အခါ ရွှေထွင်းသမားက မယားဘက်လှည့်ပြီး "ဒီရဟန်းပဲယူတာဖြစ်မှာပဲ၊ အေးအေးဆေးဆေးမေးလို့ ရမှာ မဟုတ်ဘူး၊ ခပ်ကြမ်းကြမ်းရိုက်မေးမှရမှာပဲ" လို့ ပြောဆိုပါတယ်။

မယားက "ဒီလိုမပြောပါနဲ့၊ မလုပ်ပါနဲ့၊ အပြစ်ကြီးလေးလှပါတယ်။ ပတ္တမြားပြန်မပေး နိုင်လို့ ဘုရင့်ထံ ကျွန်ခံပြီး အကြွေးဆပ်ချင် ဆပ်ရပါစေ၊ ဆပ်ပါ့မယ်" လို့ ပြောတဲ့ အခါ၊ ယောကျ်ားက "တို့ တအိမ်သားလုံး ကျွန်ခံပြီးဆပ်လဲ ဒီပတ္တမြားတန်ဖိုး ကြေမှာ မဟုတ်ဘူး" လို့ ပြန်ပြောပြီး ကြိုးတချောင်းကို သွားယူပါတယ်။ အဲဒီနောက် ကြိုးနဲ့ မထေရ်မြတ်ကို တုပ်နှောင်ပြီး တုတ်ဖြင့် တအားရိုက်ပါတော့တယ်။ မထေရ်မြတ်ရဲ့ ခေါင်း၊ နှာခေါင်းနဲ့ နားက သွေးတွေယိုစီးပြီး ကျလာပါတယ်။ မျက်စိများပွင့်ထွက်လုမတတ် နာကျင်ခံစားရရှာပါတယ်။ အဲဒီနောက် မထေရ်လဲ မြေသို့ လဲကျသွားပါတော့တယ်။

ဒီအခါ ကြိုးကြာက သွေးနံ့ရပြန်တဲ့အတွက် ပြေးလာပြီး မထေရ်မြတ်ထံမှ စီးကျလာတဲ့သွေး တွေကို သောက်ပါတယ်။ ရွှေထွင်းသမားလဲ ဒေါသဖြစ်ဖြစ်နဲ့ "ဒီ ကြိုးကြာ ဘာလာရှုပ်တာလဲ" ဆိုပြီး တအားကျုံးကန်ပစ်လိုက်ပါတော့တယ်။ ကြိုးကြာလဲ တချက်တည်းနဲ့ ပက်လက်လန်ပြီး သေသွားပါ တော့တယ်။ မထေရ်လဲ ကြိုးကြာရဲ့အဖြစ်ကိုမြင်တွေ့ရတော့ "ဒကာ၊ ချည်ထားတဲ့ကြိုး ကိုလျှော့ပါအုံး၊ ကြိုးကြာ သေသလား၊ ရှင်သလား ကြည့်ပါအုံး" လို့ဆိုပါတယ်။ ဒီအခါ ရွှေထွင်းသမားက "ကိုယ်တော်လဲ

www.dhammaransi.com



ဒီ ကြိုးကြာသေသလို သေရမှာပဲ''လို့ ပြန်ပြောပါတယ်။ မထေရ်က ''ဒီ ကြိုးကြာမသေပဲ ငါသေလဲ ပတ္တမြားကို ဒကာ မရနိုင်ပါဘူး။ ကြိုးကြာသေတဲ့အတွက် ပတ္တမြားကို သင်....ပြန်ရခြင်းဖြစ်တယ်၊ ပတ္တမြားကို ဒီကြိုးကြာမျိုထားခြင်းသာဖြစ်တယ်''လို့ မိန့်ကြားတော်မူပါတယ်၊ ဒီအခါ ရွှေသမားလဲ ကြိုးကြာရဲ့ဝမ်းကိုခွဲပြီးကြည့်တဲ့အခါ ပတ္တမြားကိုတွေ့ရပါတယ်။ အဲဒီအခါ လွန်စွာထိတ်လန့်တုန်လှုပ်သွားပြီး၊ မထေရ်မြတ်ရဲ့ခြေတော်ရင်းမှာ ဝပ်လျက် ''သည်းခံတော်မူပါ အရှင်ဘုရား၊ တပည့်တော် မသိလို့ ယခုလို မိုက်မှားမိပါတယ်'' လို့ တောင်းပန်ပါတယ်။

မထေရ်က ''ဒကာ....သင့်ရဲ့ အပြစ်မဟုတ်ပါ၊ ငါ့ဝဋ်ရှိလို့ ငါခံရတာဖြစ်တယ်၊ သင့်အား ငါ သည်းခံပါတယ်''လို့ မိန့်ကြားတော်မူပါတယ်။ ဒီအခါ ရွှေထွင်းသမားက ''အရှင်ဘုရား သည်းခံတယ်ဆိုယင် ဒါကိုင်းလိုပဲ တပည့်တော်ရဲ့အိမ်မှာ ထိုင်ပြီး ဆွမ်းခံတော်မူပါဘုရား''လို့ လျှောက်လားပါတယ်။

မထေရ်က ''တော်ပြီဒကာ၊ ငါဟာ ဒီအချိန်ကစပြီး သူတပါးအိမ်အတွင်းသို့ မဝင်တော့ပါဘူး၊ ယခုဖြစ်ရတဲ့ကိစ္စဟာလဲ အိမ်အတွင်းဝင်တဲ့အတွက်ကြောင့် ဖြစ်ရခြင်းဖြစ်တယ်၊ ဒီအချိန်က စပြီး အိမ်တံခါးဝ၌သာရပ်ပြီး ဆွမ်းခံတော့မယ်''လို့ မိန့်ကြားတော်မူပြီး ဓုတင်အကျင့်ကို ဆောက်တည်ပါတော့တယ်။ ကြာမီ မထေရ်မြတ်လဲ ဒဏ်ရာဖြင့် ပရိနိဗ္ဗာန်ပြုသွားပါတယ်။ ကြိုးကြာလဲ ရွှေထွင်းသမားရဲ့မယားဝမ်းမှာ ပဋိသန္ဓေနေလာပါတယ်။ ရွှေထွင်းသမားလဲ သေတဲ့အခါ ''အရဟန္တဃာတကကံ''ထိုက်ပြီး ငရဲသို့ ကျသွားခဲ့ရပါတော့တယ်။

www.dhammaransi.com

မှတ်ချက်။ ။ဒီဝတ္ထုဟာ အင်မတန် သံဝေဂယူဖို့ကောင်းလှတဲ့ ဝတ္ထုပါပဲ။ မကောင်းမှု အကုသိုလ် ဒုစရိုက်များဟာ ဘယ်လောက် ကြောက်စရာကောင်းတယ်၊ ဘယ်လို အကျိုးပေးတယ် ဆိုတာကို ဒီဝတ္ထုက ထင်ရှားစွာ သက်သေသာဓက ပြနေပါတော့တယ်။

## ငရဲဒုက္ခ ကြီးမားလှ

အခါတပါးမှာ ဘုရားရှင်ဟာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းမှာ စံတော်မူစဉ် ရဟန်းတို့ကိုခေါ်တော်မူပြီး "ချစ်သားတို့၊ ငရဲ၌ဖြစ်တဲ့ ဆင်းရဲတို့ကို ဥပမာပြုပြီး ဟောပြောဖို့ မလွယ်ကူလှပါ" လို့ မိန့်ကြားတော်မူပါတယ်။ ဒီအခါ ရဟန်းတပါးက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဥပမာပြုခြင်းငှာ တတ်နိုင်ကောင်းပါရဲ့လားဘုရား" လို့ လျှောက်ထားတဲ့အခါ ဘုရားရှင်က "တတ်နိုင်ကောင်းပါတယ်" လို့ အမိန့်ရှိတော်မူပြီး ငရဲဒုက္ခကို ဥပမာပြု၍ ပြတော်မူခဲ့ပါတယ်။

လူ့ပြည်မှာ သူခိုးတယောက်ကိုဖမ်းမိတယ်ဆိုပါစို့။ အဲဒီသူခိုးကို အပြစ်စီရင်တဲ့အနေနဲ့ နံနက်မိုင်းမှာ လှံအချက်ပေါင်းတရာ ထိုးကြတယ်။ သူခိုးဟာ မချိခဆန့်ခံရပြီး နေမွန်းတည့် အချိန်အထိ မသေသေးယင် ထပ်မံပြီး လှံအချက်ပေါင်းတရာ ထိုးကြပြန်ပါတယ်။ အဲဒီလှံအချက်ပေါင်းနံနက်တရာ နေ့လည်တရာ၊ စုစုပေါင်း နှစ်ရာ ထိုးခံရပြီး အလူးအလဲ ဒုက္ခဝေဒနာ ခံစားနေရလို့မှ မသေသေးယင် ညနေမှာ လှံအချက်တရာ ထပ်ပြီးထိုးကြပြန်တယ်။ အားလုံး လှံအချက်ပေါင်းသုံးရာရှိသွားပါပြီ။

---

[၃၀] ဘုရားရှင်က "ငရဲဆင်းရဲကြီးမားလှပုံ"ကို ဥပမာပုံဆောင်၍ ဟောကြားတော်မူပုံ။

www.dhammaransi.com



၉

www.dhammaransi.com

ဘုရားရှင်က "ချစ်သားတို့၊ ထို ခိုးသူယောကျ်ားသည် လှံချက်သုံးရာတို့ဖြင့် ထိုးအပ်သည်ရှိသော် ထိုထိုးခြင်းဟူသောအကြောင်းကြောင့် ဒုက္ခဒေါမနဿကို ခံစားရအံ့လော" လို့ မေးတော်မူပါတယ်။ ရဟန်းတို့က "အရှင်ဘုရား တကြိမ်ထိုးအပ်သော လှံတချက်ဖြင့်ပင် ထို ခိုးသူယောကျ်ားသည် လှံဖြင့် ထိုးခြင်းဟူသော အကြောင်းကြောင့် အတိုင်းမသိသော ဒုက္ခဒေါမနဿကို ခံစားရရာ၏။ သုံးရာသော လှံချက်တို့ဖြင့်ကား ဆိုဖွယ်အဘယ်ရှိအံ့နည်း" လို့ လျှောက်ထားကြပါတယ်။

ဒီအခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မြေပေါ်မှ ကျောက်ခဲငယ်တလုံးကို ကောက်ယူတော်မူပြီး "ချစ်သားတို့၊ ဒီ ကျောက်ခဲနဲ့ ဟိမဝါတောင်မင်းဟာ ဘယ်ဟာက ကြီးမားပါသလဲ" လို့ မေးတော်မူပါတယ်။ ရဟန်းများက "အရှင်ဘုရား၊ ဒီကျောက်ခဲဟာ သေးငယ်လှပါတယ်။ ကြီးမားလှတဲ့ ဟိမဝါတောင်မင်းနဲ့ မနှိုင်းယှဉ်လောက်ပါ" လို့ ဆိုကြပါတယ်။ ဒီအခါ ဘုရားရှင်က "ချစ်သားတို့၊ ဤအတူပင် လှံချက်သုံးရာတို့ဖြင့် ထိုးအပ်သော ထို ခိုးသူယောကျ်ား၏ ဒုက္ခဒေါမနဿသည် ငရဲ၌ဖြစ်သော ဒုက္ခနှင့်နှိုင်းယှဉ်ပြီး မရေတွက်လောက်ပေ" လို့ မိန့်ကြားတော်မူပါတယ်။

[ဗာလပဏ္ဍိတသုတ်]

ဒါကြောင့် ငရဲဘုံဘဝမှာ ငရဲဒုက္ခဟာ အင်မတန်ကြီးမားလှတာတွေကို သံဝေဂ ယူကြပြီး မိမိတို့ကိုယ်ကို သခွေးသား ၄-ယောက်လို၊ ဒဏ္ဍကီမင်းလို၊ မလ္လိကာလို၊ ရွှေထွင်းသမားလို ငရဲသို့ မလား

ကြရလေအောင် မကောင်းမှုအကုသိုလ်တွေကို ရှောင်ရှားပြီး ကောင်းမှုကုသိုလ်တရားတွေကို အစဉ်ပွားများဆောင်ထားသင့်ကြပါတော့တယ်။

ကဲ... "ငရဲဘုံ ငရဲဘဝ" ကို နိဂုံးသတ် ရပ်နားတဲ့အနေနဲ့ ဆောင်ပုဒ် ကဗျာကလေးတွေကို ဆိုကြပါဦးစို့။

"ငရဲဘုံဘဝ ညွှန်ပြကဗျာ"

အကုသိုလ်ကံ အပြစ်များကြောင့်၊ ငရဲဘုံသား ဖြစ်ရဘယ်။
ငရဲကြီးတွေဟာ ရှစ်ထပ်ရှိသကွဲ့၊ အမြဲပြည့်ကြပ် နေပါတယ်။
ငရဲငယ်များဟာ ခြံရံထားလို့၊ လွတ်ဖို့များတော့ မလွယ်ဘူးကွယ်။
အကုသိုလ်ကံတွေ မကုန်မချင်းတော့၊ ငရဲတွင်းမှာ နှပ်ရတယ်။
မီးခိုးမီးလျှံ သံချွန်ခေါးနဲ့၊ သံရည်ပူများ ကြောက်စဖွယ်။
နှစ်ပေါင်းကုဋေကုဋာ လူ့အသက်ရှိမှ၊ ငရဲတရက် ပြည့်ပါတယ်။
ငရဲဆိုတာ အမှန်ရှိသကွဲ့၊ မယုံမရှိနဲ့ ဘုရားဟောကွယ်။
ဒုစရိုက်ကံတွေ မပြုမှားရအောင်၊ သတိထားလို့ ရှောင်ကြကွယ်။
မှတ်ကွယ်....မှတ်ကွယ်။

www.dhammaransi.com

# နတ်ဗြဟ္မာဘုံ နတ်ဗြဟ္မာဘဝ

## ၅။ [နတ်ဗြဟ္မာဘုံဘဝများသို့ ရောက်ရှိခြင်း] [ဓေဝဂတိ]

ဘုရားရှင်လက်ထက်တော်က ဗာရာဏသီပြည်မှာ နန္ဒိယအမည်ရှိတဲ့ သူကြွယ်သားတဦး ရှိခဲ့ဖူးပါတယ်။ နန္ဒိယဟာ သဒ္ဓါတရားနဲ့ ပြည့်စုံသူဖြစ်တယ်။ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့မိဘများမှ ဆင်းသက်လာခဲ့သူလဲ ဖြစ်တယ်။ ဒါကြောင့် ရဟန်းသံဃာတော်များကို ဆွမ်းစတဲ့ လှူဖွယ်ဝတ္ထုများဖြင့် အမြဲပြုစု လုပ်ကျွေးလေ့ရှိတယ်။ ဒါ့အပြင် ဆင်းရဲသူဆင်းရဲသား ခိုကိုးရာမဲ့များကိုလဲ အမြဲတမ်း အစားအစာများ ပေးကမ်းပြီး ကုသိုလ်ကောင်းမှု ပြုလေ့ရှိပါတယ်။

ဒါတင်မျှမက ဣသိပတန မိဂဒါဝုန်တောမှာ ဆင်ဝင်တံခါး မုခ်လေးခုပါရှိတဲ့ လေးဆောင်တွဲကျောင်းကြီးတဆောင်ကို ဆောက်လုပ်ပြီး ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်များအား လှူဒါန်းပါတယ်။ အဲဒီလိုလှူဒါန်းပြီး မြတ်စွာဘုရားရှင်ရဲ့လက်တော်မှာ ရေစက်သွန်းချလိုက်တာနဲ့တပြိုင်နက် တာဝတိံသာနတ်ပြည်မှာ သူ့အတွက် အသုံးအဆောင်နဲ့တကွ ကြီးကျယ်ခမ်းနားလှတဲ့ နတ်ဘုံဗိမာန်ကြီး ပေါ်ထွက်နှင့်ပြီး ဖြစ်နေပါတယ်။

---

[၃၁] နတ်သမီးများက "နန္ဒိယမောင်တော် နတ်ပြည်သို့ အမြန်လာရောက်ပါရန်" ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးအား လျှောက်ထားမှာကြားနေကြပုံ။

www.dhammaransi.com



တနေ့မှာ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးဟာ အဘိညာဉ်တန်ခိုးဖြင့် တာဝတိံသာ နတ်ပြည်သို့ ကြွရောက်တော်မူတဲ့အခါ၊ ရှေးက မတွေ့ဘူးတဲ့ ဘုံဗိမာန်အသစ်ကို မြင်တွေ့တော်မူရပါတယ်။ ဒီအခါ အခြားနတ်များအား မေးမြန်းကြည့်တော်မူတဲ့အခါ နတ်များက "လူ့ပြည်မှာ ရှိနေသေးတဲ့ မိဂဒါ၀ုန်တောကျောင်းဒကာ နန္ဒိယသူကြွယ်အတွက် ကြိုတင်ပေါ်ထွက်နေတဲ့ ဗိမာန်သစ် ဖြစ်ပါတယ် ဘုရား" လို့ လျှောက်ထားကြပါတယ်။

အဲဒီအချိန်မှာ ဗိမာန်ပေါ်မှာရှိနေကြတဲ့ နတ်သမီးတွေက ရှင်မဟာမောဂ္ဂလာန် ကိုယ်တော် မြတ်ကြီးအား တွေ့မြင်သွားကြကာ ပြေးဆင်းလာကြပြီး....

"အရှင်ဘုရား၊ တပည့်တော်မတို့ဟာ နန္ဒိယမောင်တော်အတွက် အလုပ်အကျွေး ဖြစ်ကြမည့် သူတွေပါ။ နန္ဒိယမောင်တော်ကို စောင့်မျှော်နေရတာ ကြာလို့ ပျင်းရိလှပါပြီ။ နန္ဒိယမောင်တော်ဟာ မြေအိုးကိုခွဲပြီး ရွှေအိုးကိုယူသလို လူ့စည်းစိမ်ကိုစွန့်ပြီး နတ်စည်းစိမ်ကိုယူဖို့ အမြန်လာရောက်ပါရန် မှာလိုက်ကြတယ်ဆိုတဲ့ အကြောင်း အရှင်ဘုရား လူ့ပြည်ပြန်ရောက်ယင် ပြောကြားပေးတော်မူပါ ဘုရား" လို့ နတ်သမီးများက ဝိုင်းပြီး လျှောက်ထားကြပါတယ်။

ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးလဲ လူ့ပြည်သို့ ပြန်ရောက်တဲ့အခါ ဘုရားရှင်ထံ ချဉ်းကပ်ပြီး "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ လူ့ပြည်က ကောင်းမှုရှင် မသေမီ သူ့အတွက် နတ်ပြည်ထက်မှာ ဘုံဗိမာန်ပေါ်ထွက်နှင့်ပါသလားဘုရား" လို့ မေးလျှောက်ပါတယ်။ ဒီအခါ ဘုရား ရှင်က "ချစ်သားမောဂ္ဂလာန်၊ နန္ဒိယသူကြွယ်အတွက် ပေါ်ထွက်ဖြစ်ထွန်းနှင့်ပြီးဖြစ်တဲ့ နတ်စည်းစိမ်နဲ့

ဘုံဗိမာန်ကို သင်ကိုယ်တိုင် တာဝတိံသာနတ်ပြည်မှာ မြင်တွေ့ခဲ့ရပြီးပြီပဲ၊ ငါဘုရားအား ဘာဖြစ်လို့ ပြန်မေးနေရသေးတာလဲ''လို့ မိန့်ကြားတော်မူပါတယ်၊

ဘုရားရှင်က ဆက်လက်ပြီး ''ယခုဘဝ သေလွန်ပြီး တမလွန်ဘဝသို့ သွားသော ကောင်းမှုကုသိုလ်ရှင်အား သူပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေက (လွန်စွာချစ်ကြတဲ့ ဆွေမျိုးတွေ ကွဲကွာသွားပြီး ပြန်တွေ့ကြတဲ့အခါ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသလို) လက်ခံ ကြိုဆိုကြပေတယ်'' လို့ မိန့်ကြားတော်မူပါတယ်။ [ဓမ္မပဒ၊ ပိယဝဂ်၊ နန္ဒိယဝတ္ထု]

ဒီနန္ဒိယဝတ္ထုဟာ ကုသိုလ်ကောင်းမှုပြုသူများသာလျှင် နတ်ပြည်နတ်ရွာရောက်ကြတယ်။ အချို့ ကုသိုလ်ရှင်များ မသေမီကပင် နတ်ပြည်၌ ဘုံဗိမာန် ပေါ်နှင့်ပြီး ရှိနေကြတယ်ဆိုတာကို ထင်ရှား သက်သေပြနေတဲ့ ဝတ္ထုသာဓကတရပ် ဖြစ်ပါတယ်။

နတ်ပြည်နတ်ရွာဆိုတာ အမှန်စင်စစ် ထင်ထင်ရှားရှားရှိပါတယ်။ စိတ်ကူးယဉ်ပြီး လုပ်ဇာတ် ခင်းထားတဲ့ နေရာမျိုးမဟုတ်ပါဘူး၊ နတ်ပြည်နတ်ရွာ ရှိတယ်ဆိုတာကို လူတွေသိရှိပြီး ယုံကြည်မှု ရှိအောင် ဘုရားရှင်လက်ထက်တော်က ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးဟာ နတ်ပြည်သို့ အဘိညာဉ်တန်ခိုးနဲ့ မကြာမကြာ ကြွသွားလေ့ရှိပါတယ်။ လူ့ပြည်သို့ပြန်ရောက်တဲ့အခါ သူကိုယ်တိုင် တွေ့မြင်ခဲ့ရတဲ့ ''မည်သည့်နတ်သားနတ်သမီးဟာ ဘယ်လိုကုသိုလ်တွေပြုခဲ့လို့ ဘယ်နတ်ဘုံမှာ စံစားနေ ရတယ်''ဆိုတာတွေကို ပြန်လည်ဖောက်သည်ချ ဟောကြားတော်မူခဲ့ပါတယ်။

www.dhammaransi.com

ဒါကတော့ လူတွေ ယုံကြည်သဒ္ဓါ တိုးပွားကာ အကျိုးများဖို့၊ အကုသိုလ်တွေ ရှောင်ပြီး ကုသိုလ်တရားတွေ ဆောင်ကြဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တကူးတက အပင်ပန်းခံပြီး ကြွခဲ့တာ၊ ပြန်လည် ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်။

## ဥပေါသထာ နတ်သမီး

တခါက အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးဟာ တာဝတိံသာ နတ်ပြည်တနေရာသို့ ရောက်ရှိတဲ့အခါ ကိုယ်ရောင်ကိုယ်ဝါတောက်ပလှတဲ့ နတ်သမီးလေးတပါးကို တွေ့ရှိခဲ့ရပါတယ်။

အဲဒီအခါ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးက "အို....နတ်သမီးလေး၊ သင့်ကိုယ်က အရောင်အဝါတွေဟာ သောကြာကြယ်လို တောက်ပတင့်တယ်လှပါတယ်။ သင်ဟာ ရှေးဘဝက ဘယ်ကုသိုလ်ကောင်းမှုကြောင့် ယခုလို နတ်သမီးဖြစ်လာရပြီး နတ်စည်းစိမ်တွေ ခံစားရတာပါလဲ"လို့ မေးတော်မူခဲ့ပါတယ်။ နတ်သမီးလေးက "တပည့်တော်မဟာ ယခင်လူ့ဘဝက ကောသလတိုင်း သာကေတမြို့မှာ ဖြစ်ခဲ့ရပြီး ဥပေါသထာလို့ အမည်ရှိခဲ့ပါတယ်။ ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်တွေကို ကြားနာခဲ့ရပြီး၊ ဘုရား တရား သံဃာ ရတနာသုံးပါးကို ယုံကြည်သဒ္ဓါ ထက်သန်လှစွာဖြင့် ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသိကာမ ဖြစ်ခဲ့ရပါတယ်။ သီလနဲ့ပြည့်စုံပြီး ဒါနအမှုလဲ များစွာပြုခဲ့ပါတယ်။

---

[၃၂] ဥပေါသထာနတ်သမီးလေးက သူ့ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းလျှောက်ထားနေပုံ။

www.dhammaransi.com



www.dhammaransi.com

ဒါ့အပြင် အရိယာသစ္စာများမှာလဲ တပည့်တော်မ ကျွမ်းကျင်လိမ္မာခဲ့ရပါတယ် ဘုရား''လို့ လျှောက်ထားပါတယ်။

တဖန် ဆက်လက်ပြီး ''လူ့ဘဝကပြုခဲ့တဲ့ ဒါန သီလ ဘာဝနာကုသိုလ်ကောင်းမှုတွေကြောင့် ကိုယ်ရောင်ကိုယ်ဝါ တဆယ့်နှစ်ယူဇနာ တောက်ပတင့်တယ်တဲ့အဆင်းကို ရရှိခဲ့ရပြီး နတ်စည်းစိမ်တို့ဖြင့် ကောင်းကျိုးချမ်းသာအဖုံဖုံ ပြည့်စုံနေရပါတယ်ဘုရား''လို့ လျှောက်ထားပြန်ပါတယ်။

ဒါ့အပြင် ဆက်လက်ပြီး လျှောက်ထားပြန်တာက ''တပည့်တော်မဟာ လူ့ဘဝကတာဝတိံသာနတ်ပြည်အကြောင်း၊ နန္ဒဝန်ဥယျာဉ်အကြောင်းတွေကို မကြာခဏ ကြားသိခဲ့ရပြီး၊တာဝတိံသာနတ်ပြည်၌ စိတ်ညွတ်မိခဲ့သောကြောင့်,အားကျတောင့်တမိခဲ့သောကြောင့် ယခုလို နန္ဒဝန်ဥယျာဉ်ရှိရာ တာဝတိံသာ၌ ဖြစ်လာရပါတယ်။ ယခင်လူ့ဘဝတုန်းက ဘုရားရှင် ဟောပြောညွှန်ကြားတော်မူတဲ့ တရားဓမ္မအတိုင်း ပြည့်စုံကုံလုံအောင် မကျင့်ကြံအားမထုတ်မိခဲ့ပဲ၊ နတ်အဖြစ်လောကသာ တောင့်တမိခဲ့တဲ့အတွက် ယခုလို ယုတ်ညံ့တဲ့နတ်ပြည်လောက၌ တပည့်တော်မ နောင်တ တဖန် ပူပန်စွာဖြစ်ခဲ့ရပါတော့တယ် ဘုရား'' လို့ လျှောက်ထားပြန်ပါတယ်။

ဒီအခါ အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးက ''ဥပေါသထာနတ်သမီးလေး၊ နောင်တ တဖန် ပူပန်စိုးရိမ်ပြီး မနေပါနဲ့တော့၊ သင့်အဘို့က် အပါယ်ဒုဂ္ဂတိသို့လားရောက်ရန် အကြောင်းမရှိတော့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရှင်က ''ဥပေါသထာ ဥပါသိကာမဟာ မဂ်ဖိုလ်တရားထူးကို ရရှိပြီး

www.dhammaransi.com


သောတာပန် ပုဂ္ဂိုလ်ဖြစ်ပြီလို့ ဟောကြားတော်မူခဲ့တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်”ရယ်လို့ အားပေးစကား မိန့်ကြားတော်မူပါတယ်။

အထက်ဖော်ပြပါ နန္ဒိယဝတ္ထုနဲ့ ဥပေါသထာဝတ္ထုတို့ကို သာဓကအဖြစ် ရှုလျက် နတ်ပြည်လောကဆိုတာ တကယ်ထင်ရှားရှိကြောင်း၊ ကုသိုလ်ကံတရားများ အကျိုးပေးခွင့်များစွာ ရရှိတဲ့အတွက် နတ်ရွာသုဂတိသို့ လားကြရကြောင်းများကို သိလာနိုင်ပါတော့တယ်။

## နတ်ပြည် ၆ ထပ်

နတ်ပြည်နတ်ရွာများဟာ မြင်းမိုရ်တောင်ထက်မှာ တည်ရှိကြပြီး အောက်ဆုံးနတ်ပြည်က စတုမဟာရာဇ် နတ်ပြည်၊ ၎င်းအထက်က တာဝတိံသာ၊ ၎င်းအထက်က ယာမာ၊ ၎င်းအထက်က တုသိတာ၊ ၎င်းအထက်က နိမ္မာနရတိ၊ ၎င်းအထက်က ပရနိမ္မိတဝသဝတ္တီနတ်ပြည် ရယ်လို့ အသီးသီးတည်ရှိနေကြပါတယ်။ အားလုံး နတ်ပြည် ၆ ထပ် ဖြစ်ပါတယ်။

နတ်တို့ရဲ့ စည်းစိမ်နဲ့ လူ့စည်းစိမ် နှိုင်းစာယင် သမုဒ္ဒရာရေနဲ့ မြက်ပေါ်က နှင်းပေါက်တို့ကွာခြားသလောက် ကွာခြားလှတယ်လို့ ဆိုပါတယ်။ နတ်သား နတ်သမီးများဟာ ထင်ထင်ရှားရှား အိုခြင်း မရှိပဲ ဘဝသက်လုံး ၁၆-နှစ်အရွယ်မှာ တည်နေနိုင်ကြတယ်။ ကျင်ကြီးကျင်ငယ်လဲမစွန့်ရဘူး၊ သွေး လေ သလိပ် သည်းခြေမှ သမျှ အားလုံးကင်းပြီး သန့်ရှင်း စင်ကြယ်နေတယ်။ နတ်သုဓာကိုသာ အမြဲ စားနေကြတယ်။ အမြဲ ပျော်ရွှင်တီးမှုတ် ကခုန်ပြီး နတ်စည်းစိမ်များကို ခံစားနေကြတယ်လို့ ဆိုပါတယ်။

www.dhammaransi.com

နတ်ပြည် ၆ ထပ်အနက် စတုမဟာရာဇ်နဲ့ တာဝတိံသာနတ်ပြည် ၂ ပြည်ကို သိကြားမင်းက အုပ်ချုပ်တယ်။ စတုမဟာရာဇ် နတ်မင်းကြီး ၄-ပါးတို့ဟာ သိကြားမင်းရဲ့လက်အောက်ခံ နတ်မင်းကြီးများ ဖြစ်ကြတယ်။ ယာမာစတဲ့ အထက်နတ်ပြည်များမှာတော့ သုယာမနတ်မင်း၊ သန္တုဿိတနတ်မင်း၊ သုနိမ္မိတနတ်မင်း၊ ဝသဝတ္တိနတ်မင်းစတဲ့ ဆိုင်ရာ ဘုံများရဲ့နတ်မင်းများ ရှိကြတယ်လို့ ဆိုပါတယ်။


## မဟာဓမ္မိကဥပါသကာ

သူတော်ကောင်းများ သေယင် နတ်ပြည် နတ်ရွာ သုဂတိဘုံသို့ ရောက်ကြရတယ် ဆိုတာနဲ့ ပတ်သက်ပြီး မဟာဓမ္မိက ဥပါသကာဝတ္ထုကို သာဓက ရှုနိုင်ကြပါသေးတယ်။

မြတ်စွာဘုရားရှင် လက်ထက်တော်က သာဝတ္ထိမြို့မှာ တရား ကျင့်သုံးနေကြတဲ့ သာသနာပြုခေါင်းဆောင် ဓမ္မိက ဥပါသကာကြီး ငါးရာတို့ ရှိခဲ့ကြပါတယ်။ ခေါင်းဆောင် ဥပါသကာကြီး တဦးတဦးမှာလဲ နောက်လိုက် ဥပါသကာ ငါးရာစီ ရှိကြပြန်ပါတယ်။ အဲဒီ ဓမ္မိက ဥပါသကာကြီးများမှာ အကြီးဆုံးဖြစ်တဲ့ မဟာဓမ္မိက ဥပါသကာကြီးမှာ သား ၇-ယောက်၊ သမီး ၇ ယောက်တို့

[၃၃] မဟာဓမ္မိက ဥပါသကာကြီး သေအံ့ဆဲဆဲဘွင် အိမ်ခေါင်မိုးအထက်၌ နတ်ရထားများ ဆိုက်ရောက်လာကြပုံ။

www.dhammaransi.com



 www.dhammaransi.com 

ရှိပါတယ်။ မဟာဓမ္မိက ဥပါသကာကြီးနဲ့တကွ ဇနီး သား,သမီး မိသားစု ၁၆-ယောက်လုံးဟာ သီလရှိပြီး ဒါနအမှုဦး မွေ့လျော်ခဲ့ကြတဲ့ သူတော်ကောင်းများ ဖြစ်ကြပါတယ်။

မဟာဓမ္မိက ဥပါသကာကြီးဟာ အသက်အရွယ်ကြီးပြီး သက်ကြီးရောဂါဖြင့် အိပ်ရာထဲမှာ လဲလျောင်းနေတဲ့အခါ တရားနာကြားလိုတဲ့ဆန္ဒနဲ့ ရဟန်းတော်များအားပင့်ဖိတ်ပြီး သတိပဋ္ဌာနသုတ် တရားကို နာကြားပါတယ်။ အဲဒီအချိန်မှာ နတ်ပြည် ၆ ထပ်မှ နတ်ရထား ၆ စင်းဟာ မဟာဓမ္မိက ဥပါသကာကြီးရဲ့အိမ်အထက် ကောင်းကင်သို့ ဆိုက်ရောက်လာကြပါတယ်။ ရထား၌ ပါရှိလာကြတဲ့ နတ်သားတို့က "မိမိတို့နတ်ပြည်သို့ ဆောင်ယူကြမယ်"လို့ အသီးသီးပြောဆိုနေကြတဲ့ အသံကို တရားနာကြားနေတဲ့ဥပါသကာကြီး ကြားရတဲ့အခါ တရားမဆုံးသေးတဲ့အတွက်"အာဂမေထ-အာဂမေထ၊ ဆိုင်းကြပါအုံး-ဆိုင်းကြပါအုံး" လို့ ပြောဆိုတားမြစ်ပါတယ်။

ဒီစကားကို ရဟန်းတော်များက ကြားပြီး တရားရွတ်ဖတ်နေကြတာကို "ဆိုင်းကြပါအုံး"လို့ အရပ်ခိုင်းတယ်ထင်ပြီး ရွတ်နေတဲ့ သုတ္တန်ကို ဆက်မရွတ်တော့ပဲ ရပ်ဆိုင်းလိုက်ကြပါတယ်။ သားသမီးများက "ငါတို့အဖေဟာ ရှေးရှေးက တရားနာလို့အားမရနိုင်ပါပဲ ယခုမှ သေရမှာကြောက်လို့ တရားကို တားမြစ်တာပဲ" လို့ ယူဆကြပြီး ငိုယိုကြပါတော့တယ်။ ဒီအခါ ရဟန်းတော်များလဲ "သားသမီးတွေ ငိုနေယင် ငါတို့ဆက်လက်ပြီး ရွတ်ဆိုဖို့မသင့်တော့ဘူး"လို့ ယူဆပြီး ပြန်ကြသွားကြပါတယ်။

www.dhammaransi.com



မဟာမောဂ္ဂလ္လာန်မထေရ်ကြီးက ဥပါသကာကြီးလဲ နတ်သားတို့ကို တားမြစ် ပြောဆိုစဉ်က ရုတ်တရက်သတိလစ်သွားခဲ့ပြီး၊ သတိပြန်ရလာတဲ့အခါ ရဟန်းတော်များရဲ့တရားရွတ်ဖတ်သံကြားရပေမဲ့ သား၊ သမီး တို့ရဲ့ ငိုယိုနေကြတဲ့ အသံကိုသာ ကြားရတဲ့အခါ "ဘာကြောင့် ငိုနေကြတာလဲ" လို့ မေးမြန်းပါတယ်။ သား၊ သမီးများက "တရားနာနေစဉ် ဆိုင်းကြပါအုံးလို့ တားတာဟာ သေရမှာကြောက်တဲ့အတွက် တားတာ ဖြစ်မှာပဲလို့ ယူဆပြီး ငိုယိုကြပါတယ်" လို့ ပြောကြပါတယ်။

ဒီအခါ ဥပါသကာကြီးက "ငါက ရဟန်းတော်တွေကို ပြောတာ မဟုတ်ပါဘူး၊ နတ်ပြည် ၆-ထပ်မှလာပြီး ဖိတ်ခေါ်နေကြတဲ့ နတ်ရထားမှ နတ်တွေကို ပြောတာပါ" လို့ ပြောကြားတဲ့အခါ သား၊ သမီးများက "ဘယ်မှာလဲ နတ်ရထားတွေ မမြင်ရပါလား" လို့ မေးကြပါတယ်။ ဥပါသကာကြီးက "ဘယ်နတ်ပြည်ဟာ မွေ့လျော်ဖွယ် အကောင်းဆုံးပါလဲ" လို့ ပြန်မေးတဲ့အခါ "ဘုရားလောင်းနဲ့ ဘုရားလောင်းရဲ့မယ်တော် ခမည်းတော်တို့ နောက်ဆုံးဘဝ၌ နေခဲ့ကြတဲ့ တုသိတာနတ်ပြည်ဟာ မွေ့လျော်ဖွယ် အကောင်းဆုံးပါပဲ" လို့ ပြောဆိုကြပါတယ်။

ဒီအခါ မဟာဓမ္မိကဥပါသကာကြီးက နောက်ဆုံးမှာကြားတဲ့အနေနဲ့ "သား၊ သမီးတို့၊ သင်တို့ သီကုံးထားတဲ့ ပန်းကုံးများကို တုသိတာနတ်ရထား၌ ချိတ်မိပါစေသားလို့ အဓိဋ္ဌာန်ပြုပြီးပစ်လိုက်ကြ" လို့ မိန့်ကြားပါတယ်။ သား၊ သမီးများထဲမှ တယောက်က ဖခင်ကြီးမိန့်ကြားတဲ့အတိုင်း ပန်းကုံးကို ပစ်လိုက်တဲ့အခါ တုသိတာနတ်ရထားမှာ ချိတ်ဆွဲပြီးနေပါတော့တယ်။ သား၊ သမီးများဟာ ပန်းကုံးကိုသာမြင်ရပြီး နတ်ရထားကိုတော့ မမြင်ရဘူးလို့ ဆိုပါတယ်။

အဲဒီနောက် ဥပါသကာကြီးက "ပန်းကုံးချိတ်ဆွဲပြီး တည်နေတာဟာ တုသိတာ နတ်ရထား ဖြစ်တယ်။ ထိုထိုဤဤ ကြံစည်ကြောင့်ကြမနေရစ်ကြနဲ့၊ တုသိတာ နတ်ပြည်ကို ငါသွားတော့မယ်။ သင်တို့လဲ ငါ့ရဲ့အထံမှာ ဖြစ်လိုကြလျှင် ငါပြုသလို ကောင်းမှုကုသိုလ်များကို ပြုရစ်ကြ" လို့ မှာကြား ခဲ့ပြီး သေဆုံးသွားတဲ့အခါ တုသိတာနတ်ပြည်သို့ ရောက်ရှိသွားခဲ့ပါတော့တယ်။

[ဓမ္မပဒ၊ ယမကဝဂ်၊ ဓမ္မိကဥပါသကာဝတ္ထု။]

## အာရုံနိမိတ်များ

သတ္တဝါတဦး သေဆုံးခါနီးအချိန်ကာလမှာ အာရုံနိမိတ်များ ထင်လာကြရပါတယ်။ အဲဒါ တွေကတော့ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များဖြစ်ကြပါတယ်။ ဒါတွေကတော့ ရှေးကပြုခဲ့ဖူးတဲ့ အမှု ကံက အကျိုးပေးတော့မလို့ အာရုံနိမိတ်များ ထင်လာကြခြင်း ဖြစ်ပါတယ်။ ကံဆိုတာကတော့ မိမိ ပြုခဲ့ဖူးတဲ့ ကောင်းတဲ့အမှု-မကောင်းတဲ့အမှု၊ ကုသိုလ်ကံ-အကုသိုလ်ကံတွေပါပဲ။ ကမ္မနိမိတ် ဆိုတာ ကတော့ အဲဒီအမှုကံကို ပြုစဉ်တုန်းကထင်ရှားတွေ့ခဲ့ရတဲ့ အာရုံတွေ အခြေအနေတွေပါပဲ။ ဒါနကုသိုလ် ဆိုလျှင် ပေးလှူတဲ့ လှူဖွယ်ပစ္စည်းတွေ၊ အလှူခံပုဂ္ဂိုလ်တွေ၊ အလှူခနရာထိုင်ခင်းတွေ၊ ဘုရားဆင်းတုတော် တွေ၊ စေတီတော်တွေစတဲ့ အာရုံနိမိတ်တွေ ထင်လာကြတာ ဖြစ်ပါတယ်။ ဂတိနိမိတ် ဆိုတာကတော့ ဖြစ်ရမယ့်ဘဝအခြေအနေတွေကိုမြင်လာရတာပါပဲ။နတ်ပြည်ရောက်မယ့်ပုဂ္ဂိုလ်ဟာ နတ်ပြည်ဂတိနိမိတ် တွေ ထင်လာ မြင်လာရပါတယ်။ အထက်ဖော်ပြပါ မဟာဓမ္မိက ဥပါသကာကြီးဟာ သေဆုံးခါနီး အချိန်မှာ တုသိတာနတ်ပြည်ရဲ့ ဂတိနိမိတ်တွေ ထင်ခဲ့ရတယ်လို့ ဆိုနိုင်ပါတယ်။

www.dhammaransi.com



## အာသန္နကံ

သေခါနီးအချိန်မှာ ကပ်ပြီးပြုတဲ့ကံကို "အာသန္နကံ" လို့ ခေါ်ပါတယ်။ သေခါနီးအချိန်မှာ သတိမရပဲ မေ့မြောပြီး နေတတ်ပါတယ်။ ဒါပေမယ့် စိတ်ကတော့ ရပ်မနေပါဘူး။ ဖြစ်ရပ်အာရုံတခုခု ယူလျက်ရှိပါတယ်။ အဲဒီအာရုံဟာ ကောင်းတဲ့အာရုံဆိုယင် ကောင်းတဲ့ အာရုံနဲ့ဆိုင်တဲ့ကံက အကျိုး ပေးပါတယ်။ မကောင်းတဲ့ အာရုံဆိုယင်လဲ မကောင်းတဲ့ အာရုံနဲ့ဆိုင်တဲ့ကံက အကျိုးပေးပါတယ်။

## သောဏမထေရ်ရဲ့ ဖခင်မုဆိုးကြီး

သောဏမထေရ်ရဲ့ဖခင်ဟာ မုဆိုးကြီးတယောက် ဖြစ်ခဲ့ပါတယ်။ အသက်ကြီးလာတဲ့အခါ သား သောဏမထေရ်ရဲ့ တိုက်တွန်းချက်ကြောင့် မုဆိုးအလုပ်ကိုစွန့်လွှတ်ပြီး ရဟန်းပြုပါတယ်။ သီလသောက် တည်ပြီး ကောင်းစွာနေထိုင်ပါတယ်။ ဒါပေမယ့် အဲဒီတောထွက်ဦးပဉ္စင်းကြီး သေခါနီး အချိန်မှာ သူ တသက်လုံး မုဆိုးအလုပ်တွေနဲ့ ထုံလာခဲ့လို့ မေ့မြောပြီးသွားတော့ ငရဲနိမိတ်တွေ့ထင်လာပါတယ်။ ခွေးကြီးတွေ သူနေတဲ့တောင်ပေါ် တက်လာကြတယ်လို့ ထင်မြင်ပြီး "ဟဲ့ သားရဲ၊ ခြောက်ပါဟဲ့-ခြောက်ပါဟဲ့" နဲ့ အော်ပါတော့တယ်။ ဒီအခါ သားဖြစ်သူ သောဏမထေရ်က "ငရဲနိမိတ်တွေ ထင် လာတာပဲ" လို့ သိရှိပြီး ပန်းတွေခူးခိုင်းကာ ဘုရားယင်ပြင်ပေါ် ပန်းတွေခင်းပြီး သူ့ ဖခင်အား ခေါ်သွားပါတယ်။

ပြီးတော့ "ဦးပဉ္စင်းကြီး၊ ဒီမှာ ပန်းတွေပန်းတွေ ဘုရားကိုပူဇော်နေတယ်လေ" လို့ ပြောတဲ့ အခါ ဖခင်ဦးပဉ္စင်းကြီးဟာ သတိ ပြန်လည်လာချိန်ကြုံလို့ ကြားရပြီး ပန်းတွေကိုကြည့်ကာ မေ့မြော

သွားပြန်ပါတယ်။ ဒီအခါ နတ်ပြည်နိမိတ်တွေ ထင်လာပြီး "သားရဲ့ ဖယ်ပါဟဲ့-သားရဲ့ ဖယ်ပါဟဲ့၊ ဟိုမှာ.... မင့် မိထွေးတွေ မင့် မိထွေးတွေ လာနေပြီ ဖယ်ပါဟဲ့" လို့ ပြောတော့ နတ်ပြည်နိမိတ်တွေ ထင်တာကို သိရှိရပြန်ပါတယ်။ ငရဲကျမယ့်သူက နတ်ပြည်နိမိတ် ထင်ယင် တော်လောက်ပြီဆိုပြီး ထားတဲ့အခါ မကြာမီ ဦးပဥ္စင်းကြီး ပျံလွန်သွားပြီး နတ်ပြည်သို့ ရောက်ရှိသွားခဲ့ပါတော့တယ်။

## ဇော ခုနစ် ကြိမ်


သတ္တဝါတွေဟာ ပြုတိုင်း, ပြောတိုင်း, ကြံတိုင်းမှာ ဇောခုနစ်ကြိမ် ခုနစ်ကြိမ် အကြိမ်ပေါင်းများစွာ အထပ်ထပ် ဖြစ်နေရပါတယ်။ စိတ်တခုတည်းက ၇-ကြိမ် ဆက်ဖြစ်တဲ့ စိတ်အစဉ်ကို ဇောစိတ်ရယ်လို့ ခေါ်ပါတယ်။ အဲ့ဒါကို ဇောခုနစ်ကြိမ်ဇောတယ်လို့လဲ ဆိုရိုးပြုလေ့ ရှိကြပါတယ်။

အဲဒီ ဇော ခုနစ်ကြိမ် ခုနစ်ကြိမ်ထဲက ပထမဇောတွေက အကြောင်းညီညွတ်ယင် ယခု ဘဝ တင်ပဲ ဒိဋ္ဌဓမ္မအကျိုးပေးပါတယ်။ "အကြောင်းညီညွတ်ယင်" ဆိုတဲ့ စကားကတော့ အလှူခံပုဂ္ဂိုလ်၊ အလှူပေးပုဂ္ဂိုလ်၊ အလှူဝတ္ထု ပစ္စည်းဆိုင်ရာတွေမှာ သန့်ရှင်းစင်ကြယ်ပြီး သဒ္ဓါတရားထက်သန်လှစွာ လှူခဲ့ကြတဲ့မဟာဒုက်တို့လို၊ ကာကဝလ္လိယတို့လို ပုဂ္ဂိုလ်မျိုးတွေရဲ့ ချက်ချင်းလက်ငင်း အကျိုးပေးနိုင်တဲ့ အခြေအနေမျိုးကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒီ ပထမဇောက အကျိုးပေးယင်း ဒီဘက်ဘဝမှာပဲ အကျိုး

---

[၃၄] ဦးပဥ္စင်းကြီး သေအံ့ဆဲဆဲတွင် နတ်ပြည်၏ ဂတိနိမိတ်များ ထင်ကာ နတ်သမီးများကို မြင်တွေ့နေရပုံ။

www.dhammaransi.com



www.dhammaransi.com

ပေးပြီး၊ ဒီဘ၀မှာ အကျိုးပေးခွင့်မရယင် အဟောသိကံဖြစ်သွားပါတယ်။ အလကား ဖြစ်သွားတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

ခုနစ်ကြိမ်မြောက်ဖြစ်တဲ့ သတ္တမဇောကလဲ အကြောင်းညီညွတ်ယင် သေခါနီးအချိန်မှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တွေ ထင်ပြီးတော့ အခြားမဲ့ ဒုတိယဘ၀မှာ အကျိုးပေးပါတယ်။ အဲဒီလို ဒုတိယဘ၀မှာ အကျိုးပေးတဲ့ ကံကို "ဥပပဇ္ဇဝေဒနီယကံ" လို့ ခေါ်ပါတယ်။ ဒုတိယ ဘ၀မှာ အကြောင်းမညီညွတ်လို့ အကျိုးပေးခွင့် မရယင်တော့ အဲဒီ သတ္တမ ဇောလဲ အကျိုးမပေးတော့ပဲ အဟောသိကံ ဖြစ်သွားရပါတယ်။

အလယ်ဇော ၅ ချက်ကတော့ တတိယ ဘ၀ကစပြီး နိဗ္ဗာန်မရမီ စပ်ကြားမှာ အကြောင်းညီညွတ်တိုင်း တချိန်ချိန်မှာ အကျိုးပေးလေ့ ရှိပါတယ်။ ဒါကြောင့် အဲဒီ အလယ်ဇော ၅ ချက်ကို "အပရာပရိယ ဝေဒနီယကံ" လို့ ခေါ်ပါတယ်။ နိဗ္ဗာန်ရတဲ့ အခါမှာတော့ အဲဒီ ဇောတွေလဲ အဟောသိကံ ဖြစ်သွားရပါတော့တယ်။

ဒီဇော ခုနစ်ကြိမ် ဖြစ်စဉ်ဟာ ကုသိုလ်ဘက်မှာရော အကုသိုလ်ဘက်မှာပါ သူ့ဖြစ်စဉ်အတိုင်း အခါအခွင့်သင့်ယင် အကျိုးပေးလေ့ ရှိကြပါတယ်။

## လူသတ်ဗိုလ်ကြီး တမ္ဗဒါဌိက

ဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည်မှာ တမ္ဗဒါဌိက ဆိုတဲ့ ခိုးသူသတ် ဗိုလ်ကြီးဟာ ၂၅-နှစ် လုံးလုံး လူတွေကို ထောင်နဲ့ချီပြီး သတ်ရတဲ့အလုပ်ကို လုပ်ခဲ့ရပါတယ်။ သူဟာ ၅၅-နှစ် ပြည့်တဲ့အခါ အယင်ကလို လူတယောက်ကို တချက်တည်းနဲ့သေအောင် မသတ်နိုင်တော့လို့ လူသတ်ဗိုလ်ရာထူးမှ ဖယ်ရှားခြင်း ခံရပါတယ်။

အဲဒီလို ဖယ်ရှားခံရပြီး ရာထူးကျတဲ့နေ့ နံနက်ပိုင်းမှာ နို့ဆန်ပြုတ် ပြုတ်ပြီး သောက်မည့်ဆဲဆဲမှာ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ကြွလာတော်မူတာနဲ့ကြုံလို့ မသောက်တော့ပဲ ကိုယ်တော်မြတ်ကြီးအား လှူဒါန်းပါတယ်။ အဲဒီနောက် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ တရားကို နာယူပါတယ်။ အဲဒီလို တရားနာယူပြီး တရားနှလုံးသွင်းရတဲ့အတွက် အနုလောမခန္တီဉာဏ် (သောတာပန်ဖြစ်ခါနီးဉာဏ်) အထိ ရောက်ရှိသွားရပါတယ်။

အဲဒီနောက် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ကျောင်းတော်သို့ ပြန်ကြွတဲ့အခါ သူက တော်တော် ဝေးဝေးရောက်အောင် လိုက်ပို့ပါတယ်။ လိုက်ပို့ရာကပြန်လာတော့ လမ်းမှာ နွားသားအုပ်မဝှေ့တဲ့အတွက် တမ္ဗဒါဌိကကြီးဟာ အနိစ္စရောက်သွားရရှာပါတယ်။

အဲဒီနေ့ တရားပွဲသဘင်မှာ ရဟန်းတော်များက ဘုရားရှင်အား တမ္ဗဒါဌိကရဲ့ လားရာဘဝနဲ့ ပတ်သက်ပြီး မေးမြန်းလျှောက်ထားကြပါတယ်။ ဒီအခါ ဘုရားရှင်က "ချစ်သားတို့၊ တမ္ဗဒါဌိက

www.dhammaransi.com

ဟာ လူ့အရေအတွက်နဲ့ နှစ်ပေါင်း ၅၇.ကုဋေ ၆.သန်း သက်တမ်းရှည်တဲ့ တုသိတာ နတ်ပြည်မှာ ဖြစ်နေလေရဲ့''လို့ မိန့်ကြားတော် မူပါဘယ်။ ဒီအခါ ရဟန်းတော်များက မကျေမနပ်ချင် ဖြစ်ကြပြီး ''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ လူတွေကိုထောင်နဲ့ချီပြီးသတ်လာခဲ့တဲ့ ဒုစရိုက်သမား တမ္ဗဒါဌိက ကြီးဟာ နတ်ပြည်သို့ ရောက်နိုင်ပါသလား ဘုရား''လို့ ထပ်မံမေးလျှောက်ကြပြန်ပါတယ်။

ဒီအခါ ဘုရားရှင်က ''ချစ်သားတို့၊ သင်တို့ပြောမယ်ဆိုလဲ ပြောလောက်ပါပေတယ်။ ဒါပေမယ့် တမ္ဗဒါဌိကဟာ သေခါနီးအချိန်မှာ ရှင်သာရိပုတ္တရာ ဟောကြားတဲ့တရားကို နာကြားသွားခဲ့ရပြီး တရားနာယင်း နှလုံးသွင်းလို့ အနုလောမခန္တီဉာဏ်အထိ ရောက်သွားခဲ့တယ်။ အဲဒီ ကုသိုလ်ဇောအဟုန်ကြောင့် သူဟာ သေဆုံးသွားတဲ့အခါ နတ်ပြည်သို့ ရောက်ရှိရခြင်း ဖြစ်တယ်''လို့ မိန့်ကြားတော်မူပါတယ်။

## သီဟဠ ဝတ္ထု

ရှေးက သီဟိုဠ်ကျွန်း မခုအင်္ဂဏရွာမှာ ဒမိဠ(တမယ်လ်)လူမျိုး တံခါးစောင့်တယောက်ရှိခဲ့ပါတယ်။ သူဟာ နေ့စဉ်နေ့တိုင်း ငါးများပြီး အနှစ်ငါးဆယ်လုံးလုံး အသက်မွေးခဲ့ပါတယ်။ တနေ့မှာ နာမကျန်းဖြစ်ပြီး သေခါနီး အချိန်ကျတော့ ဆွမ်းခံကြွလာတဲ့ စူဠပိဏ္ဍပါတိက တိဿထေရ်က သူ့ကို သနားလှတာနဲ့ သူ့ထံသွားပြီး သရဏဂုံနဲ့ ငါးပါးသီလကို ပေးသနားပါတယ်။ ဒါပေမယ့် သူဟာ

---

[၃၅] လူသတ်ဒိုလ်ကြီး တမ္ဗဒ ဌိကမှာ ရှင်သာရိပုတ္တရာအား နို့ဆန်ပြွတ်လှူပြီး တရားနာကြားနေ၍။

www.dhammaransi.com



 www.dhammaransi.com 

သရဏဂုံကိုသာ ဆောက်တည်နိုင်ပြီး ငါးပါးသီလကိုတော့ ဆက်လက် မဆောက်တည်နိုင်ရှာတော့ပဲ မေးခိုင်ပြီး သေသွားရရှာပါတယ်။ သေခါနီးအချိန်မှာ ဘုရား-တရား-သံဃာ ရတနာမြတ်သုံးပါးအား ကိုးကွယ်ဆည်းကပ်မှု အာရုံပြုတဲ့ စိတ်ဇောအဟုန်နဲ့ သေသွားခဲ့ရတဲ့အတွက် သူဟာ စတုမဟာရာဇ် နတ်ပြည်သို့ ရောက်ရှိသွားရပါတော့တယ်။

[အံ-၂၊ ၁၀၈]

## မဋ္ဌကုဏ္ဍလီ

ဘုရားရှင် လက်ထက်တော်က သာဝတ္ထိမြို့မှာ အဒိန္နပုဗ္ဗက အမည်ရတဲ့ ပုဏ္ဏားကြီးရဲ့သား မဋ္ဌကုဏ္ဍလီဆိုတဲ့ လုလင်တယောက်ရှိခဲ့ဖူးပါတယ်။ သူ့ရဲ့ဖခင် ပုဏ္ဏားကြီးဟာ အင်မတန် နှမြောတွန့်တိုလှပြီး တသက်လုံး ဘာတခုမျှ မပေးလှူပါဘူး။ တနေ့မှာ မဋ္ဌကုဏ္ဍလီဟာ နာမကျန်းဖြစ်ပြီး အိပ်ရာထဲ ဘုံးဘုံးလဲရပါတယ်။ ဒီအခါ ပုဏ္ဏားကြီးက ဆေးဆရာမခေါ်ပဲ ဆေးဆရာများထံမှ သိခဲ့ရတဲ့အတိုင်း သူကိုယ်တိုင် ဆေးမြီးတိုဖော်ပြီး ကုသပါသတဲ့။ ဒါကြောင့် လူနာဟာ မသက်သာလာပဲ ပိုပိုပြီး ဆိုးဆိုးလာကာ နောက်ဆုံး မျှော်လင့်ချက်မရှိလောက်တဲ့ အခြေအထိ ဆိုက်ရောက်ရပါတော့တယ်။

---

[၃၆] မဋ္ဌကုဏ္ဍလီမှာ တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ကာ နတ်စည်းစိမ်ခံစားနေရပုံ။

www.dhammaransi.com



ဒါကြောင့် ပုဏ္ဏားကြီးဟာ သူ့သားသေတော့မယ်ဆိုတာ သိရတဲ့အခါ လူမမာကို အိမ်ပြင်မှာ ထုတ်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အိမ်တွင်းမှာရှိတဲ့ သူ့ပစ္စည်းတွေကို လူနာလာပြီးမေးကြတဲ့လူတွေ မြင်သွားမှာစိုးရိမ်လို့ ဖြစ်ပါတယ်တဲ့။

အဲဒီအချိန်မှာ မြတ်စွာဘုရားရှင်က မဟာကရုဏာ သမာပတ်မှ ထတော်မူပြီး ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူတဲ့အခါ မဋ္ဌကုဏ္ဍလီကို မြင်တော်မူပါတယ်။ မဋ္ဌကုဏ္ဍလီကို အကြောင်းပြုပြီးအကျိုးများမယ့်အရေးကို မြင်တော်မူတဲ့အတွက် ပုဏ္ဏားရဲ့အိမ်ရှေ့သို့ ရဟန်းသံဃာတော်များနဲ့အတူ ဆွမ်းခံကြွလာတော်မူပါတယ်။ ဒီအခါ မဋ္ဌကုဏ္ဍလီဟာ မြတ်စွာဘုရားရှင်ကို စိတ်ဖြင့်ဖူးမြင်ရတဲ့အတွက် ဘုရားရှင်အား ကြည်ညိုမြတ်နိုးမှု သဒ္ဓါတရားဖြစ်ပေါ် တိုးပွားလာရပါတယ်။ ဘုရားရှင်လဲ "ဒါလောက် ကြည်ညိုတဲ့စိတ်ဖြင့်ယင် တော်လောက်ပြီ"လို့ နှလုံးသွင်းပြီး ဆက်လက် ကြွသွားတော်မူပါတယ်။ မဋ္ဌကုဏ္ဍလီလဲ ဘုရားရှင်ကို ကြည်ညိုတဲ့စိတ်ဇောအဟုန်တွေဖြစ်နေယင်း သေဆုံးသွားခဲ့ကာ တာဝတိံသာနတ်ပြည်သို့ ရောက်ရှိသွားရပါတော့တယ်။

### သမဏ နတ်သား

ဘုရားရှင်လက်ထက်တော်က သမဏဆိုတဲ့အမျိုးသားတယောက်ဟာ ဗုဒ္ဓသာသနာတော်၌ သဒ္ဓါတရား ထက်သန်လှစွာဖြင့် ရဟန်းပြုခဲ့ပါတယ်။ ရဟန်းပြုပြီး ၅-၀ါရတဲ့တိုင်အောင် ဥပဇ္ဈာယ်ဆရာထံမှာ ဝတ်ကြီးဝတ်ငယ်များကို ဆောင်ရွက်ပါတယ်။ ရဟန်းနဲ့ဆိုင်တဲ့ ဝိနည်းသိက္ခာပုဒ်များကိုလဲ

www.dhammaransi.com



သင်ယူပါတယ်။ အဲဒီနောက် သူသဘောကျတဲ့ ကမ္မဋ္ဌာန်းကိုယူပြီး တောကျောင်းတစ်ခုသို့ သွားရောက်နေထိုင်ပြီး ကမ္မဋ္ဌာန်းတရားကို မပြတ်နှလုံးသွင်းအားထုတ်ပါတယ်။

သမဏမထေရ်ဟာ တရားအားထုတ်တဲ့နေရာမှာ တော်တော်ပြင်းပြင်းထန်ထန် နေ့ရောညဉ့်ပါ မအိပ်ပဲ အားထုတ်ပါတယ်။ အဲဒီလိုအားထုတ်နေယင်း အစားအစာဟာလည်း အားနည်းတဲ့အတွက် လေသင်ခုန်းဖြတ်ကာ စင်္ကြံသွားရာမှ လဲကျပြီး ပျံလွန်တော်မူပါတယ်။

အဲဒီလိုပျံလွန်တော်မူသွားပြီးတဲ့နောက် တာဝတိံသာနတ်ပြည်မှာ ချက်ချင်း နတ်သားသွားဖြစ်ရပါတယ်။ ကုသိုလ်ကံရဲ့အစွမ်းကြောင့် တာဝတိံသာနတ်ပြည်မှာ သူ့အတွက် ဘုံဗိမာန် အသင့်ဖြစ်ပေါ်နေနှင့်ပြီး သူဟာ ထိုဘုံဗိမာန်ကြီးရဲ့ကံ့ဝါးဝမှာ ရောက်နေတဲ့အသွင်နဲ့ အိပ်ရာမှနိုးလာသလို ချက်ချင်း နတ်သားအဖြစ် ရောက်ရှိရပါတယ်။ သူ့ကိုယ်မှာလဲ နတ်ဝတ်တန်ဆာအပြည့်အစုံနဲ့ရှိနေပါတယ်။ ဒါပေမယ့် သူကတော့ သူ့ကိုယ်သူနတ်ဖြစ်လာမှန်းမသိသေးပဲ၊ လူ့ပြည်မှာ ရဟန်းအဖြစ်ရှိနေဆဲလို့ ထင်နေပါတယ်။

ဗိမာန်ထဲကဗိမာန်ရှင်နတ်သားကို မျှော်နေကြတဲ့နတ်သမီးတစ်ထောင်တို့က "ဟော....ဗိမာန်ရှင်နတ်သား ရောက်ရှိလာပြီ၊ ဖျော်ဖြေကြစို့" ဆိုပြီး ဝမ်းမြောက်ဝမ်းသာနဲ့ နတ်တူရိယာတွေကို ကိုင်လျက် ဝိုင်းရံဆီးကြိုလာကြပါတယ်။ ဒါပေမယ့် သူက နတ်သမီးတွေကိုမြင်ရတဲ့အခါ တောကျောင်းကို လာရောက်ကြည့်ရှုကြတဲ့မာတုဂါမတွေပဲလို့ယူဆကာ အပေါ်ရုံအဝတ်ဖြင့် လက်ဝဲပခုံးကို လုံအောင်ဖုံးလျက် မျက်လွှာချကာ ဣန္ဒြေကြီးနဲ့ နေပါတယ်။

www.dhammaransi.com




အဲဒီအခါ နတ်သမီးတွေက "ဒီနတ်သားဟာ ရဟန်းဘဝမှ ဖြစ်လာတဲ့နတ်သားပဲ"လို့ ရိပ်မိသိရှိကြပြီး "အို...အရှင်နတ်သား၊ နတ်ပြည်သို့ရောက်နေပါပြီ။ ရဟန်းတရားအားထုတ်ဖို့ အချိန်အခါမဟုတ်တော့ပါဘူး။ နတ်စည်းစိမ်တွေကို ခံစားဖို့ အချိန်အခါဖြစ်ပါတယ်"လို့ ပြောဆိုကြပါတယ်။ ဒါပေမယ့် နတ်သားက ဣန္ဒြေမပျက် မျက်လွှာချမြဲချနေပါတယ်။ ဒီအခါ နတ်သမီးတွေက "ဒီနတ်သားဟာ နတ်ဘဝရောက်နေမှန်းမသိသေးဘူး။ သိအောင်ဖျော်ဖြေကြစို့"လို့ဆိုပြီး တူရိယာတွေကိုတီးမှုတ်ကခုန်ကြပါတော့တယ်။ ဒီအခါ နတ်သားက "မာတုဂါမလေးတွေ တောကျောင်းလာပြီး ကမြင်းနေကြတယ်"လို့ ယူဆပြီး ဣန္ဒြေကို အထူးထိန်းသိမ်းလျက် ရှိနေပါတော့တယ်။

အဲဒီနောက် နတ်သမီးတွေက ကိုယ်လုံးပေါ်မှန်ကြီးကိုယူလာပြီး သူ့ရှေ့မှာ ထောင်ပြကြပါတယ်။ မှန်ထဲမှာ သူ့ရုပ်ကို သူ တွေ့မြင်ရတဲ့အခါ ရဟန်းဘဝမဟုတ်တော့ပဲ နတ်ပြည်မှာ နတ်ဖြစ်နေကြောင်းသိရှိသွားရပါတော့တယ်။ ဒါဒီအခါ သမဏနတ်သားဟာ အကြီးအကျယ်နှလုံးမသာမယာဖြစ်ပြီး "ငါ ရဟန်းတရားအားထုတ်ခဲ့တာဟာ ဒီနတ်ပြည်နတ်စုတ်ကို ရဖို့မဟုတ်ဘူး၊ အမြတ်ဆုံးအကျိုးစီးပွားဖြစ်တဲ့ အရဟတ္တဖိုလ်ရဖို့ ကျင့်ခဲ့တာပဲ၊ နတ်စည်းစိမ်ဆိုတာ ရလွယ်တယ်။ ဘုရားပွင့်တော်မူဆဲကာလက ရခဲတယ်။ ဘုရားတရားကို နာကြားပြီး အရိယာမဂ်ဖိုလ်တရားရဖို့က အရေး

---

[၃၇] မိမိကိုယ်ကို နတ်ဖြစ်မှန်းမသိသေးသော သမဏနတ်သားမှာ ရဟန်းဖြစ်ဆဲဟုထင် ဘာဝုဏ္ဏြေကြီးနှင့် မျက်လွှာချထားပုံ။

www.dhammaransi.com



 www.dhammaransi.com 

ကြီးတယ်။ နတ်စည်းစိမ်တွေနဲ့မေ့နေယင် ဘုရားနဲ့ မတွေ့လိုက်ရပဲ ဖြစ်သွားနိုင်တယ်''လို့ စဉ်းစားမိပြီး သူ့ဗိမာန်ထဲကိုတောင် မဝင်တော့ပဲ လူ့ပြည်ရှိ ဘုရားရှင်အထံတော်သို့ အရေးတကြီး ပြေးလာပါတယ်။ ဘုရားရှင်ထံတော်မှောက်သို့ ရောက်ရှိတဲ့အခါ သမဏ နတ်သားက ''အရှင်ဘုရား၊ တရားရှောင်လွှဲ မိုက်မဲစေတတ်ပြီး နတ်သမီးတွေ ကခုန်ဆူညံနေတဲ့ တစ္ဆေ မြေဖုတ်တို့ မှီဝဲကျက်စားရာဖြစ်တဲ့ နတ်လေးကကို ဘယ်လိုကျော်လွှားသွားနိုင်ပါ့မလဲ ဘုရား''လို့ မေးလျှောက်ပါတယ်။

ဒီအခါ ဘုရားရှင်က ''ထွက်ပြေးလိုရေးနဲ့ မေးမြန်းလျှောက်ထားလာတဲ့ အို-နတ်သား၊ လောကသုံးပါးမှ အလျင်အမြန် ထွက်ပြေးရန် လမ်းဖြောင့်မည်သည်မှာ မဂ္ဂင်ရှစ်ဖြာ ဝိပဿနာလမ်းပင်တည်း'' စသည်ဖြင့် ဂါထာ ၃-ဂါထာကို ဟောကြားတော်မူပါတယ်။ အဲဒီအခါ သမဏနတ်သားလဲ တရားနာကြားယင်း နှလုံးသွင်း ရှုမှတ်သွားတဲ့အခါ တခဏချင်း ဝိပဿနာဉာဏ်စဉ်တွေတက်ပြီး သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ခဲ့ရပါတော့တယ်။

## ဂေါပိကာ ဝတ္ထု

ဘုရားရှင်လက်ထက်တော်က ကပိလဝတ်ပြည်မှာ ဂေါပိကာဆိုတဲ့ သာကီဝင် အမျိုးသမီးတဦးရှိခဲ့ဖူးပါတယ်။ သူဟာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး တရားကျင့်သုံးခဲ့တဲ့အတွက် သောတာပန် ဖြစ်ပြီး စုတိပြတ်ကြွေ သေလွန်တဲ့အခါ တာဝတိံသာ နတ်ပြည်မှာ သိကြားမင်းရဲ့ သားတော် နတ်သားဖြစ်ခဲ့ရပါတယ်။ နတ်သားဖြစ်လာတော့ ဂေါပကနတ်သားလို့ ထင်ရှားပါတယ်။

တနေ့မှာ သိကြားမင်းထံလာရောက်ပြီး ကပြကြတဲ့ ဂန္ဓဗ္ဗနတ်တွေထဲမှာ ထူးခြားတဲ့နတ်သား ၃ ယောက်ကို တွေ့မြင်ရပါတယ်။ ဒီအခါ ဂေါပကနတ်သားက ဆင်ခြင်ကြည့်တဲ့အခါ ဒီနတ်သား ၃ ယောက်ဟာ ရှေးဘဝတုန်းက သူတို့ကိုးကွယ်ခဲ့တဲ့ ရဟန်းတော်များဖြစ်ကြောင်း သိရှိရပါတယ်။ ဒါကြောင့် ဂေါပကနတ်သားက အဲဒီဂန္ဓဗ္ဗနတ်သား ၃-ယောက်တို့အား သတိပေးစကားပြောကြားပါတယ်။ ဒီအခါ နတ်သား ၃-ယောက်ထဲက ၂ ယောက်ဟာ သတိရပြီး ရှေးဘဝက လေ့လာခဲ့တဲ့ တရားတွေကို ပြန်ပြီး နှလုံးသွင်းရှုမှတ်တဲ့အခါ ရှေးကရခဲ့ဖူးတဲ့ စျာန်တွေကို ချက်ချင်းပဲ ပြန်ရရှိပါတယ်။ အနာဂါမိမဂ်ဖိုလ်အထိဆောက်ရှိကြပြီး အနာဂါမ်များလဲ ဖြစ်သွားကြပါတယ်။ ဒါ့အပြင် တာဝတိံသာနတ်တွေရဲ့ ရှေ့မှောက်မှာပဲ ဗြဟ္မပုရောဟိတ်ဗြဟ္မာများ ဖြစ်သွားကြပြီး ဗြဟ္မာ့ပြည်သို့ ပျံတက်သွားခဲ့ကြပါတော့တယ်။

## ဗြဟ္မာ့ပြည်

ဗြဟ္မာ့ပြည်ဆိုတာကတော့ နတ်ပြည် ၆-ထပ်ရဲ့ အထက်မှာ အသီးသီး တည်ရှိကြပါတယ်။ အဲဒါတွေကတော့ ပထမစျာန် ၃-ဘုံ၊ ဒုတိယစျာန် ၃-ဘုံ၊ တတိယစျာန် ၃-ဘုံ၊ စတုတ္ထစျာန် (ဝေဟပ္ဖိုလ်ဘုံနဲ့အသညသတ်ဘုံ) ၂-ဘုံ၊ သုဒ္ဓါဝါသ ၅-ဘုံ၊ အရူပဘုံ ၄-ဘုံ၊ စုစုပေါင်း ဘုံ ၂၀-တို့ ဖြစ်ကြပါတယ်။

လူ့ပြည်၌ လူ့ဘဝရှိစဉ်က လောကီအာရုံ ကာမဂုဏ်တို့ကို စက်ဆုပ်ရွံရှာပြီး အားထုတ်ခဲ့တဲ့ စျာန်ကုသိုလ်ကြောင့် လူ့ဘဝမှသေလွန်တဲ့အခါ ဗြဟ္မာများ ဖြစ်ကြရပါတယ်။ ဒါကြောင့် ဗြဟ္မာ

www.dhammaransi.com

များဟာ ကာမဘုံသားတို့လို အာရုံငါးပါးကို ခံစားခြင်း မရှိ။ ယောကျ်ားမိန်းမဟူ၍လဲ ကွဲပြားခြင်း မရှိ၊ အားလုံးသော ဗြဟ္မာတို့ဟာ ယောကျ်ားပုံသဏ္ဌာန်ဖြင့် တသက်လုံး တည်ရှိနေကြပါတယ်။ ကာမဂုဏ် မခံစားကြတဲ့အတွက် ယောဂီ သူတော်စင်များလို အလွန် ငြိမ်သက်နေကြရပေတယ်လို့ ဆိုပါတယ်။

## ဗြဟ္မာများ

မဟာဗုဒ္ဓဝင်ထဲမှာ ထင်ရှားတဲ့ ဗြဟ္မာဖြစ်သွားကြတဲ့ပုဂ္ဂိုလ်များကတော့ ရှေးဦးစွာ ဘုရားရှင် တရားဦးဟောမယ်လို့ကြည့်ရှုခြင်းခံရတဲ့ ကာလာမအနွယ် အာဠာရ ရသေ့ကြီးဖြစ်ပါတယ်။ အာဠာရ ရသေ့ကြီးဟာ သူရထားတဲ့ဈာန်ကုသိုလ်အစွမ်းဖြင့် အာကိဉ္စညာယတနဆိုတဲ့ အရူပဘုံသို့ ရောက်ရှိသွားခဲ့ရပါတယ်။ ဒီဗြဟ္မာ့ဘုံက မဟာကပ် ၆ သောင်း အသက်ရှည်ပါတယ်။

အဲဒီနောက် ဒုတိယ တရားဦးဟောမယ်လို့ ကြည့်ရှုခြင်းခံခဲ့ရတဲ့ ရာမပုတ္တဆရာကြီးရဲ့ သား (တပည့်)ဥဒကရသေ့ကြီး ဖြစ်ပါတယ်။ ဥဒကရသေ့ကြီးဟာ သူ ရထားတဲ့ဈာန်ကုသိုလ်အစွမ်းဖြင့် နေဝသညာ နာသညာယတနဘုံသို့ ရောက်ရှိသွားခဲ့ရပါတယ်။ ဒီဘုံကလဲ ရုပ်မရှိတဲ့ အရူပဘုံဖြစ်ပြီး

[၃၀] ဥက္ကါသူကြွယ်မှာ ယုဒ္ဓါဝါသ ဗြဟ္မာ့ပြည်တွင် ဗြဟ္မာကြီးဖြစ်နေပုံနှင့် အရိယာဗြဟ္မာများ ရဟန္တာ ဖြစ်ကာ ကျွတ်တမ်းဝင်ကြပုံ။

www.dhammaransi.com



www.dhammaransi.com

အသက်တမ်း မဟာကပ် ရှစ်သောင်းလေးထောင် ရှည်ပါတယ်။ ၃၁-ဘုံရှိရာမှာ အမြင့်ဆုံးကို ဖြစ်ပါတယ်။ ဒါကြောင့် ဘဝဂ္ဂ-ဘဝဂ်-အမြင့်မြတ်ဆုံးဘုံရယ်လို့ ခေါ်ဆိုကြခြင်းဖြစ်ပါတယ်။

ဘုရားရှင်လက်ထက် မိထိလာမြို့မှ ပညာရှိပါမောက္ခကြီးအဖြစ် ထင်ရှားကျော်ကြားခဲ့တဲ့ဗြဟ္မာယုသုခမိန်ကြီးဟာ ဆိုယင်လဲ ဘုရားရှင်အား အိုကြီးအိုမဖြစ်မှ ဖူးတွေ့ခဲ့ရကာ ကြည်ညိုသဒ္ဓါ လွန်စွာဖြစ်ပွားခဲ့ပါတယ်။ ဘုရားရှင်ဟောကြားတော်မူတဲ့ သစ္စာလေးပါးတရားတော်များကို နာကြားရကာ အနာဂါမ်တည်ပြီး ဗြဟ္မာ့ပြည်သို့ ရောက်ရှိသွားခဲ့ရပါတယ်။

ဒါ့အပြင် ဘုရားရှင်လက်ထက်က အံ့ဖွယ်ဂုဏ်ထူးရှစ်ပါးနဲ့ ပြည့်စုံခဲ့ရတဲ့ ဥဂ္ဂါသူကြွယ်ဟာ ဆိုယင်လဲ သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံသို့ ရောက်ရှိသွားခဲ့ရပြီး၊ ဗြဟ္မာ့ပြည်မှာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ရဟန္တာဖြစ်သွားခဲ့ရပါတယ်။

ဒါ့အပြင် ဗြဟ္မာ့ပြည်သို့ ရောက်ရှိခဲ့ကြတဲ့ပုဂ္ဂိုလ်တွေအများအပြားလဲရှိကြပါသေးတယ်။ ဗြဟ္မာ့ပြည် ဗြဟ္မာ့ဘုံဘဝသို့ ရောက်ရှိကြရတာကတော့ ရိုးရိုးကုသိုလ်လောက်နဲ့မဟုတ်ပဲ လောကီအာရုံ ကာမဂုဏ်တွေကို စက်ဆုပ်ရွံရှာပြီး အားထုတ်တဲ့ ဈာန်ကုသိုလ်အစွမ်းဖြင့်သာ ရရှိနိုင်ကြောင်း ပြဆိုတော်မူပါတယ်။ ဗြဟ္မာ့ပြည်မှာ အသက်တမ်းအားဖြင့် မဟာကပ်ရှစ်သောင်းလေးထောင်ရှိတဲ့ အထက်ဆုံးဘုံမှ

 www.dhammaransi.com 

ဗြဟ္မာတို့ဟာ ပုထုဇဉ်ဗြဟ္မာဖြစ်ယင် အသက်တမ်း စေ့တဲ့အခါ အောက်ဘုံများသို့ ပြန်လာကြရပါတယ်။ အရိယာဖြစ်ပြီးတဲ့ ဗြဟ္မာများကတော့ အောက်ဘုံများသို့ ပြန်မရောက်တော့ပဲ ထို့အထက် အထက်ဘုံမှာပဲ ရဟန္တာမဖြစ်မချင်း နေကြရကာ၊ ရဟန္တာ ဖြစ်တဲ့အခါ ဗြဟ္မာ့ဘုံမှာပဲ ပရိနိဗ္ဗာန်ဝင်စံကြရပါသတယ်။

ကမ္ဘာကြီး ပျက်စီးခါနီးကျလို့ ပျက်စီးသွားပြီး ကမ္ဘာအသစ်တည်စအချိန်မှာ ဗြဟ္မာ့ပြည်မှ ဗြဟ္မာအချို့ဟာ စုတေခါနီးကျလို့ စုတေခဲ့ကြပြီး အောက်ဗြဟ္မာ့ပြည်၊ နတ်ပြည်၊ လူ့ပြည်များမှာ ဥပပါတ်ပဋိသန္ဓေအဖြစ် တည်နေခဲ့ကြရတယ်လို့ ဆိုပါတယ်။ ဗြဟ္မာအဖြစ်မှ စုတေခဲ့ကြပြီး လူ့ပြည်သို့ ဥပပါတ်ပဋိသန္ဓေအဖြစ်ဖြင့် ပေါ်ထွန်းလာခဲ့ကြတဲ့အခါ "လူသား" ရယ်လို့ ဖြစ်ထွန်းပေါ်ပေါက်၍ လာကြရတယ်လို့ သိရှိကြရပါတော့တယ်။

"နတ်ဘုံ နတ်ဘဝ၊ ဗြဟ္မာ့ဘုံ ဗြဟ္မာ့ဘဝ"နဲ့ ပတ်သက်ပြီး တင်ပြလာခဲ့တာလဲ တော်တော်ပြည့်စုံသလောက် ရှိသွားပါပြီ။ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက လောကသုံးပါးမှာ ထူးခြားဆန်းပြားလှတဲ့၊ ပကတိမျက်စိနဲ့မတွေ့မြင်နိုင်ကြတဲ့ နတ်ဆိုတဲ့ သတ္တဝါတွေ၊ ဗြဟ္မာဆိုတဲ့ သတ္တဝါတွေလဲ ရှိကြပါသေးကြောင်း ကောင်းစွာ နှလုံးသွင်း ယုံကြည်မှုပြုကြပြီး နိဂုံးခေါင်းပုဒ် ကဗျာလေးများကို ဆိုကြပါဦးစို့။

www.dhammaransi.com



## "နတ်ဗြဟ္မာဘုံဘ၀ ညွှန်းပြကဗျာ"

ကုသိုလ်ကံတွေ အကျိုးပေးကြလို့၊ နတ်ဘုံဘ၀ ဖြစ်ရတယ်။
နတ်ဘုံဗိမာန် ရွှေရောင်ပြိုးလို့၊ နတ်သမီးတွေက များလှတယ်။
သီချင်းဆိုကာ သံစုံကျူးလို့၊ ရယ်ရွှင်မြူးတူး ပျော်စဖွယ်။
မျိုးနွယ်သက်ရှယ် အစဉ်လှလို့၊ တင့်တယ်ဝင်းပ သားနားတယ်။
နတ်စည်းစိမ်တွေ လွှန်ခံစားလို့၊ တန်ခိုးရှင်များ ဖြစ်ကြတယ်။
နတ်ဘုံနတ်ပြည် ခြောက်ထပ်ဆင့်လို့၊ ထို့ထက်မြင့်က ဗြဟ္မာနှစ်ဆယ်။
ဈာန်ကုသိုလ်တွေ ရှုမှတ်ပွားတော့၊ ဗြဟ္မာများလဲ ဖြစ်ကြတယ်။
ကာမဂုဏ်အာရုံ လုံးဝကင်းသဖြင့်၊ ကြည်လင်သန့်ရှင်း ငြိမ်သက်တယ်။
မှတ်ကွယ်....မှတ်ကွယ်။ ။

www.dhammaransi.com

# နိဂုံး အမှာ

အန္ဓိဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

ဤလောက လူအပေါင်းတို့သည် ပညာမျက်စိ မရှိကြသဖြင့် အကန်းသဖွယ် ဖြစ်၍ နေကြကုန်၏။ ဤလောက လူအပေါင်းတွင် အနည်းငယ်မျှသာလျှင် အနိစ္စ ဒုက္ခ အနတ္တ စသည်ဖြင့် ရှုမြင်နိုင်ကြ၏။ ငှက်မုဆိုး၏ ပိုက်အတွင်းမှ လွတ်မြောက်သွားသော ငှက်သည် နည်းပါးလှဘိသကဲ့သို့ အနည်းငယ်သော သူသည်သာလျှင် လူ့ပြည် နတ်ပြည် နိဗ္ဗာန်ဆီသို့ သွားရောက်နိုင်ကြပါပေသတည်း။ [ဓမ္မပဒ၊ ပေသကာရဓိတာ ဝတ္ထု]

## လူဖြစ်လာရ ခဏ

ပုထုဇဉ် သတ္တဝါ မှန်သမျှဟာ မောဟ အဝိဇ္ဇာ ဖုံးလွှမ်းကြတဲ့ အတွက်ကြောင့် လူ့ရွာ နတ်ပြည် နိဗ္ဗာန်ဆီသို့ ရောက်ရှိကြရန်မှာ လွန်စွာ နည်းပါးလှပါတော့တယ်။ ယခုဘဝမှာ နတ်ပြည် နိဗ္ဗာန် ရောက်ရန်အရေး အခွင့်မကြုံသေးသော်လဲ အင့်မတန် ရခဲလှတဲ့ လူ့ဘဝကို ရရှိလာကြရခြင်းဟာ

www.dhammaransi.com



ကုသိုလ်ကံ အကျိုးပေး မသေးလှလို့ ဖြစ်ပါတယ်။ ဒါ့အပြင် ဗုဒ္ဓသာသနာ ခေတ်ကြီးအတွင်းမှာ လူဖြစ်လာရခြင်းဟာလဲ အလွန့်အလွန် ကုသိုလ်ကံထူးကြလို့သာ အကျိုးထူးခံစားကြရခြင်း ဖြစ်ပါတော့တယ်။

## ဘဝပဒေသာပင်ကြီး

အမှန်စင်စစ် လူ့ဘဝ လူဖြစ်လာရခြင်းဟာ နတ်ဘဝ နတ်ဖြစ်ရခြင်းထက် သာလွန်နှစ်သက်ဖွယ် ဖြစ်တယ်လို့ ဆိုချင်ပါတော့တယ်။ ဘာကြောင့်ဆိုယင် လူ့ဘဝ လူ့ဒံဖြစ်မှာ သဗ္ဗညု ဘုရားဆုလဲ ပန်နိုင်တယ်။ အဂ္ဂသာဝက မဟာသာဝကဆုလဲ ပန်နိုင်တယ်။ ကုသိုလ်အမျိုးမျိုးတို့ကိုလဲ ပြုနိုင်တယ်။ ဒါကြောင့် လူ့ဘဝဟာ "ဘဝ ပဒေသာပင်ကြီး" ဖြစ်တယ်လို့ ဆိုနိုင်ပါတော့တယ်။

## ကံသာအမိ ကံသာအဖ

လူ့ဘဝ လူဖြစ်လာကြရတာဟာ အမှန်စင်စစ် "ကံ"ကြောင့် ဖြစ်လာကြရတာ သေချာပါတယ်။ ကံသာအမိ ကံသာအဖလို့ ဆိုရိုးပြုလေ့ ရှိကြပါတယ်။ ကံ-ဆိုတာကတော့ (သုတ္တန်နည်းအရပြောရယင်) အလုပ်ဖြစ်ပါတယ်။ (အဘိဓမ္မာနည်းအရ ပြောရယင်တော့) စေတနာ ဖြစ်ပါတယ်။ [စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ-ရဟန်းတို့၊ စေတနာကို ကံဟု ငါဘုရား မိန့်တော်မူ၏။]

အဲဒီကံ(စေတနာ)ဟာ ဖြစ်ပြီးယင် ချက်ချင်း ချုပ်သွားရပေမယ့် ကံရဲ့ သတ္တိကတော့ ကျန်ရှိနေရစ်ခဲ့ပါသေးတယ်။ အဲဒီ ကျန်ရှိနေရစ်ခဲ့တဲ့ သတ္တိဟာ အကျိုးပေးဖို့ရန် အခွင့်မကုန်သေးသမျှ အမြဲလိုက်ပါ၍ နေပါတော့တယ်။

ဒါဟာ ကံ,ကံရဲ့ အကျိုးပေးမှုသဘော ဖြစ်ပါတယ်။ ဒီ ကံ, ကံရဲ့ အကျိုးပေးမှု သဘောကို လူတိုင်း လူတိုင်း ခွဲခြားပြီး သိရှိကြဖို့ လိုအပ်ပါတယ်။

## မိစ္ဆာဒိဋ္ဌိ

ကံ, ကံရဲ့ အကျိုးပေးပုံ သဘောကို ခွဲခြားပြီး မသိယင် မကောင်းတဲ့ အမှုကို အကောင်းထင်၊ ကောင်းတဲ့အမှုကို မကောင်း ထင်တတ်ပါတယ်။ အဲဒီလို အထင်မှားမှု အမြင်မှားမှု ဖြစ်တာကို မိစ္ဆာဒိဋ္ဌိလို့ ခေါ်ပါတယ်။ မိစ္ဆာဒိဋ္ဌိအယူ ယူမိယင်တော့ "ကံ,ကံရဲ့ အကျိုးမရှိ။ ပရလောကဆိုတာမရှိ။ လှူဒါန်းခြင်းဟာ အကျိုးမရှိ။ အလုံးစုံကို အကုန်သိတဲ့ဘုရားဆိုတာ မရှိ" ဆိုတဲ့ အယူကို ယူမှားမိတော့တာပါပဲ။

အဲဒီလို အယူမှားမိတဲ့အပြစ်ဟာ သာမန်အပြစ် မဟုတ်ပါဘူး။ မိမိအတွက် ဘဝအဆက်ဆက် နစ်နာစေနိုင်တဲ့ အပြစ်ကြီးသာ ဖြစ်ပါတော့တယ်။

www.dhammaransi.com


ဘုရားရှင်က "ဘိက္ခုတို့၊ အယူမှားခြင်းဆိုတဲ့ မိစ္ဆာဒိဋ္ဌိလောက် မဖြစ်သေးတဲ့ အကုသိုလ်ကို ဖြစ်စေနိုင်တဲ့တရား၊ ဖြစ်ပြီးတဲ့ အကုသိုလ်ကို တိုးပွားစေနိုင်တဲ့ တရားကို ငါဘုရား မြင်တော်မမူ"လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

## အမြတ် နှင့် အရှုံး

"ပရလောက ရှိတယ်"လို့ ယူဆတဲ့သူဟာ နောက်ဘဝမှာ ဖြစ်ရအုံးမယ့် အရေးကို တွေးပြီး ဒီဘဝမှာ ကောင်းတဲ့အမှုကိုသာ ပြုပါတော့တယ်။ ဒါကြောင့် လူကောင်းတယောက် ဖြစ်နိုင်ပါတယ်။ "ပရလောကဆိုတာ မရှိဘူး"လို့ ယူဆတဲ့ သူကတော့ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ သူ့အတွက် အကျိုးရှိမယ်ထင်ယင် ပြုလုပ်တော့တာပါပဲ။

ဒါကြောင့် ယုံကြည်စိတ်ချရတဲ့ လူကောင်းတယောက် ဖြစ်မလာနိုင်တော့ပါဘူး။ ယခုဘဝ လူကောင်းဖြစ်တဲ့သူဟာ ပရလောကဆိုတာ အမှန်ရှိလေတော့ ကောင်းရာဘဝသို့ ရောက်ဖို့သာ ရှိပြီး မကောင်းတဲ့သူကတော့ မကောင်းရာဘဝသို့ သွားရဖို့သာ ရှိပါတော့တယ်။

"ပရလောက ရှိတယ်"လို့ ယူဆတဲ့ သူကတော့ ယခုဘဝမှာရော နောက်ဘဝမှာပါ အကျိုးအမြတ် ထွက်နိုင်ပြီး၊ "ပရလောကမရှိဘူး"လို့ ယူဆတဲ့ သူကတော့ ယခုဘဝရော နောင်ဘဝပါ နှစ်ဘဝလုံး အရှုံးထွက်ရတော့မှာ သေချာလှပါတော့တယ်။

## ယက်ကန်းသည်မလေး ဝတ္ထု

ဘုရားရှင်လက်ထက်က အာဠဝီပြည်မှာ ယက်ကန်းသည်မလေးတဦး ရှိခဲ့ပါတယ်။ အဲဒီယက်ကန်းသည်မလေးဟာ ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်ကို ကြားနာခဲ့ရပြီး၊ မရဏဿတိဘာဝနာကို သုံးနှစ်သုံးမိုး ပွားများကာ နေခဲ့ပါတယ်။

တနေ့မှာ အာဠဝီပြည်သို့ ဘုရားရှင် ကြွတော်မူလာပြီး တရားဟောကြားတော်မူစဉ်မှာ ယက်ကန်းသည်မလေးဟာ တရားပွဲသဘင်နဲ့ မလှမ်းမကမ်း နေရာသို့ ရောက်ရှိလာပါတယ်။ သူ့ဖခင်ရဲ့ ယက်ကန်းအလုပ်ရုံသို့ ရက်ဖောက်များ သွားပို့ယင်း ရောက်ရှိလာခြင်း ဖြစ်ပါတယ်။ ဒီအခါဘုရားရှင်က သူ့ကို အနီးသို့လာစေလိုတဲ့ သဘောနဲ့ မျှော်ပြီး ကြည့်တော်မူတာကိုတွေ့မြင်ရတာနဲ့ ယက်ကန်းသည်မလေးဟာ ဘုရားရှင်ရဲ့အနီးသို့ ချဉ်းကပ်လာပြီး ရှိခိုးလျက် နေပါတော့တယ်။

ဒီအခါ ဘုရားရှင်က ''အို....မိန်းကလေး၊သင် ဘယ်ကလာသလဲ''လို့ မေးတော်မူပါတယ်။ ယက်ကန်းသည်မလေးက ''မသိပါဘုရား''လို့ဖြေဆိုလိုက်ပါတယ်။ ''ဘယ်ကိုသွားမလဲ''လို့မေးတဲ့အခါမှာလဲ ''မသိပါဘုရား''လို့ပဲ ဖြေဆိုပြန်ပါတယ်။ ''မသိဘူးလား''လို့မေးတဲ့အခါ ''သိပါတယ်ဘုရား'' လို့ ဖြေဆိုပြီး၊ ''သိသလား''မေးပြန်တော့ ''မသိပါဘုရား''လို့ ဖြေဆိုပြန်ပါတယ်။

ဒီအခါ တရားနာပရိသတ်တို့က ''ဒီယက်ကန်းသည်မလေးဟာဘုရားရှင်မေးတာကိုပြောင်ချော်ချော်လုပ်ပြီး ဖြေနေတယ်။ဘယ်ကလာလဲမေးတာကို အိမ်ကလာတယ်လို့ ဖြေရောပေါ့၊ဘယ်သွားမလဲ

မေးတာကို ယက်ကန်း အလုပ်ရုံသွားမယ်လို့ ဖြေသင့်တယ်။ မသိဘူးလား မေးတော့ သိပါတယ်တဲ့၊ သိသလားလို့ မေးပြန်တော့လဲ မသိဘူးလို့ဆိုပြန်တယ်။ ဒီကောင်မလေးဟာ ထင်ရာတွေ ရှောက်ပြော နေတာပဲ''ရယ်လို့ အထင်မှားကုန်ကြပါတော့တယ်။


ဒီအခါ ဘုရားရှင်က ယက်ကန်းသည်မလေးကို ထပ်မံပြီး မေးတော်မူပြန်ပါတယ်။ယက်ကန်း သည်မလေးက''မြတ်စွာဘုရား၊ တပည့်တော်မ အိမ်ကလာတယ်ဆိုတာကိုတော့ အများပဲသိရှိနေကြ ပါတယ်။ ဘုရားရှင်ဟာ အကျိုးရှိတဲ့စကားကိုသာ ဆိုတော်မူတတ်လို့ မေးသင့်တဲ့အရာဟု မထင်ပါ။ ဒါ့ကြောင့် ''ဘယ်ကလာသလဲ'' မေးတာဟာ ''ဘယ်ဘ၀က လာသလဲ''လို့ မေးလိုရင်းဟု ထင် ပါတယ်။ ''ဘယ်ဘ၀ကလာခဲ့တယ်'' ဆိုတာကို တပည့်တော်မ မသိနိုင်ပါ။ဒါ့ကြောင့် ''မသိပါ ဘုရား''လို့ ဖြေရပါတယ်။ ''ဘယ်သွားမလဲ''မေးတာဟာလဲ''ဘယ်ဘ၀ကိုသွားမလဲ''လို့ မေးလိုရင်း ထင်ပါတယ်။ ''ဘယ်ဘ၀သို့ သွားရမယ်''ဆိုတာကို တပည့်တော်မ မသိနိုင်ပါ။ဒါ့ကြောင့်''မသိပါ ဘုရား''လို့ ဖြေရပါတယ်။

ဒါ့အပြင်''မသိဘူးလား'' မေးတာဟာ ''သေရမည်ကို မသိဘူးလား'' လို့ မေးလိုရင်း ထင်ပါတယ်။ တပည့်တော်မဟာ တနေ့နေ့တချိန်ချိန်မှာ မလွဲကေန် သေရမှာကို သိနေပါတယ်။

---

[၃၉] ဘုရားရှင်၏အမေးစကားကို ယက်ကန်းသည်မလေးက ပြန်ကြားလျှောက်ထားနေပုံ။

www.dhammaransi.com



www.dhammaransi.com

ဒါကြောင့် "သိပါတယ်ဘုရား" လို့ ဖြေရပါတယ်။ ဒါ့အပြင် "သိသလား" လို့ မေးတဲ့ အမေးကတော့ "ဘယ်အချိန်မှာ သေရမယ်ဆိုတာ အတိအကျ သိသလား" လို့ မေးလိုရင်း ထင်ပါတယ်။ ဘယ်အချိန် ဘယ်အခါမှာ သေရမယ်ဆိုတာကို တိတိကျကျ မသိရတဲ့အတွက် တပည့်တော်မ "မသိပါဘုရား" လို့ ဖြေဆိုရခြင်း ဖြစ်ပါတယ်လို့ လျှောက်ထားပါတယ်။

ဒီအခါ ဘုရားရှင်က အဖြေလေးခုလုံးကို အသီးသီး သာဓုခေါ်တော်မူပါတယ်။ အဲဒီနောက် အထက်တွင် ဖော်ပြခဲ့တဲ့ "အန္ဓဘူတော အယံလောကော" အစချီတဲ့ဂါထာဖြင့် တရားဒေသနာတော်ကို ဟောကြားတော်မူပါတယ်။ ယက်ကန်းသည်မလေးလဲ တရားနာကြားယင်း ဝိပဿနာတရားကို ရှုမှတ်ပွားများခဲ့တဲ့ အတွက် တရားအဆုံးမှာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကာ သောတာပန် ဖြစ်သွားခဲ့ရပါတော့တယ်။

တကျော့ရင်းခံ ကံစီမံ

ပုထုဇဉ်ဘဝဆိုတာ ဂတိမြဲသေးတာ မဟုတ်ပါဘူး။ အထက်က ယက်ကန်းသည်မလေးဖြေဆိုခဲ့သလို ဘယ်ဘဝကလာသလို့ ဘယ်ဘဝသို့ ရောက်ရလိမ့်အုံးမယ်ဆိုတာ မသိနိုင်ကြသေးပါဘူး။ "ကံ" ရုပ်သေးဆရာ စီမံရာကို နာခံပြီး ဘဝသစ်တွေ အဖန်ဖန် အထပ်ထပ် ဖြစ်နေကြရပြန်ပါတော့တယ်။

www.dhammaransi.com



## လယ်မြေ, မျိုးစေ့, ရေ

ဒီလို ပုထုဇဉ်သတ္တဝါတွေမှာ "ဘဝသစ်"ဆိုတဲ့ "အပင်" ပေါက်လာဖို့ဟာ ပေါက်ပွားစည်ပင်ရာ "လယ်မြေ"နဲ့တူတဲ့ "ကံ" ကလဲ ရှိနေပြန်လို့၊ "မျိုးစေ့" နဲ့ တူတဲ့ "ကုသိုလ်စိတ် အကုသိုလ်စိတ် ဝိညာဏ်"ကလဲ ရှိနေပြန်လို့၊ ဒါ့အပြင် "ဘဝသစ်အပင်"ပေါက်လာနိုင်ဖို့"ရေအစိုဓာတ်"နဲ့တူတဲ့ "တဏှာ" ကလဲ ရှိနေပြန်လို့ "ဘဝသစ်အပင်" ဟာ ရှင်သန်ပေါက်ပွားလာရခြင်းဖြစ်ပါတော့တယ်။

## အသင့်ပြင်

ဒီလို ဘဝသစ်အပင် ရှင်သန်ပေါက်ပွားလာရခြင်းရဲ့သဘောတွေကို တွေးတောမိကြသူတိုင်းဟာ ယခု ပစ္စုပ္ပန်ဘဝမှာ ကုသိုလ်ကောင်းမှုပစ္စည်းစုကို ကြိုးစားစုဆောင်းပြီး အသင့်ပြင်ဆင်ထားသင့်ကြပါတော့တယ်။ သို့မှသာ နောင်ဘဝအရေး စိတ်အေးကြရပါလိမ့်မယ်။

ကုသိုလ်တရားကို နေ့စဉ်ပွားများနေကြသူများအဖို့မှာတော့ အပါယ်ဒုဂ္ဂတိသက် ကောင်းရာသုဂတိဘက်သို့သာ လားရောက်ကြရန် အခွင့်သာလျက် ရှိနေကြပါတော့တယ်။ ဒါကြောင့် ကြောက်စရာမရှိ၊ ပူပန်စရာ ဘာမျှမရှိ။ နောက်ဘဝ ရောက်ရမည့်ဘဝဟာ ယခု ပစ္စုပ္ပန်ဘဝထက် သာလွန်မယ့်အရေး၊ ကောင်းစားမယ့်အရေးကို တွေးကာ ပျော်စရာပင် ကောင်းနေကြပါလိမ့်မယ်။

www.dhammaransi.com

ဒါကြောင့် နေ့ဘဝကောင်းစားရေး မျှော်တွေး၍လည်းကောင်း၊ တဏှာအရင်းခံ ကံ့ကံရဲ့ အကြောင်းတရား၊ အကျိုးတရားတို့ကို နှလုံးသွင်း ရှုမှတ်၍လည်းကောင်း၊ လောကီကောင်းကျိုးချမ်းသာ လောကုတ္တရာကောင်းကျိုးချမ်းသာ အဖြာဖြာတို့အတွက် ဆဘက်ထမ်းပိုးကြိုးစား၍ ကုသိုလ်တရား တိုးပွားနိုင်ကြပါစေလို့ ဆုတောင်းဆန္ဒပြုယင်း နိဂုံးချုပ်လိုက်ရပါတော့တယ်။

"ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းနိုင်ကြပါစေ...."

ဦးနန္ဒ ဝိဇ္ဇာ(ဂုဏ်ထူး)၊ ဒီဂျေ

၁၃၄၂-ခုနှစ်၊ ဝါခေါင်လပြည့်နေ့တွင် ဘုံဘဝစာမူပြီး၏။

www.dhammaransi.com

ဦးနန္ဒ - ဝိဇ္ဇာ (ဂုဏ်ထူး)၊ ဒီဂျေ

ရေးသားပြုစုသောစာအုပ်များ



| | | |
|---|---|---|
| ၁။ | ကောင်းကျိုးချမ်းသာ မင်္ဂလာ ပုံပြတရားတော် | ၁၂-ကျပ် |
| ၂။ | ဘုံဘဝ ပုံပြတရားတော် | ၁၂-ကျပ် |
| ၃။ | ဘုရား, တရား သံဃာ မြတ်ရတနာ ပုံပြတရားတော် | ၁၂-ကျပ် |



ပင်ရင်းဖြန့်ချီရေး

**သိရိရတနာ စာပေတိုက်**

၁၆၆၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

www.dhammaransi.com

# ဤစာအုပ်သည်

ဗုဒ္ဓဘာသာဝင် လူငယ် လူရွယ်များအတွက် အထူးရည်ရွယ်လျက် တင်ဆက်ထားပါသည်။ သို့ရာတွင် ကျမ်းကြီးကျမ်းဂန်များကို ဖတ်ရှုရန် အချိန်မရကြသည့် လူကြီးများအဖို့လည်း အလွယ်တကူ ဖတ်ရှုသိသာနိုင်ပါသည်။

ဂတိငါးပါး၊ ဘုံဘဝများ၊ ပရလောက၊ ၃၁-ဘုံ၊ လောကသုံးပါးစသည့် အကြောင်းအရာများကို ဖတ်ရှုဖွယ်ကောင်းအောင် စီစဉ်ထားပါသည်။ အထူးသဖြင့် စိတ်ဝင်စားရေးကို အလေးပေးသည့် အနေဖြင့် ဝတ္ထုသာဓက အများအပြားကို မကြားမလပ်အောင် ထည့်သွင်းဖော်ပြထားပါသည်။

**ဖတ်ရှုသူ တိုင်း....**

သံဝေဂဉာဏ်၊ ရင့်သန်တိုးပွား၊ အကျိုးများနိုင်ကြပါစေ။

သတိသမ္ပဇဉ်၊ ဉာဏ်ယှဉ်တရား၊ ကြီးစားပွားများနိုင်ကြပါစေ။ ။